# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily



**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများ ဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)


၁၃၈၂ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက် | ၂၀၂၀ ပြည့်နှစ်၊ မေ ၁၉ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၉)၊ အမှတ် (၁၉၉)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အားလုံးကို တတ်နိုင်သလောက် ထည့်သွင်းစဉ်းစားပြီး နိုင်ငံတော်အနေနဲ့ လိုအပ်သလို ညွှန်ကြား၊ ညှိနှိုင်းသွားမည်ဖြစ်ကြောင်း သတင်းစကားပါး




**နေပြည်တော် မေ ၁၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အားလုံးကို တတ်နိုင်သလောက် ထည့်သွင်းစဉ်းစားပြီး၊ နိုင်ငံတော်အနေနဲ့ လိုအပ်သလို ညွှန်ကြား၊ ညှိနှိုင်းသွားမည်ဖြစ်ကြောင်း ၎င်း၏ ဖေ့စ်ဘွတ် စာမျက်နှာမှ ယနေ့တွင် အောက်ပါ အတိုင်း သတင်းစကားပါး ရေးသားထားသည် -

ရန်ကုန် မြို့နယ်အချို့အတွက် နေအိမ်တွင်သာနေထိုင်ရန် အမိန့်ထုတ်ပြန်ခြင်းအပေါ် ပြည်သူတွေရဲ့ ထင်မြင်ချက်များ တက်လာပါတယ်။ ကျန်းမာရေးရှုထောင့်၊ သွားလာရေးရှုထောင့်၊ ဝမ်းစာရေးရှုထောင့်၊ အမြင်အမျိုးမျိုးပါ။

အားလုံးကို တတ်နိုင်သလောက် ထည့်သွင်းစဉ်းစားပြီး၊ မရှိမဖြစ်လုပ်ငန်းများ ဆက်လည်ပတ်နိုင်အောင်၊ အလုပ်သမားလျှော့ချတာ၊ လခလျှော့ချတာတွေလည်းမဖြစ်ရအောင်၊ နိုင်ငံတော်အနေနဲ့ လိုအပ်သလို ညွှန်ကြား၊ ညှိနှိုင်းပါမယ်။ အလုပ်ဆင်းသူတွေ ကျန်းမာရေးညွှန်ကြားချက်တွေနဲ့ ကိုက်ညီစွာ သွားလာလုပ်ကိုင်နိုင်အောင်၊ သက်ဆိုင်ရာဌာနများ၊ လုပ်ငန်းများ၊ ညှိပြီးလုပ်သွားပါမယ်။

ထပ်ပြီးပြောပါရစေ၊ ပြည်သူတွေ ပူးပေါင်းဆောင်ရွက်ခြင်းက အဓိကပါ။ ဒီအခြေအနေဟာ ဘယ်သူ့အတွက်မှ မလွယ်ပါဘူး။

မနေ့က (မြန်မာသက္ကရာဇ် ၁၃၈၂ ခုရဲ့ နှစ်ဆန်း (၁)ရက်နေ့) ဝေဘာဂီ ကူးစက်ရောဂါဆေးရုံမှာ COVID-19 စစ်ပွဲကြီးကို ရှေ့တန်းကတိုက်ပေးနေတဲ့ ကျန်းမာရေးဝန်ထမ်းနှစ်ဦး၊ စေတနာ့ဝန်ထမ်းတစ်ဦးတို့နဲ့ video တွေ့ဆုံဆွေးနွေးပွဲ လုပ်ခဲ့ပါတယ်။

*စာမျက်နှာ ၃ ကော်လံ ၁* ✤

**"အားလုံးကို တတ်နိုင်သလောက် ထည့်သွင်းစဉ်းစားပြီး၊ မရှိမဖြစ်လုပ်ငန်းများ ဆက်လည်ပတ်နိုင်အောင်၊ အလုပ်သမားလျှော့ချတာ၊ လခလျှော့ချတာတွေလည်းမဖြစ်ရအောင်၊ နိုင်ငံတော်အနေနဲ့ လိုအပ်သလို ညွှန်ကြား၊ ညှိနှိုင်းပါမယ်။ အလုပ်ဆင်းသူတွေ ကျန်းမာရေးညွှန်ကြားချက်တွေနဲ့ ကိုက်ညီစွာ သွားလာလုပ်ကိုင်နိုင်အောင်၊ သက်ဆိုင်ရာဌာနများ၊ လုပ်ငန်းများ၊ ညှိပြီးလုပ်သွားပါမယ်"**

## ကိုဗစ် - ၁၉ ကူးစက်ခံလူနာအချို့တွင် ထူးဆန်းသည့် ဦးနှောက်ကစဉ့်ကလျားဖြစ်မှု ပုံစံတစ်မျိုးတွေ့ရှိ

နိုင်ငံတကာသတင်း စာ ၁၂

## ရုရှားတွင် ကိုဗစ်-၁၉ နေ့စဉ်ကူးစက်ခံရမှု ဆက်လက်မြင့်တက်၊ လူပေါင်း ၃၀၀၀၀ ကျော် ကူးစက်ခံထားရ

နိုင်ငံတကာသတင်း စာ ၁၃

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၈-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

စာ ၁၆




# မိမိအကျိုး၊ အများအကျိုးအတွက် မိမိနေအိမ်တွင်သာ နေထိုင်

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်အချို့ရှိ ပြည်သူများ မိမိနေအိမ်တွင်နေထိုင်ရန် အမိန့်တစ်ရပ်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်လိုက်သည်။ ရည်ရွယ်ချက်မှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရေးအတွက် ဖြစ်သည်။ တစ်ဖက်တွင်လည်း အမိန့်တွင် အကျုံးဝင်သည့် မြို့နယ်များအတွင်း နေထိုင်ကြသည့် ပြည်သူများ မဖြစ်မနေဆောင်ရွက်ကြရမည့် ကိစ္စများအတွက်မူ အကန့်အသတ်ဖြင့် ခွင့်ပြုထားသည်။ မလိုအပ်ဘဲ အပြင်မထွက်ဖို့က အဓိကဖြစ်ပြီး လိုက်နာကျင့်သုံးကြခြင်းဖြင့် မိမိအတွက်ရော အများအတွက်ပါ အကျိုးပြုနိုင်မည်ဖြစ်သည်။

အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးက လေထုထဲမှတစ်ဆင့် ကူးစက်နိုင်သလို အရာဝတ္ထုများကို ကိုင်တွယ်ထိတွေ့မိကြရာမှလည်း ကူးစက်နိုင်ကြောင်း တောရော မြို့ပါ လူတိုင်းလောက်နီးနီး သိရှိနားလည်ထားကြပြီးဖြစ်သည်။ သို့ရာတွင် ဗိုင်းရပ်စ်ပိုးသည်လည်းကောင်း၊ ဗိုင်းရပ်စ်ကူးစက်ခံရမှုကြောင့် ခံစားရသည့် ရောဂါဝေဒနာသည်လည်းကောင်း မမြင်နိုင်မတွေ့နိုင်သည့်အလျောက် မျက်ကန်းတစ္ဆေ မကြောက်သည့်သဖွယ် အလေးဂရုမပြုကြသူလည်း အများအပြားရှိနေသည်ကို တွေ့ရသည်။

ကိုဗစ်-၁၉ ရောဂါ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်လာခဲ့ပြီးနောက် ကူးစက်ပျံ့နှံ့မှုများဖြစ်ပွားခဲ့သည့် ရာဇဝင်များအရ မိတ်ဆွေချင်း သာမန်ပြောဆိုဆက်ဆံခြင်း၊ မိသားစုဝင်များအတွင်း ဆက်ဆံခြင်း၊ လုပ်ငန်းခွင်၌ ဆက်ဆံခြင်း၊ လူစုလူဝေး ပြုလုပ်ခြင်း စသည်ဖြင့် လူလူချင်း ပြောဆိုဆက်ဆံမှု၊ သာမန်သွားလာမှုများမှ ကူးစက်ခြင်းဖြစ်သည်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များ၌ မိမိတို့ ဖတ်ရှုကြားသိကြရပြီးဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန်၊ ဖြတ်တောက်ရန်မှာ လူများအချင်းချင်း ထိတွေ့မှု၊ ပြောဆိုဆက်ဆံမှုတို့ကို လျှော့ချရန်၊ အကွာအဝေးကို ရောဂါပိုးမကူးစက်နိုင်သည့် အကွာအဝေးထိ ခွာပြီးနေကြရန်၊ အခြားသူမှ မိမိထံသို့လည်းကောင်း၊ မိမိထံမှ အခြားသူထံသို့လည်းကောင်း ကူးစက်မှုမရှိစေရန်အတွက် ပါးစပ်နှင့် နှာခေါင်းစည်းကို အပြင်ထွက်တိုင်း တပ်ဆင်ထားရန် လိုအပ်လာသည်။

ယခုအခါ မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်ရှိ မြို့ရွာများတွင် လူဝင်လူထွက်များ ကန့်သတ်ခြင်း၊ မြို့ရွာတွင်းမဝင်မီ ကိုယ်ပူချိန်တိုင်းခြင်း၊ လက်ဆေးစေခြင်း၊ ပါးစပ်နှာခေါင်းစည်းတပ်စေခြင်း၊ ပြည်ပနှင့် အခြားဒေသတစ်ခုခုမှ ပြန်လာသည့် ဒေသခံများကို စောင့်ကြည့်ခြင်း၊ အရောင်းအဝယ် ထူထပ်များပြားသည့် ဈေးများကို ခွဲထုတ်ကာ ဈေးရောင်းဈေးဝယ်များအကြား ခပ်ခွာခွာရောင်းဝယ်စေခြင်း၊ ပိုးသတ်ဆေးများပက်ဖျန်းခြင်း စသည်တို့ကို တာဝန်ရှိသူများ ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ၏ စုပေါင်းအင်အားဖြင့် ဆောင်ရွက်လျက်ရှိရာ အားလုံး၏ တစ်ခုတည်းသောဦးတည်ချက်မှာ ကူးစက်ရောဂါကြိုတင်ကာကွယ်ရေးအတွက်ဖြစ်သည်။

မိမိတို့ရင်ဆိုင်နေရသည့် ဘုံရန်သူမှာ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဖြစ်ပြီး ယခင်က ကြုံတွေ့ခဲ့ရဖူးခြင်းမရှိသည့် ရောဂါပိုးမွှားအသစ်ဖြစ်သည့်အလျောက် ကာကွယ်ရန်ဆေး၊ ကုသရန်ဆေးတို့မှာလည်း ရှာဖွေဆဲအဆင့်၊ စမ်းသပ်ဆဲအဆင့်မှာသာ ရှိသေးသည်။ ဆေးမရှိသေးသည့်ရောဂါကို ကြိုတင်ကာကွယ်ခြင်းဖြင့်သာ ရှောင်ရှားကြရမည်ဖြစ်ပြီး ကြိုတင်ကာကွယ်ရန်မှာလည်း မိမိတို့၏ နေ့စဉ်ပြုလုပ်နေကျ အလေ့အထ၊ အမူအကျင့်တချို့ကို ထိန်းချုပ်ကြရမည့် နည်းလမ်းကသာ အကောင်းဆုံးဖြစ်နေသည့်အလျောက် မလိုအပ်ဘဲ အပြင်မထွက်ခြင်း၊ မိမိအိမ်မှာသာ နေကြခြင်းဖြင့် ကပ်ရောဂါကို ကျော်လွှားနိုင်ကြပါစေကြောင်း။ ။

## Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆–၃–၂၀၂၀) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် –

| | | | |
|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – CF 004880 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – EDN 600010 |
| ( ခ ) | ကမ္ဘောဇဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – 034 103 034 0232 8301 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – 034 109 034 0232 8301 |
| ( ဂ ) | ရောဝတီဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – A/C 000 110 501 002 5635 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – 0093 1005 0000 1333 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ**

# ကိုဗစ်–၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအဖွဲ့မှ ကျောက်ဖြူမြို့တွင်းသို့ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

ကျောက်ဖြူ မေ ၁၈

ကိုဗစ်–၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအဖွဲ့မှ အသိပညာပေးရေးနှင့် သတင်းစုဆောင်းထုတ်ပြန်ရေးလုပ်ငန်းကော်မတီအဖွဲ့က ယမန်နေ့က ကျောက်ဖြူမြို့ပေါ်ရပ်ကွက်များသို့ လိုက်လံ၍ အသိပညာပေးခြင်းလုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ (ယာပုံ)



မေ ၁၅ ရက်က ပြည်နယ်အဆင့် ထိန်းချုပ်ရေးနှင့်အရေးပေါ် တုံ့ပြန်ရေးကော်မတီအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်ပါ အချက် ခြောက်ချက်ကို ခရိုင်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်မင်းထိုက်နှင့် တပ်ဖွဲ့ဝင်များ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်သန်းနိုင်နှင့် ဝန်ထမ်းများ ပူးပေါင်း၍ ပြည်သူများ လိုက်နာရမည့် အချက်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားရာဒေသမှ ပြန်လာသူများ ခွင့်သွားစဉ်၊ အိမ်တွင်နေထိုင်စဉ် လိုက်နာရမည့်အချက်များ၊ ရောဂါဖြစ်ပွားသူနှင့်အတူနေ မိသားစုဝင်များ လိုက်နာရန် အချက်များအား အသံချဲ့စက်ဖြင့် မြို့ပေါ်ရပ်ကွက်များကို လိုက်လံအသိပေး နှိုးဆော်မှုများ ဆောင်ရွက်ခဲ့ကြသည်။ အိမ်နှင့် သတ်မှတ်အဆောက်အအုံများ အသွားအလာကန့်သတ် စောင့်ကြည့်ထားရှိသော အခြေအနေများ၊ ကိုဗစ်–၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက်များအား အသိပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ဖြိုးဝေလင်း(ပြန်/ဆက်)

## မိဘပင်စင်စားများသို့ ပန်ကြားချက်

၁။ မြန်မာ့စီးပွားရေးဘဏ်များတွင် ပင်စင်လစာ ထုတ်ယူခြင်းများကို လစဉ်ရုံးဖွင့်ရက် (၂၁) ရက်နေ့ တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူရန် မလိုအပ်ဘဲ မိမိအဆင်ပြေမည့် အခြားဘဏ်ဖွင့်သည့် ရက်များတွင်လည်း လွယ်ကူအဆင်ပြေစွာ ထုတ်ယူနိုင်ရန် ဆောင်ရွက်ပေးထားပြီး ပင်စင်စားများသို့လည်း အသိပေးအကြောင်းကြားထားပြီး ဖြစ်ပါသည်။

၂။ ထို့အပြင် ပင်စင်လစာငွေများကို ဘဏ်တွင် ငွေစာရင်းဖွင့်လှစ်ထည့်သွင်း၍ လိုအပ်ချိန်တွင် အဆိုပါငွေစာရင်းမှ ထုတ်ယူခြင်းဖြင့်လည်းကောင်း၊ ATM စာရင်းဖွင့်လှစ်၍ ATM စက်များမှ ထုတ်ယူခြင်းဖြင့်လည်းကောင်း၊ Myanmar Mobile Money(MMM) စနစ်နှင့် Wave Money စနစ်တို့ကို အသုံးပြု၍လည်းကောင်း နီးစပ်ရာ Mobile Agent များတွင် ထုတ်ယူနိုင်ရန် ဆောင်ရွက်ပေးထားပြီး ပင်စင်စားများသို့လည်း အသိပေးအကြောင်းကြားထားပြီး ဖြစ်ပါသည်။

၃။ ယခုအခါ မိဘပင်စင်စားများအနေဖြင့် Coronavirus Disease 2019 (COVID–19)ကူးစက်ရောဂါအား ကာကွယ်နိုင်ရေးအတွက် သက်ဆိုင်ရာဘဏ်များတွင် မိမိတို့၏ ပင်စင်လစာငွေများကို လစဉ် (၂၁) ရက် တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူခြင်းအစား လစဉ် (၂၁) ရက်နောက်ပိုင်း ဘဏ်ဖွင့်သည့်ရက်များတွင်လည်း ထုတ်ယူခြင်းဖြင့်လည်းကောင်း Mobile Money စနစ်အသုံးပြု၍ နီးစပ်ရာ Mobile Agent များတွင် ထုတ်ယူခြင်းတို့ဖြင့် လွယ်ကူအဆင်ပြေစွာ ထုတ်ယူကြပါရန် အသိပေးပန်ကြားအပ်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**

# ပြည်သူသာလျှင် အဓိက




✤ *ရှေ့ဖုံးမှ*

ဘယ်လိုအခက်အခဲတွေနဲ့ နိစ္စဓူဝ ရင်ဆိုင်နေရတယ်၊ ပစ္စည်းအင်အား၊ လူအင်အား အကန့်အသတ်တွေကြားထဲက သည်းခံစိတ်ရှည်စွာနဲ့ လူနာတွေရဲ့လိုအပ်ချက်တွေကို ဘယ်လိုဖြည့်ဆည်းပေးနေတယ်ဆိုတာ ကြားရတော့ ကျေးဇူးတင်၊ လေးစား၊ ဂုဏ်ယူမိပါတယ်။

ဆွေးနွေးပွဲကိုနားထောင်တဲ့ ပရိသတ်တွေကလည်း ဒီလိုပဲ ခံစားကြရတယ် ထင်ပါတယ်။ နေမဝင်မီပဲ၊ ဝေဘာဂီရဲ့ လိုအပ်ချက် အဝဝအတွက် တာဝန်ယူမဲ့ အလှူရှင်တစ်ဦး၊ ပစ္စည်းလှူမဲ့ အလှူရှင်တွေ၊ လုပ်အားပံ့ပိုးမဲ့ အလှူရှင်တွေ၊ ဆက်သွယ်လာပါတယ်။ ဒီကနေ့ဆို ဝေဘာဂီဆေးရုံက လူနာတွေ၊ ကျန်းမာရေးဝန်ထမ်းတွေကို ပံ့ပိုးကူညီဖို့ အစီအစဉ်တွေ စတင်ချမှတ် အကောင်အထည်ဖော်နေပါပြီ။

ကိုယ့်ရပ်ကိုယ့်ရွာအတွက်၊ ရောဂါခံစားနေရသူတွေအတွက်၊ အများပြည်သူတွေအတွက်၊ ကိုယ်ကျိုးကို ရှေ့တန်းမတင်ဘဲ၊ တတ်အားသမျှ ပံ့ပိုးပေးနေကြသူအားလုံး ဒီနှစ်သစ်တွင်သာမက အသက်ထက်ဆုံး ချမ်းသာသုခနဲ့ ပြည့်စုံကြပါစေ။

## မိုင်းခတ်ပြည်သူ့ဆေးရုံနှင့် မိုင်းယန်းပြည်သူ့ဆေးရုံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ကျန်းမာရေး ထောက်ပံ့ပစ္စည်းပေးအပ်

**မိုင်းခတ် မေ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် မေ ၁၈ ရက် နံနက် ၈ နာရီက ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် နောင်တုန်ကုမ္ပဏီမှဆောင်ရွက်နေသော ကျိုင်းတုံမြို့တွင်းလမ်းတိုးချဲ့နေမှုနှင့် မြေထိန်းနံရံတည်ဆောက်ပြုပြင်နေမှုတို့ကို ကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြား၍ ကျိုင်းတုံဒုတိယပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အခြေခံလူတန်းစားများအတွက် ထောက်ပံ့နိုင်ရန် ကမ္ဘောဇဘဏ်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းက ဆန်အိတ် ၁၀၀၀ လှူဒါန်းမှုကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးကြသည်။

အဆိုပါလှူဒါန်းမှုတွင် ကမ္ဘောဇဘဏ်မှ တာဝန်ရှိသူက ပေးအပ်ရာ အာခါတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးက လက်ခံရယူကာ ကျိုင်းတုံပြည်သူ့ဆေးရုံသို့ လိုအပ်သော ဆေးဝါးပစ္စည်းများနှင့် အသက်ရှူအထောက်အကူပြုကိရိယာတစ်လုံးကို ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီးက လက်ခံရယူ၍ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ ကာယ၊ ဉာဏ ဝန်ထမ်းများမှ နှာခေါင်းစည်း ၁၀၀၀ ပေးအပ်လှူဒါန်းရာ ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက လက်ခံရယူပေးသည်။

ဆက်လက်၍ မိုင်းခတ်မြို့ ပြည်သူ့ဆေးရုံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် နှာခေါင်းစည်း၊ ရောဂါကာကွယ်ရေးဝတ်စုံ၊ မျက်မှန်၊ လက်အိတ်တို/ရှည်၊ အပူချိန်တိုင်း သာမိုမီတာတို့ကို ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သော ငွေကျပ် ငါးသိန်းကို ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေးတို့က ပေးအပ်ရာ မြို့နယ်ဆရာဝန်ကြီးက လက်ခံရယူသည်။ **(ယာပုံ)**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် မိုင်းယန်းမြို့ ပြည်သူ့ဆေးရုံသို့သွားရောက်ကာ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ပိုးသတ်ဆေးမှုန့်ပုံးကြီး တစ်ပုံး၊ နှာခေါင်းစည်း၊ ရောဂါကာကွယ်ရေးဝတ်စုံ၊ အပူချိန်တိုင်း သာမိုမီတာ၊ မျက်မှန်၊ လက်အိတ်တို/ရှည်တို့ကို ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သော ငွေကျပ် ငါးသိန်းကို အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးကပေးအပ်ရာ မြို့နယ်ဆရာဝန်ကြီးက လက်ခံရယူပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့သည် မိုင်းခတ် အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်ထားသော စောင့်ကြည့်စခန်းမှ နေရပ်ပြန်ပြည်သူများအား သွားရောက်အားပေးစကားပြောကြားကာ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဆန်၊ ဆီ၊ ကြက်ဥတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။



မောင်မောင်သန်း(တောင်ကြီး)



သုံးခွမြို့ အမှတ် (၉)ရပ်ကွက်ရှိ လူမှုကယ်ဆယ်ရေးအသင်းမှ ဦးဆောင်သောအဖွဲ့သည် မေ ၁၇ ရက်က ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ပျဉ်းမကန်ကျေးရွာ၊ ကံမြင့်ကျေးရွာ၊ သုံးခွမြို့မဈေး၊ ဆေးရုံရှေ့၊ ရဲစခန်းဝင်း၊ မြို့ပတ်လမ်း၊ (၂)ရပ်ကွက်(သဇင်လမ်း)၊ ကရင်စု၊ ဦးဘကန်ပတ်လမ်း၊ အနောက်ဘက်ကမ်းမြို့အဝင်မှစ၍ အမှတ်(၉) ရပ်ကွက်မြို့အထွက်အထိ အောင်ဇေယျ လမ်းမကြီးတစ်လျှောက်တို့၌ မော်တော်ယာဉ်နှစ်စီးဖြင့် ပိုးသတ်ဆေးများ လိုက်လံပက်ဖျန်းပေးစဉ်။

ကိုကျော်(သုံးခွ)

## တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

**နေပြည်တော် မေ ၁၈**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ





# ကိုရီးယားသမ္မတနိုင်ငံ၏ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသမှု အတွေ့အကြုံများ ဝေမျှမှု webinar စနစ်ဖြင့်ပြုလုပ်သည့် အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် မေ ၁၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် မေ ၁၇ ရက် နံနက် ၇ နာရီခွဲတွင် ပြုလုပ်ခဲ့သော webinar စနစ်ဖြင့် ပြုလုပ်ခဲ့ပြီး အာရှ၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသနိုင်ငံများမှ COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုလုပ်ငန်းဆောင်ရွက်နေသည့် ပညာရှင်များနှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့သည့် ကိုရီးယားသမ္မတနိုင်ငံ၏ COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသမှု အတွေ့အကြုံများ ဝေမျှမှု အစည်းအဝေးသို့ တက်ရောက်သည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ကိုရီးယားသမ္မတနိုင်ငံ Institute for Global Engagement & Empowerment at Yonsei University ၏ ဥက္ကဋ္ဌ Professor SOHN Myongsei က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုကဲ့သို့ ကိုရီးယားသမ္မတနိုင်ငံ၏ COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသမှု လုပ်ငန်းများကို ငွေကြေးနှင့် စွမ်းအားစုများအား အကျိုးရှိထိရောက်စွာနှင့် စွမ်းရည်မြင့်မားစွာ ဆောင်ရွက်ခဲ့သည့် နည်းဗျူဟာများ (cost effective and efficient measures)၊ အချိန်နှင့် တစ်ပြေးညီ လျင်မြန်စွာတုံ့ပြန်ဆောင်ရွက်ခဲ့မှု (time efficient and responsive) များ စသည့် အတွေ့အကြုံများကို ဝေမျှကာ အားနည်းချက်၊ အားသာချက်များကို ဆွေးနွေးခြင်းသည် မိမိတို့နိုင်ငံအတွက်သာမက ယခု အစည်းအဝေးသို့ တက်ရောက်လာသော အာရှ၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်း နိုင်ငံများအတွက်လည်း အကျိုးရှိစေမည်ဖြစ်ပါကြောင်း။

မိမိတို့မြန်မာနိုင်ငံအနေဖြင့် COVID–19 ဖြစ်ပွားသူဦးရေ ရုတ်ခြည်းတက်မလာစေရန်၊ ရောဂါဖြစ်ပွားသူထံမှ အခြားသူများထံ ရောဂါကူးစက်မှု မရှိစေရန် ကာကွယ်ထိန်းချုပ်မှု လုပ်ငန်းများကို အစွမ်းကုန်တတ်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အခြားနိုင်ငံများနှင့်မတူသော ထူးခြားသည့် အခြေအနေတစ်ခုမှာ ထိုင်းနိုင်ငံတွင် အလုပ်လုပ်နေသော မြန်မာနိုင်ငံသားများ ထောင်သောင်းချီ၍ ပြန်လည်ဝင်ရောက်လာမှုများရှိနေ၍ ထိုသူများမှတစ်ဆင့် ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရန် ကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေရခြင်းသည် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေပါကြောင်း။

ဤ စိန်ခေါ်မှုကို ကျော်လွှားနိုင်ရန် ပြည်သူများ၊ နီးနွယ်ဝန်ကြီးဌာနများ၊ လူမှုအဖွဲ့အစည်းများအားလုံးပူးပေါင်း၍ ဆောင်ရွက်နေသည်ကို အသိပေး ပြောကြားလိုပါကြောင်း။

ထို့အပြင် ယနေ့ webinar အစည်းအဝေးသို့ တက်ရောက်လာသော အာရှ၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများမှ အတွေ့အကြုံများသည် နိုင်ငံအားလုံးအတွက် အကျိုးရှိမည်ဖြစ်ပါကြောင်း၊ ယခု webinar အစည်းအဝေး၌ တင်ပြဆွေးနွေးသည့် presentation များကိုလည်း ပြန်လည်မျှဝေစေလိုပါကြောင်း ပြောကြားသည်။

Graduate School of Public Health ၏ Dean Professor Jonguk Won က လက်ရှိ ကိုရီးယားသမ္မတနိုင်ငံ၏ ရောဂါနှင့် ပတ်သက်သည့် အခြေအနေများ (Current situation of Korea) နှင့် ရောဂါများကို မည်သည့် မည်ပုံနည်းဖြင့် ထိန်းချုပ်နေသည်ကိုလည်းကောင်း။

Yonsei University မှ Professor So Yoon Kim က အမျိုးသားအဆင့် စီမံခန့်ခွဲမှုနှင့် ပြည်သူများထံဆက်သွယ်ပြောကြားမှု (National management and public communication) ကိုလည်းကောင်း။

Yonsei University မှ Professor Lee, Hyuk Min က သံသယလူနာရှာဖွေဖော်ထုတ်မှုနည်းစနစ်နှင့် ဓာတ်ခွဲစစ်ဆေးမှု (testing and laboratory arrangement နှင့် identification of suspects) ကိုလည်းကောင်း။

Yonsei University မှ Chairman Mr. Kyoung R.Lee ကမ္ဘာ့ကပ်ရောဂါအတွက် ဓာတ်ခွဲခန်းဆိုင်ရာ စွမ်းဆောင်ရည်များအား ကြိုတင်ပြင်ဆင်ခြင်း (preparation for pandemic laboratory competency) ကိစ္စရပ်များကိုလည်းကောင်း။

Yonsei University မှ Professor H. Kim က ဓာတ်ခွဲအတည်ပြုလူနာများအား သီးခြားထားရှိကုသခြင်းနှင့် အနီးကပ်ထိတွေ့ခဲ့သူများအား ရှာဖွေထောက်လှမ်းခြင်းပုံစံများ၊ သတင်းအချက်အလက်များရရှိရန် ဆောင်ရွက်သည့်ပုံစံများ၊ လူနာကုသမှုပိုင်းဆိုင်ရာ အကြောင်းအရာများ (Infected isolation and tracing of contacts management, data reporting system, patient classification and treatment နှင့် treatment procedures and methods and organization) ကိုလည်းကောင်း အသီးသီးတင်ပြခဲ့ကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အာရှ၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသနိုင်ငံများမှ တာဝန်ရှိသူများက သိရှိလိုသည့် အချက်များကို မေးမြန်းဆွေးနွေးခဲ့ကြပြီး Yonsei University မှ ပညာရှင်များက ပြန်လည်ဆွေးနွေးဖြေကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ မေးမြန်းဆွေးနွေးခြင်းများသည် အကျိုးရှိပါကြောင်း၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် rapid diagnostic test kit များ၏ အခန်းကဏ္ဍ၊ COVID–19 လူနာများတွင် ဗိုင်းရပ်စ်ပိုးပွားများ ထုတ်လုပ်မှု အချိန်ကာလ (Viral shedding duration)၊ ကိုရီးယားသမ္မတနိုင်ငံ၏ အတွေ့အကြုံနှင့် သုတေသနရလဒ်များတို့နှင့် ပတ်သက်၍ ကိုရီးယားသမ္မတနိုင်ငံမှ ပညာရှင်များကို မေးမြန်းသည်။

အဆိုပါ Webinar အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ညွှန်ကြားရေးမှူးချုပ် (ပြည်ထောင်စုဝန်ကြီးရုံး) ဒေါက်တာသာထွန်းကျော်၊ ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန) ဒေါက်တာစိုးဦးနှင့် တာဝန်ရှိသူများ၊ အာရှ၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသနိုင်ငံများမှ COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုလုပ်ငန်းဆောင်ရွက်နေသည့် ပညာရှင်များနှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရန်ကုန်မြို့ရှိ အငှားယာဉ်မောင်းသူ အသင်းအဖွဲ့များစုပေါင်းက အငှားယာဉ်များကို ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းဆောင်ရွက်

**ရန်ကုန် မေ ၁၈**

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ဆောင်ရွက်မှုအနေဖြင့် အငှားယာဉ်များကို ပိုးသတ်ဆေးဖျန်းခြင်းအား ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ ရဲဘော်ဟောင်းမှတ်တိုင်အနီး၌ ရန်ကုန်မြို့ရှိ အငှားယာဉ်မောင်းသူအသင်းအဖွဲ့များ စုပေါင်းပြုလုပ်ကြသည်။

Happy Taxi ယာဉ်မောင်းသူများအသင်းတည်ထောင်သူ ကိုချမ်းက "ဒီရပ်ကွက်အတွင်း လမ်းတွေမှာ ပိုးသတ်ဆေးဖျန်းရင်းနဲ့ လမ်းပေါ်မှာသွားလာနေတဲ့ အငှားယာဉ်တွေကို ပိုးသတ်ဆေးဖျန်းပေးကြတာပါ။ အငှားယာဉ်ရယ်လို့ သီးခြားသတ်မှတ်ပြီးဖျန်းပေးတာ မဟုတ်ပါဘူး။ ဆေးဖျန်းချင်တဲ့ ယာဉ်အားလုံးကို ဖျန်းပေးတာပါ။ လမ်းပေါ်ဖြတ်သန်းသွားလာကြတဲ့ အငှားယာဉ်အများစုကတော့ ဝင်ရောက်ဆေးဖျန်းတာမျိုး ပြုလုပ်ကြပါတယ်။ ဆေးဖျန်းခံကြတဲ့ အငှားယာဉ်တွေကိုလည်း နံနက်စာ လှူဒါန်းမှုတွေပြုလုပ်ခဲ့ပါတယ်" ဟု ပြောသည်။

ယနေ့နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အဆိုပါနေရာရှိ ကျိုက်ဝိုင်းဘုရားလမ်းမပေါ်တွင် ဖြတ်သန်းသွားလာသည့် အငှားယာဉ်များနှင့် ကိုယ်ပိုင်မော်တော်ယာဉ်အချို့ အပါအဝင် မော်တော်ယာဉ် အစီးရေ ၁၀၀၀ ခန့်ကို ပိုးသတ်ဆေးဖျန်းပေးကြသည့်အပြင် မရမ်းကုန်းမြို့နယ် အခြေစိုက် မြတ်ကုသိုလ် လူမှုကူညီရေးအသင်းနှင့် ပူးပေါင်းကာ အဆိုပါမြို့နယ်ရှိ အမှတ်(၄) ရပ်ကွက်အတွင်း လမ်းများပေါ်၌ ပိုးသတ်ဆေးဖျန်းခြင်းကိုလည်း ဆောင်ရွက်ကြသည်။

မရမ်းကုန်းမြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးစိန်ထွန်းက "အခုလို ဆောင်ရွက်မှုတွေက အင်မတန်ကောင်းပါတယ်။ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးဟာ တစ်ဦးကောင်းနဲ့မရပါဘူး။ အားလုံးမှာ တာဝန်ရှိသလို အားလုံးဝိုင်းဝန်းဆောင်ရွက်မှုနဲ့ ကာကွယ်ကြဖို့လိုပါတယ်။ အခုအချိန်မှာ ယာဉ်မောင်းသူနဲ့ ယာဉ်စီးနင်းသူတွေအပါအဝင် ပြည်သူအားလုံး အပြင်ထွက်တဲ့အခါမှာ နှာခေါင်းစည်းတပ်ဖို့ အထူးပဲအရေးကြီးပါတယ်"ဟု ပြောသည်။

မော်တော်ယာဉ်မောင်းနှင်သူများ၊ လိုက်ပါစီးနင်းသူများနှင့် ၎င်းတို့၏ မိသားစုဝင်များအပါအဝင် ပြည်သူများအားလုံး ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုမှ ကင်းဝေးစေရန်နှင့် လက်ရှိဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါကို ကာကွယ်ထိန်းချုပ်နိုင်ရန်ရည်ရွယ်ကာ ထိုသို့ဆောင်ရွက်ခြင်းဖြစ်ပြီး ၎င်းတို့အနေဖြင့် ရန်ကုန်မြို့ လေဆိပ်၊ ရေဆိပ်နှင့် ရန်ကုန်ဘူတာကြီးတို့ရှိ အငှားယာဉ်ဂိတ်များအပါအဝင် လူစည်ကားရာ နေရာများရှိ အငှားယာဉ်ဂိတ်များတွင်လည်း ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။



အလားတူ လူမှုရေးအသင်းအဖွဲ့များကလည်း ရန်ကုန်မြို့ရှိ ရပ်ကွက်များအတွင်းရှိ လမ်းများ၌ ပိုးသတ်ဆေးဖျန်းခြင်းနှင့် ထုံးဖြူးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ–ဇော်ကြီး**



# ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်း

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေး၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြားတွင် သံသယစိတ်ကင်းစင်ပြီး ခိုင်မာသော ယုံကြည်မှုတည်ဆောက်နိုင်ရေး၊ ဒီမိုကရေစီစံချိန်စံညွှန်းများ၊ လူ့အခွင့်အရေးစံနှုန်းစံထားများနှင့်ကိုက်ညီပြီး နိုင်ငံတော်၏ ပကတိအခြေအနေများနှင့်ဆီလျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတို့ကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာမှ ကောက်နုတ်ချက်)

## ကာမိုင်းမြို့၌ ဒေသခံပြည်သူများအား အခမဲ့ဆေးကုသ

**ကာမိုင်း ဧပြီ ၁၈**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ကာမိုင်းမြို့ မြို့မရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ယနေ့နံနက် ၈ နာရီက ဒေသခံပြည်သူများအား တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆေးကုသမှုဆောင်ရွက်ပေးရာတွင် ဆီးချိုရောဂါ၊ သွေးတိုး၊ ရေယုန်၊ ဆီးလမ်းကြောင်း ပိုးဝင်နှင့် အထွေထွေ စသည့်ရောဂါများကို ဆေးတပ်စုမှူး ဗိုလ်ကြီးနေလင်းဦး ဦးဆောင်သောအဖွဲ့ဝင်များက ဒေသခံပြည်သူများအား အခမဲ့စမ်းသပ်စစ်ဆေးကုသပေးခြင်း၊ ကျန်းမာရေးဆိုင်ရာ အသိပညာများ ဟောပြောပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ လက်ကမ်းစာစောင်များနှင့် တစ်ခါသုံးနှာခေါင်းစည်းများ ဖြန့်ဝေပေးခြင်း၊ ကိုယ်အပူချိန်တိုင်းတာပြီး ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။ **ဖွဲ့သူရအောင် (ပြန်/ဆက်)**



ဖရူဆိုမြို့ မြို့နယ်ခန်းမတွင် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးအတွက် ဧပြီ ၁၈ ရက်က ပိုးသတ်ဆေးဖျန်းမှုများ ဆောင်ရွက်စဉ်။
မိုးသူ(ပြန်/ဆက်)

## Covid-19 Diagnostic Reagents ဆေးဘက်ဆိုင်ရာပစ္စည်းများ ပေးအပ်လှူဒါန်း

**ရန်ကုန် ဧပြီ ၁၈**

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် Posco International Myanmar မှ Covid-19 Diagnastic Reagents ဆေးဘက်ဆိုင်ရာ ပစ္စည်းများ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ဆေးသုတေသန ဦးစီးဌာန ရန်ကုန်ရုံးချုပ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆန်းဟွာက အမှာစကားပြောကြားပြီး ဆေးသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် Posco International Myanmar မှ မန်နေဂျင်းဒါရိုက်တာ Mr. Song Hoon Lee က Covid-19 Diagnostic Reagents ဆေးဘက်ဆိုင်ရာ ပစ္စည်းများ လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။




ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားနိုင်ငံသံအမတ်ကြီး မစ္စတာ လီဆန်းဟွာနှင့် Posco International Myanmar မှ မန်နေဂျင်းဒါရိုက်တာ တို့က Covid-19 Diagnostic Reagents ဆေးဘက်ဆိုင်ရာပစ္စည်းများ ပေးအပ်လှူဒါန်းရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနကိုယ်စား ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သတင်း၊ ဓာတ်ပုံ**
**ဇော်မင်းလတ်(MNA)**

# နွေရာသီကာလ အပူရှိန်ပြင်းထန်ချိန်နှင့် COVID-19 ရောဂါ ဖြစ်ပေါ်နေချိန်တို့တွင် ပြည်သူများ သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြား

### နွေရာသီကာလ အပူရှိန်ပြင်းထန်ချိန်နှင့် COVID-19 ရောဂါ ဖြစ်ပေါ်နေချိန်တို့တွင် ပြည်သူများ သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြားခြင်း

မြန်မာနိုင်ငံတွင် COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားနေသည့် ယခုကာလ၌ ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလသို့ ရောက်ရှိလာပြီဖြစ်၍ အပူရှိန်ပြင်းထန်မှုနှင့်အတူ မီးလောင်ခြင်း၊ ရေတွင်းရေကန်များ ခန်းခြောက်မှုကြောင့် သောက်သုံးရေရှားပါးခြင်း၊ တစ်ခါတစ်ရံ လေပြင်းတိုက်၍ မိုးသီးကြွေခြင်းနှင့် အပူရှိန်မြင့်မားမှုကြောင့် ဖြစ်ပေါ်သည့် ကျန်းမာရေးဆိုင်ရာ ပြဿနာများ ပိုမိုခံစားရခြင်းနှင့် အသက်ဆုံးရှုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။

အပူရှိန်မြင့်မားသည့် နွေရာသီကာလတွင် ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းတို့ကို ခံစားရလေ့ရှိရာ ယခုကဲ့သို့ COVID-19 ရောဂါဖြစ်ပွားချိန်တွင် ပိုမိုသတိပြုနေထိုင်ရန်လိုအပ်ပြီး ပူပြင်းသည့်နွေရာသီနှင့် လိုက်လျောညီထွေနေထိုင်နိုင်ရန်လည်း လိုအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေဖြင့် နွေရာသီကာလ အပူဒဏ်ခံစားရမှုများမှ လျော့နည်းသက်သာစေရန်အတွက် ယခင်နှစ်က အပူရှောင်စခန်းများ ဖွင့်လှစ်ပေးခဲ့ပြီး ယခုနှစ်တွင် COVID-19 ရောဂါကြောင့် လူစုလူဝေးများမဖြစ်စေရေးအတွက် အပူရှောင်စခန်းများကို ဖွင့်လှစ်နိုင်ခြင်းမရှိသေးသော်လည်း သောက်သုံးရေများ ဖြန့်ဝေခြင်း၊ ရေတွင်း၊ ရေကန်ငယ်များ တူးဖော်ပြုပြင်ပေးခြင်း၊ ရေသိုလှောင်ထိန်းသိမ်းနိုင်ရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအပါအဝင် အခြားဌာနအဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

လိုအပ်ပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇၃၄၀၄၆၆၆ နှင့် ၀၆၇၇၃၄၀၄၇၇၇ တို့ကို ဆက်သွယ်အကူအညီတောင်းခံနိုင်ပါသည်။

**ပြည်သူများအနေဖြင့်လည်း ယခုကဲ့သို့ အပူရှိန်ပြင်းထန်ချိန်တွင် ဖော်ပြပါအချက်များကို သတိပြုလိုက်နာ ဆောင်ရွက်ရန် အသိပေးပန်ကြားအပ်ပါသည်။**

- အရိပ်ရ၍ အေးမြသောနေရာများတွင် နေပါ။
- အဆောက်အဦများ၌ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ပါ။
- ရေများများသောက်ပါ။
- နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
- အရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များ ဝတ်ဆင်ပါ။
- အပူရှိန်ပြင်းထန်သည့် အချိန်များတွင် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများကို မော်တော်ကားအတွင်း၊ အလုံပိတ်ထားသည့် အခန်းများအတွင်း တစ်ဦးတည်းထားခဲ့ခြင်းမှ သတိပြုရှောင်ရှားပါ။
- နေ့လယ်နေ့ခင်းအချိန်များ၌ ကလေးငယ်များကို အဆောက်အဦများ၏ ပြင်ပနေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့သော နေရာများတွင် လှုပ်ရှားကစားခြင်းမျိုး မပြုပါစေနှင့်။
- ပူပြင်းသော နေရောင်အောက်မှ အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့် ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ရှားပါ။
- မလိုအပ်ပါက လျှပ်စစ်မီးလုံး၊ မီးချောင်းများ ဖွင့်ထားခြင်း မပြုပါနှင့်။
- ပူပြင်းခြောက်သွေ့မှုလွန်ကဲသောကြောင့် ဖြစ်ပေါ်တတ်သည့် မီးဘေးအန္တရာယ်ကို သတိပြုပါ။
- မလိုအပ်ဘဲ ရေများ လေလွင့်ပြုန်းတီးမှုမရှိစေရေး အထူးသတိပြုဆောင်ရွက်ပါ။
- ထိခိုက်လွယ်သည့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များကို COVID-19 ရောဂါ ကူးစက်ပျံ့နှံ့နေချိန် အရှိန်ပြင်းထန်သည့်ကာလတွင် ပိုမိုထိခိုက်ခံစားရခြင်းနှင့် အသက်ဆုံးရှုံးခြင်းများမရှိစေရန် အိမ်ထဲ၌သာ နေစေခြင်းဖြင့် ကာကွယ်စောင့်ရှောက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ကချင်ပြည်နယ်အစိုးရအဖွဲ့က တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား စနစ်တကျစစ်ဆေးလက်ခံ၍ ကျန်းမာရေးစောင့်ကြပ်ကြည့်ရှုနိုင်ရေး စီမံဆောင်ရွက်ထား

**မြစ်ကြီးနား မေ ၁၈**

ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွင်း သွားရောက်အလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသား အလုပ်သမားများအား မြန်မာနိုင်ငံသို့ နယ်စပ်စစ်ဆေးဂိတ်များမှတစ်ဆင့် မေ ၁၆ ရက်မှစတင်ပြီး ပြန်လည်ဝင်ရောက်လာမှုကို စနစ်တကျ စစ်ဆေးလက်ခံ၍ ကျန်းမာရေး စစ်ဆေးစောင့်ကြပ်ကြည့်ရှုနိုင်ရေး စီမံဆောင်ရွက်ထားရှိကြောင်း သိရသည်။

"တရုတ်နိုင်ငံက ပြန်လာတဲ့ ကျွန်တော်တို့ နိုင်ငံသားတွေကို သုံးမျိုး ခွဲထားတယ်။ ပထမအဆင့်က စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းဒေသကြီးတို့လို ကချင်ပြည်နယ်ရဲ့ ပြင်ပက ပါလာရင် နယ်စပ်ဂိတ်တွေမှာ အသွားအလာကန့်သတ်ခြင်း လုပ်ဖို့ စီစဉ်ထားတာ ရှိပါတယ်။ ကျန်တဲ့လူတွေကိုတော့ သက်ဆိုင်ရာမြို့နယ်တွေကို နေ့ချင်းအရောက်ပို့ပြီး အသွားအလာကန့်သတ်ခြင်းလုပ်ဖို့ စီစဉ်ထားပါတယ်။ လက်ခံတဲ့ နေရာမှာလည်း စနစ်တကျ ကျန်းမာရေးစစ်ဆေးပြီး အဲဒီမှာ သံသယဖြစ်တယ်။ ကိုယ်ပူချိန်မြင့်တယ်ဆိုရင် တစ်ခါတည်း ဆေးရုံကို ပို့ဆောင်ပြီး စောင့်ကြပ်စစ်ဆေးသွားမှာ ဖြစ်ပါတယ်" ဟု ပြည်နယ်အစိုးရအဖွဲ့ ညွှန်ကြားရေးမှူး ဦးဇော်ဇော်က ရှင်းလင်းပြောကြားသည်။

အဆိုပါ နိုင်ငံသားအလုပ်သမားများသည် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ထိန်ချုံးခရိုင်နှင့် ကျန်းဖုန်းမြို့နယ်များရှိ စက်ရုံ၊ အလုပ်ရုံများနှင့် စိုက်ပျိုးရေးလုပ်ငန်းဘက်တွင် အလုပ်လုပ်ကိုင်နေကြသူများဖြစ်ပြီး တချို့သော စက်ရုံအလုပ်ရုံများမှာ ပြန်လည်ဖွင့်လှစ်ပြီ ဖြစ်သည့်အတွက် ဆက်လက်အလုပ်လုပ်ကိုင်သူများရှိသလို အဓိကအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းတွင် လုပ်ကိုင်သူများသည် ရိတ်သိမ်းပြီးချိန်ဖြစ်သဖြင့် ပြန်လာခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

ပြန်လည်ဝင်ရောက်လာသည့် နိုင်ငံသားများအနေဖြင့် ဝိုင်းမော်မြို့နယ် ကန်ပိုက်တီနယ်စပ်ဂိတ်၊ မိုးမောက်မြို့နယ် လွယ်ဂျယ်မြို့နယ်စပ်ဂိတ်များမှတစ်ဆင့် ကျန်းမာရေးစစ်ဆေးလက်ခံ ဆောင်ရွက်နေခြင်းဖြစ်ပြီး သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်များရှိ ကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ မော်တော်ယာဉ်များဖြင့် စီစဉ်ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

လွယ်ဂျယ်နယ်စပ်ဂိတ်တွင် လက်ခံနေမှုအပိုင်းနှင့် ပတ်သက်ပြီး လွယ်ဂျယ်မြို့အုပ်ချုပ်ရေးမှူး ဦးယဉ်မင်းထွန်းက "ကျွန်တော်တို့ဘက်မှာတော့ လူနေရာထိုင်ခင်း ၅၀၀ အတွက် ပြင်ဆင်ထားတယ်။ အစိုးရအဖွဲ့က အဆောက်အအုံနဲ့ နေရာထိုင်ခင်းအတွက် ငွေကျပ်သိန်း ၅၀၀ ချထားပေးပါတယ်။ လောလောဆယ် လူ ၃၀၀ အတွက် အဆင်သင့်ဖြစ်နေပြီး ၂၀၀ အတွက်တော့ လက်ရှိအဆောက်အအုံ ဆောက်လုပ်ဆဲဖြစ်ပါတယ်" ဟု ပြောသည်။

ဗန်းမော်ခရိုင်အတွင်းမှ ဒေသခံပြန်လည်ဝင်ရောက်လာသူများကိုလည်း မိုးမောက်ကျောက် စခန်းစစ်ဆေးရေးဂိတ်မှတစ်ဆင့် စစ်ဆေးလက်ခံပြီး သက်ဆိုင်ရာမြို့နယ်များရှိ အသွားအလာကန့်သတ်ခြင်း ပြုလုပ်မည့်နေရာများသို့ ပို့ဆောင်လျက်ရှိရာ လက်ခံပို့ဆောင်နေမှုအပိုင်းနှင့် ပတ်သက်ပြီး မိုးမောက်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကိုက "ကျွန်တော်တို့ ဌာနဆိုင်ရာတွေ၊ NGO တွေနဲ့ ကော်မတီဖွဲ့စည်းပြီး လက်ခံနေတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဆီ ဝင်ရောက်လာတဲ့ယာဉ်တွေကို စိစစ်မှတ်ပုံတင်ပြီး တပ်မတော်က ပိုးသတ်ဆေးဖျန်းတယ်။ ဒီကနေတစ်ဆင့် အသွားအလာ ကန့်သတ်ခြင်းလုပ်တဲ့ နေရာတွေအထိ လက်ဆင့်ကမ်း သယ်ဆောင်တဲ့နေရာမှာ အစားအသောက်ကအစ အခက်အခဲမရှိ စခန်းရောက်သည်အထိ ဝိုင်းဝန်းဆောင်ရွက်နေတာ ဖြစ်ပါတယ်" ဟု ပြောသည်။



နယ်စပ်မှ ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးပေးစဉ်။

အလားတူ ကန်ပိုက်တီမြို့နယ်စပ်ဂိတ်၌လည်း မြို့အုပ်ချုပ်ရေးမှူးဦးဆောင်၍ စစ်ဆေးလက်ခံလျက်ရှိပြီး အဆိုပါဂိတ်မှလည်း ပြန်လည်ဝင်ရောက်လာသူများကို ကချင်ပြည်နယ်ပြင်ပမှ နိုင်ငံသားများအတွက် အသွားအလာကန့်သတ်ခြင်းထားနိုင်မည့် အဆောက်အအုံများ ဆောက်လုပ်ထားပြီး ပြည်နယ်အတွင်းမှ ဒေသခံများကို သက်ဆိုင်ရာခရိုင်၊ မြို့နယ်များရှိ အသွားအလာ ကန့်သတ်ခြင်းလုပ်သည့်နေရာများသို့ နေ့ချင်းအရောက် ပို့ဆောင်လျက် ရှိသည်။

ကချင်ပြည်နယ်အတွင်း တရုတ်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသူများကို လက်ခံသည့်နေရာတွင် မေ ၁၆ ရက်မှ ၁၇ ရက်အထိ လွယ်ဂျယ်မြို့နယ်စပ်ဂိတ်မှ တစ်ဆင့် ဝင်ရောက်လာသူ ၉၀၉ ဦး၊ ကန်ပိုက်တီမြို့ နယ်စပ်ဂိတ်မှ ဝင်ရောက်လာသူ ၄၄ ဦး ရှိကြောင်း သိရှိရပြီး လက်ရှိအချိန်ထိ ကချင်ပြည်နယ်အတွင်းရှိ ခရိုင်နှင့် မြို့နယ်များအလိုက် အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်း ပြုလုပ်မည့်နေရာပေါင်း ၂၈၁ နေရာရှိပြီး လူဦးရေ ၉၇၀၀ ကျော် ထားရှိစောင့်ကြပ်ကြည့်ရှုနိုင်ကြောင်းနှင့် လိုအပ်ပါက ထပ်မံစီစဉ်လျာထားသည့် နေရာများလည်းရှိသေးကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ စာရင်းဇယားများအရ သိရသည်။

**မျိုးမြင့်စိုး(ပြန်/ဆက်)**

# ရန်ကုန်-မန္တလေး အမြန်ရထားခရီးစဉ်များ အချိန်ပြောင်းလဲပြေးဆွဲမည်

**ရန်ကုန် မေ ၁၈**

ကိုဗစ် -၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကြောင့် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့အတွင်း အသွားအလာ ကန့်သတ်မှုများ ပြုလုပ်ထားရာ ရန်ကုန်-မန္တလေး အမြန်ရထားခရီးစဉ်များကို အချိန်ပြောင်းလဲပြေးဆွဲမည် ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

လက်ရှိတွင် ရန်ကုန်- မန္တလေး ခရီးစဉ်ကို ပြေးဆွဲပေးလျက်ရှိသော အမှတ် (၁၁) အဆန်ရထားနှင့် အမှတ် (၁၂) အစုန်ရထားတို့၏ ခရီးဆုံးဘူတာများသို့ ရောက်ရှိချိန်များမှာ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ ကန့်သတ်ထားသည့် အချိန်ထက်ကျော်လွန်နေသဖြင့် မေ ၁၉ ရက်မှစတင်ကာ လက်ရှိပြေးဆွဲနေသော အမှတ် (၁၁) အဆန်နှင့် အမှတ် (၁၂) အစုန်ရထားများအစား အမှတ် (၃) အဆန်နှင့် အမှတ် (၄) အစုန်ရထားများကို ပြောင်းလဲပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။



ရန်ကုန်ဘူတာကြီးမှ ထွက်ခွာမည့် အမြန်ရထားတစ်စင်းအား တွေ့မြင်ရစဉ်။

အမှတ် (၃)အဆန် အမြန်ရထားသည် ရန်ကုန်မှ ညနေ ၃ နာရီ ၄၅ မိနစ်တွင် စတင်ထွက်ခွာမည်ဖြစ်ပြီး မန္တလေးသို့ နောက်တစ်နေ့ နံနက် ၉ နာရီတွင် ရောက်ရှိမည်ဖြစ်သည်။

ထို့အတူ အမှတ် (၄) အစုန်အမြန်ရထားသည် မန္တလေးမှ ညနေ ၄ နာရီ မိနစ် ၃၀ တွင် ထွက်ခွာမည်ဖြစ်ပြီး ရန်ကုန်သို့ နောက်တစ်နေ့ နံနက် ၁၀ နာရီတွင် ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

အချိန်ပြောင်းလဲ ပြေးဆွဲမည့် ရန်ကုန်-မန္တလေး အမြန်ရထားများသည် လမ်းဘူတာများဖြစ်သည့် တိုးကြောင်ကလေး၊ ပဲခူး၊ ဒိုက်ဦး၊ ပြွန်တန်ဆာ၊ ညောင်လေးပင်၊ ပိန်းဇလုပ်၊ ကျောက်တံခါး၊ ပဲနွယ်ကုန်း၊ ကညွတ်ကွင်း၊ ဖြူး၊ ဇေယျဝတီ၊ တောင်ငူ၊ ရေတာရှည်၊ ဆွာ၊ မြို့လှ၊ ရေနီ၊ သာဝတ္တိ၊ လော၊ ပျဉ်းမနား၊ နေပြည်တော်၊ တပ်ကုန်း၊ ရမည်းသင်း၊ ပျော်ဘွယ်၊ ညောင်ရမ်း၊ သာစည်၊ သဲတော၊ မြစ်သားနှင့် ကျောက်ဆည်ဘူတာတို့တွင် ရပ်တန့်ပေးမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်-မန္တလေး အမှတ်(၃) အဆန်နှင့် အမှတ်(၄) အစုန်တို့ကို မေ ၃၀ ရက်အထိ နေ့စဉ်ပြေးဆွဲပေး မည်ဖြစ်ပြီး အချိန်စာရင်း ထပ်မံပြောင်းလဲပါက မြန်မာ့မီးရထားမှ ကြိုတင်အသိပေးကြေညာမည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

**ဓာတ်ပုံ - မြန်မာ့မီးရထား**

❄ *ကျောဖုံးမှ*

ရှမ်းပြည်နယ်အရှေ့ပိုင်း လမ်းဦးစီးဌာနမှ နှာခေါင်းစည်း ၇၅၀၀၊ ရောဂါကာကွယ်ရေးဝတ်စုံ ၁၀၀၊ အပူချိန်တိုင်းကိရိယာ ၁၀ ခု၊ အောက်ဆီဂျင်စက်တစ်လုံးကို ရှမ်းပြည်နယ်အရှေ့ပိုင်း ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ် ကုသရေးအတွက် ပေးအပ်လှူဒါန်းသည်။

အလားတူ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီနှင့် ကမ္ဘောဇဘဏ်တို့ပူးပေါင်းပြီး ရှမ်းပြည်နယ်မြောက်ပိုင်းအတွက် ဆန်အိတ် ၁၀၄၀၊ ရှမ်းပြည်နယ်တောင်ပိုင်းအတွက် ဆန်အိတ် ၁၀၀၀၊ ရန်ကုန်တိုင်းဒေသကြီးအတွက် ဆန်အိတ် ၃၀၀၀၊ မန္တလေးတိုင်းဒေသကြီးအတွက် ဆန်အိတ် ၃၀၀၀၊ အခြားပြည်နယ်၊ တိုင်းဒေသကြီးများအတွက်ဆန်အိတ် ၁၀၀၀ နှုန်းဖြင့် စုစုပေါင်း ဆန်အိတ် ၂၁၀၀၀ (ငွေကျပ်သိန်း ၆၀၀၀ ကျော်တန်ဖိုး)နှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို ပေးအပ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

✳ *ကျောဖုံးမှ*

ယခုလို တာဝန်ရှိသူများက မိမိတို့ဒေသအတွင်းသို့ ပြည်သူများ ဝင် / ထွက် သွားလာနေမှုကို အမြဲစောင့်ကြည့်၍ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ စဉ်ဆက်မပြတ် လုပ်ဆောင်နေခြင်းသည် ကိုဗစ်-၁၉ ရောဂါကို ကြိုတင်ကာကွယ်နိုင်ခြင်း၊ သံသယလူနာများ တွေ့ရှိပါက သက်ဆိုင်ရာသို့ အမြန်ဆက်သွယ်ပို့ဆောင်ပေးနိုင်ခြင်းတို့ကြောင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပိုမိုအောင်မြင်လျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ဇော်မျိုးထိုက် ( ပြန်/ဆက်)**

## တိမ်အသင့်အတင့်ဖြစ်ထွန်း

**နေပြည်တော် မေ ၁၈**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

## ရေဇွာမြို့၌ ကိုဗစ် - ၁၉ အသိပညာပေးခြင်းနှင့် ပုံမှန်ဝင်ငွေမရှိသူများအား စားသောက်ကုန်ဖြန့်ဝေမှု ဆက်လက်ဆောင်ရွက်

**ရေဇွာ မေ ၁၈**

ချင်းပြည်နယ် ရေဇွာမြို့ရှိ ရပ်ကွက်လေးရပ်ကွက်နှင့် ကျေးရွာများတွင် ပုံမှန်ဝင်ငွေ မရှိသူများအား အခြေခံစားသောက်ကုန်များဖြန့်ဝေခြင်းနှင့် ကိုဗစ် – ၁၉ အသိပညာပေးလုပ်ငန်းများကို မေ ၁၇ ရက် နံနက် ၁၀ နာရီက စတင်၍ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရေဇွာမြို့ပေါ်လေးရပ်ကွက်နှင့် ကျေးရွာများအတွက် ဆန်အိတ် ၂၀၀၊ ကြက်သွန်နီ အိတ် ၃၀၊ ကုလားပဲ ၁၀ အိတ်၊ ဆီ ၈၅ ပုံးနှင့် ဆား ၃၄ အိတ်တို့မှာ မေ ၁၇ ရက် နံနက် ၈ နာရီတွင် ရောက်ရှိသဖြင့် ယင်းစားသောက်ကုန်ပစ္စည်းငါးမျိုးအား မြို့အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာသူ၊ ကျေးရွာသားများထံ ဖြန့်ဝေပေးအပ်ခဲ့သည်။

ထို့အတူ ကိုဗစ် – ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအသိပညာပေး နှိုးဆော်ချက်များကိုလည်း ရေဇွာမြို့ ဌာနဆိုင်ရာများနှင့် လူငယ်များ ပူးပေါင်းပြီး တစ်နေ့လျှင်သုံးကြိမ် ဆောင်ရွက်လျက်ရှိသည်။ အများပြည်သူများ မိမိအိမ်တွင်နေထိုင်ရန်၊ သံသယဖြစ်ဖွယ် လူနာများနှင့် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများတွေ့ရှိပါက သက်ဆိုင်ရာဌာနများသို့ အကြောင်းကြားပေးပါရန် အသံချဲ့စက်ဖြင့် အသိပေးနှိုးဆော်လျက်ရှိကြောင်း သိရသည်။

**ဟုန်းအွမ်(ပြန်/ဆက်)**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် အဖွဲ့ဝင်များ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး အထောက်အကူပြုပစ္စည်းများ မိုင်းခတ်မြို့နယ်ဆေးရုံသို့ လှူဒါန်း



**မိုင်းခတ် မေ ၁၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းခတ်မြို့နယ်၌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယနေ့ နံနက်က မြို့နယ်ပြည်သူ့ဆေးရုံသို့ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအထောက်အကူပြုပစ္စည်းများ လာရောက်လှူဒါန်းသည်။ **(ယာပုံ)**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့များသည် မြို့နယ်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံအားပေးစကားများ ပြောကြားသည်။

ထို့နောက် ကိုဗစ်-၁၉ ကာကွယ်၊ ကုသ၊ ထိန်းချုပ်နိုင်ရန်အတွက် လိုအပ်သော နှာခေါင်းစည်း၊ လက်ဆေးဆပ်ပြာများ၊ အပူချိန်တိုင်းကိရိယာများ၊ ရောဂါကာကွယ်ရေးဝတ်စုံများနှင့် အလှူငွေကျပ် ၁၀ သိန်းကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများကပေးအပ်ရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝေလင်းဗိုလ်က လက်ခံယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

**မိုးဒေ(ပြန်/ဆက်)**

# အင်တောမြို့ မြို့မဈေး၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးအတွက် ဒုတိယအကြိမ် ပိုးသတ်ဆေးဖျန်း

**အင်တော မေ ၁၈**

ရှမ်းပြည်နယ်တောင်ပိုင်း အင်တောမြို့ မြို့မဈေး၌ စည်ပင်သာယာရေးဌာနနှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းကို ယနေ့ နံနက် ၁၀ နာရီက ဒုတိယအကြိမ် ဆောင်ရွက်ခဲ့သည်။

**အခမဲ့ ဝေငှပေး**

အဆိုပါ ပိုးသတ်ဆေးဖျန်းခြင်းကို ဈေးအတွင်းရှိ ဆိုင်ခန်းများ၊ အသားရုံ၊ ငါးတန်းများအပြင် ဈေးအပြင်တန်းရှိ ဈေးဆိုင်များ၊ လက်ဖက်ရည်ဆိုင်တို့ကို အင်တောမြို့စည်ပင်သာယာရေးဌာန ဦးစီးမှူး ဦးလှမျိုးသွင်နှင့် ဝန်ထမ်းများ၊



နယ်မြေမီးသတ်စခန်း တာဝန်ခံ ဦးဝင်းမောင်နှင့် ဈေးကော်မတီများက ဆေးဖျန်းခြင်းကို ဆောင်ရွက်ခဲ့ပြီး ဈေးသူဈေးသားများကို နှာခေါင်းစည်း အခု ၄၀ အခမဲ့ ဝေငှပေးခဲ့ကြောင်း သိရသည်။ **အောင်ခိုင် (ပြန်/ဆက်)**

# သူရဲတန်းကျေးရွာမှ ပုသိမ်-မုံရွာလမ်းမကြီးသို့ ဆက်သွယ်ရေးလမ်းသစ် ဖောက်လုပ်

**ပန်းတောင်း မေ ၁၈**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် သူရဲတန်းကျေးရွာမှ ပုသိမ်-မုံရွာ အဝေးပြေးလမ်းမကြီးသို့ ဆက်သွယ်ရေးလမ်းသစ်အား ဖောက်လုပ်လျက်ရှိရာ မေ ၁၈ ရက်တွင် လမ်းကြမ်းအဖြစ် ဖောက်လုပ်ပြီးစီးနေပြီး ကျောက်ကြီးနှင့် ချောင်းကျောက်များခင်းရန် ကျန်ရှိနေကြောင်း သိရသည်။

"ကျွန်တော်တို့ သူရဲတန်းကျေးရွာက အုပ်စုရွာကြီးဖြစ်ပြီး အရင်က ပုသိမ်-မုံရွာလမ်းမကြီးကိုဆက်သွယ်ရေးလမ်းရှိပြီး ပြည်-ပန်းတောင်း-ဥသျှစ်ပင် ခရီးသည်တင်ကား၊ ကုန်တင်ကား၊ လူနာတင်ကားတွေနဲ့ နေ့စဉ်သွားနေရတာ။ လွန်ခဲ့တဲ့ နှစ်နှစ်ကစပြီး သူရဲတန်းချောင်းရေတိုက်စားမှုကြောင့် ကားလမ်းဖြတ်သန်းရာ ကျားကိုက်ကျေးရွာက ချောင်းကမ်းပါးပြိုတော့ ကားတွေသွားမရဖြစ်ပြီး လမ်းတွေဖောက်နေတာ လမ်းကြမ်းအဆင့်တော့ပြီးသွားပါပြီ ။ ယာဉ်တွေသွားလာနိုင်ဖို့ ကျောက်ကြီးနဲ့ ချောင်းကျောက်ခင်းဖို့ ကျန်ပါသေးတယ်။ နိုင်ငံတော်အစိုးရနဲ့ အလှူရှင်များ ဆက်လက်ပြီး လမ်းပြီးအောင် ဆောင်ရွက်ပေးစေချင်ပါတယ်" ဟု လမ်းဖောက်လုပ်ရေးကော်မတီဝင် ရပ်မိရပ်ဖ ဦးအေးချိုက ပြောသည်။

အဆိုပါ ဆက်သွယ်ရေးလမ်းသစ်ကို ပြည်ထောင်စုအစိုးရရန်ပုံငွေကျပ်လေးဆယ့်ရှစ်သိန်းငါးသောင်းဖြင့် လမ်းအရှည်ပေ ၃၇၅၀၊ အကျယ် ၁၈ ပေ၊ အမြင့် နှစ်ပေဖြင့် ရွှေထိပ်ကုမ္ပဏီနှင့် လမ်းဖောက်လုပ်ရေးကော်မတီတို့က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အောင်မြင့်(ပန်းတောင်း)**

# သီပေါမြို့၌ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၂၂ ဦးအား ကန့်သတ်စောင့်ကြည့်မှု ဆောင်ရွက်မည်

**သီပေါ မေ ၁၈**

သီပေါမြို့နယ်သို့ မေ ၁၈ ရက် ည ၈ နာရီက တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ ၂၂ ဦးအား သီပေါမြို့နယ် ကြက်ခြေနီအသင်းခွဲ ဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြတ်မွန်စေတနာလူမှုကူညီရေးအသင်းဝင်များ၊ ဇာတ်စုရပ်ကွက် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများကို ကျေးရွာမူလတန်းကျောင်း၌ တစ်ညတာထားရှိပြီးနောက် မေ ၁၉ ရက်တွင် သီပေါမြို့ အထက(၂)တွင် ထားရှိ၍ အသွားအလာ ကန့်သတ်ပြီး ကျန်းမာရေး စောင့်ကြပ်ကြည့်ရှုစစ်ဆေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ဝွမြို့နယ် လျှပ်စစ်မီးရရှိရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ဝွ မေ ၁၈**

ဝွမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တင်ဒါအောင်မြင်ခဲ့သော ကုမ္ပဏီများမှ ဝွမြို့နယ်ရှိ ကျေးရွာများတွင် လျှပ်စစ်တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ချိန် ကာလပြီးစီးနိုင်ရန် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ယနေ့ နံနက်က မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်သူရိန်လင်းက ပြောသည်။

ထို့အပြင် ဝွမြို့နယ်ရှိ လျှပ်စစ်တည်ဆောက်ရေး ဆောင်ရွက်လျက်ရှိသော ဝွမြို့နယ် ဂျိုင်ကောက်ကျေးရွာ၊ ကင်းပုံကျေးရွာ၊ လောင်းကျိုးကျေးရွာ၊ ဇီးကုန်းကျေးရွာ၊ ဆပ်သွားကျေးရွာ၊ တိုင်ကျိုးကျေးရွာ၊ ကမ်းသာယာကျေးရွာ၊ သာခဲချိုင်ကျေးရွာ၊ ပိန္နဲကျေးရွာတို့ဖြစ်ပြီး ယင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းခွင်များသို့ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်သူရိန်လင်းနှင့် တာဝန်ရှိသူတို့က လုပ်ငန်းများ မြန်ဆန်စွာပြီးမြောက်ရန် ကွင်းဆင်းဆောင်ရွက်နေကြကြောင်း သိရသည်။ **၁၅၇**

# ဆရာဇော်ဂျီစာကြည့်တိုက်မှ ကိုဗစ်-၁၉ ရောဂါ အသိပညာပေးလှုပ်ရှားမှုပြုလုပ်

**ဖျာပုံ မေ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် အသိပညာပေးလှုပ်ရှားမှုတစ်ရပ်ကို ယနေ့ နံနက်ပိုင်းက ဖျာပုံမြို့နယ် စည်ပင်သာယာရေး ဈေးများ၌ ပြုလုပ်သည်။ **(အောက်ပုံ)**

"လက်ရှိ အခြေအနေမှာ စားသောက်ကုန်ဈေးတွေကို ပိတ်လိုက်ရင် ဈေးဝယ်သူတွေရော ဈေးသည်တွေအတွက်ပါ အခက်အခဲရှိနိုင်တယ်။ ဒီရောဂါရဲ့အခြေအနေက လက်ရှိ ဘယ်လောက်ကြာမယ်ဆိုတာ ဘယ်သူမှ ခန့်မှန်းလို့မရဘူး။ အဲဒီလိုဆိုတော့ မဖြစ်မနေ ဈေးရောင်းဈေးဝယ်က လုပ်နေကြရမယ်။ ဒီတော့ ကျွန်တော်တို့အဖွဲ့လည်း နိုင်သလောက် ပညာပေးလှုပ်ရှားမှုကို ဆောင်ရွက်ရခြင်းဖြစ်ပါတယ်" ဟု ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက် ကော်မတီ အလုပ်အမှုဆောင် ကိုဝီချိုင်းက ပြောသည်။



အဆိုပါ အသိပညာပေးလှုပ်ရှားမှု အစီစဉ်တွင် ဖျာပုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုး ဦးဆောင်သည့် မြို့နယ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ကုသရေးကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်ဦးနှင့် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ စာကြည့်တိုက် အမှုဆောင်များ၊ ပွဲတင်သံပရဟိတအသင်းနှင့် စေတနာ့ဝန်ထမ်းများက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများအတွင်း၌ ဈေးဝယ်သူ၊ ဈေးရောင်းသူများအားလုံး နှာခေါင်းစည်းများ၊ လက်အိတ်များ တပ်ဆင်ဝယ်ယူရောင်းချကြပါရန် အသိပညာပေးခြင်းနှင့်အတူ နှာခေါင်းစည်းအခုရေ ၃၀၀ အခမဲ့ဝေငှပေးခဲ့ကြသည်။

ယခုအချိန်တွင် ဖျာပုံမြို့နယ်အတွင်း၌ ကိုဗစ်-၁၉ ကူးစက်ခံရသူလူနာ လုံးဝမတွေ့ရှိရသေးသော်လည်း ကာကွယ်၊ ပြင်ဆင်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## မှတ်သားဖွယ်ရာမိုးရေချိန်များ

၁၈-၄-၂၀၂၀

| | | |
|---|---|---|
| ကွမ်းလုံမြို့ | ၀ ဒသမ ၆၇ | လက်မ |
| နေပြည်တော်(ဒက္ခိဏသီရိမြို့နယ်) | ၀ ဒသမ ၅၁ | လက်မ |
| လားရှိုးမြို့ | ၀ ဒသမ ၄၃ | လက်မ |
| ရမ်ကလောင်း | ၀ ဒသမ ၃၅ | လက်မ |
| ဖလမ်းမြို့ | ၀ ဒသမ ၂၈ | လက်မ |
| ပူတာအိုမြို့ | ၀ ဒသမ ၂၀ | လက်မ |
| မိုးကောင်းမြို့ | ၀ ဒသမ ၂၀ | လက်မ |
| တီးတိန်မြို့ | ၀ ဒသမ ၂၀ | လက်မ |
| တွန်းဇံမြို့ | ၀ ဒသမ ၂၀ | လက်မ |
| ရေဦးမြို့ | ၀ ဒသမ ၂၀ | လက်မ |

# လျှပ်စစ်ယိုစိမ့်မှုကြောင့် ဆုံးရှုံးမှုမရှိသည့် ဘုရားကျောင်း နှစ်ကျောင်းအတွက် ဆရာမကြီးများ ထောက်ပံ့ငွေ ပေးအပ်



ဟားခါး မေ ၁၈

ချင်းပြည်နယ်ဝန်ကြီးချုပ် ဆလိုင်းလျန်လွှယ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဟန်ဝင်းအောင်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးအိုးနှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတိုးဝင်းတို့သည် ယနေ့ ညနေ ၃ နာရီခွဲက မေ ၁၆ ရက် ညနေ ၆ နာရီ ၁၅ မိနစ်တွင် ရစ်ချ်တာစကေး ၆ ဒသမ ၁ အဆင့်ရှိ အင်အားပြင်းထန်သော လျှပ်စစ်ယိုစိမ့်မှုကြောင့် ဘုရားကျောင်းနံရံနှင့် ကြမ်းခင်းများ အက်ကွဲမှုဖြစ်ပေါ်ခဲ့သည့် ဟားခါးမြို့ ဇိအုန်နှစ်ခြင်းအသင်းတော် ဘုရားကျောင်းနှင့် ဗေသလနှစ်ခြင်းအသင်းတော်ဘုရားကျောင်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဇိအုန်နှစ်ခြင်းအသင်းတော်အတွက် ထောက်ပံ့ငွေကျပ် ငါးသိန်း ပေးအပ်ရာ သင်းအုပ်ဆရာ သိက္ခာတော်ရဆရာ ဒင်းနစ်ငွန်ထောင်းမန်က လည်းကောင်း၊ ဗေသလနှစ်ခြင်းအသင်းတော်အတွက် ထောက်ပံ့ငွေကျပ် ငါးသိန်း ပေးအပ်ရာ လက်ထောက်သင်းအုပ်ဆရာ သိက္ခာတော်ရဆရာ ဒေါက်တာကျဲအိုဆန်ကုန်း ကလည်းကောင်း လက်ခံရယူသည်။ (ယာပုံ)

ယင်းနောက် ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဆလိုင်းလျန်လွှယ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးတိုးဝင်းတို့သည် သတ်မှတ်အဆောက်အအုံများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်း ပြုလုပ်မည့် ဟားခါးကောလိပ်ရှိ ကနေဒီဆောင်သို့ ရောက်ရှိကြပြီး ကြီးကြပ်ရေးအဖွဲ့ တာဝန်ရှိသူများက အိပ်ခန်းများ ပြင်ဆင်ထားရှိမှု၊ ရေ၊ မီးရရှိရေးအတွက် ဆောင်ရွက်မှုအခြေအနေ၊ ရေအိမ်၊ ရေချိုးခန်းများ ပြင်ဆင်ထားရှိမှုအခြေအနေ၊ စောင်၊ ခြင်ထောင်၊ ခေါင်းအုံးများ ဆောင်ရွက်ထားရှိမှု၊ ပိုးသတ်ဆေးဖျန်းခြင်းများ စနစ်တကျ ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို လိုက်လံရှင်းလင်းပြသရာ ကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# မော်လမြိုင်ကျွန်းမြို့နယ်တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွတ်မြောက်လာသူများအား နေရပ်သို့ စနစ်တကျ ပြန်လည်စေလွှတ်နိုင်ရေး ဆောင်ရွက်

**မော်လမြိုင်ကျွန်း မေ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် ပြန်လည်လွတ်မြောက်လာသူများအား နေရပ်သို့ စနစ်တကျ ပြန်လည်စေလွှတ်ရေးကြီးကြပ်မှုကော်မတီက အနယ်နယ်အရပ်ရပ်မှ မြို့နယ်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသော ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူ အကျဉ်းသားများအား သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများသို့ စနစ်တကျ လွှဲပြောင်းပေးအပ်ခြင်းလုပ်ငန်းများကို ယနေ့ မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်အဆင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် ပြန်လည်လွတ်မြောက်လာသူများအား နေရပ်သို့စနစ်တကျ ပြန်လည်စေလွှတ်ရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်မင်းဌေးက "အခုရောက်ရှိလာသူတွေအနေနဲ့က ကိုယ့်ကိုယ်ကိုယ် စိတ်သစ်၊ လူသစ်နဲ့ ဘဝကို ကောင်းမွန်စွာပြန်စကြရမယ်။ ရောက်ရှိလာသူတွေထဲမှာ မူးယစ်ဆေးဝါးနဲ့ပတ်သက်တဲ့လူတွေ ပါနေတဲ့အတွက် အရင်က မကောင်းတဲ့အတိတ်ဟောင်းထဲကို ပြန်လည်ရောက်ရှိမသွားစေချင်ပါဘူး" ဟု ပြောသည်။ **(အောက်ပုံ)**

ဆက်လက်၍ တက်ရောက်လာကြသူများအား ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်အောင်(ပြန်/ဆက်)**



# မြန်မာ့စိန်တလုံးသရက်သီးများ အဖွင့်ဈေးကောင်းဖြင့် စတင်ထွက်ရှိလာ

**မန္တလေး မေ ၁၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းမှ ရာသီပေါ်သီးနှံအဖြစ် စတင်ထွက်ရှိလာသည့် ရောင်းတန်းဝင် မြန်မာ့စိန်တလုံးသရက်သီးများ အဖွင့်ဈေးကောင်းမွန်စွာဖြင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချနေပြီဖြစ်ကြောင်း မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ သိရသည်။

ယခုနှစ်ရာသီတွင် ထွက်ရှိလာသည့် စိန်တလုံးသရက်သီးများမှာ အဖွင့်ဈေးကောင်းမွန်ခြင်းအတွက် နှုန်းသင့်တင့်ခြင်းများအပြင် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချရန် နယ်စပ်မူဆယ် ကုန်သွယ်ရေးလမ်းကြောင်းများလည်း ချောမွေ့နေသဖြင့် ယခုလိုဈေးဦးကောင်းသည့် အချိန်တွင် ဈေးကွက် ထိခိုက်မှုမဖြစ်ပေါ်စေရန် အရည်အသွေးပြည့်ဝသည့် သရက်သီးများကိုသာ တင်ပို့ရောင်းချကြရန် မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ ကြေညာချက်ထုတ်ပြန်ထားကြောင်း အဆိုပါအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောသည်။

"လက်ရှိဖြစ်ပေါ်နေတဲ့ ကိုဗစ်-၁၉ ရောဂါကြောင့် ကျွန်တော်တို့ရဲ့ သရက်ဈေးကွက်ကို ထိခိုက်မှုမရှိခဲ့ပါဘူး။ လောလောဆယ်မှာ အဖွင့်ဈေးကလည်း ကောင်းပြီး အထွက်နှုန်းကလည်း သင့်တင့်တဲ့အပြင် တင်ပို့တဲ့လမ်းကြောင်းကလည်း အဆင်ပြေနေတဲ့အတွက် အခုလို ဈေးဦးပေါက်ကောင်းနေတဲ့အချိန်မှာ မရင့်သေးတဲ့အသီးတွေရောပြီး ထည့်ရောင်းလို့ ဈေးနှိမ်ဝယ်ယူပြီး ဈေးကွက်ပျက်သွားမှာကို စိုးရိမ်ပါတယ်။ ဒါကြောင့် တောင်သူအချင်းချင်း၊ ပွဲစားကုန်သည်အချင်းချင်း အကျိုးကိုင့်ညှိပြီး ဈေးကွက်ထဲကို သရက်သီးရဲ့ အနံ့အရသာနဲ့ အထားခံနိုင်မှုအခြေအနေကို တွက်ဆပြီး အမှန်တကယ်ရင့်တဲ့အသီးတွေကိုသာ ခူးဆွတ်တင်ပို့ရောင်းချကြဖို့ အသင်းအနေနဲ့ သရက်စိုက်တောင်သူတွေကိုယ်စား ကြေညာချက်ထုတ်ပြန်ပြီး မေတ္တာရပ်ခံထားပါတယ်"ဟု ၎င်းက ဆက်ပြောသည်။

လက်ရှိ မူဆယ်ဈေးကွက်တွင် စိန်တလုံးသရက်သီးများအား ၁၆ ကီလိုဂရမ် တစ်ခြင်းလျှင်(ကားခနှင့် ခြင်းဖိုးမပါ) အသားတင် ပေါက်ဈေးငွေကျပ် ၂၅၀၀၀ ဝန်းကျင် ရရှိနေပြီး ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် ဈေးကွက်ကို ထိခိုက်မှုမရှိသော်လည်း သရက်သီးများအား အိတ်စွပ်ရန်အတွက် သရက်ခြံများရှိရာ ကျေးရွာများသို့ အလုပ်သမားများ ဝင်ရောက်ရန် အခက်အခဲများနှင့် သရက်သီးမှ အနှစ်ထုတ်လုပ်မည့် ပြည်တွင်းကုမ္ပဏီများအနေဖြင့် လုပ်သားခက်ခဲမှု ပြဿနာများရှိနေကြောင်း ၎င်းက ဆက်လက်ပြောသည်။



လာမည့် ရက်ပိုင်းအတွင်း၌ မြင်းခြံ၊ မလှိုင်မြို့နယ်များမှ ထွက်ရှိလာမည့် စိန်တလုံးသရက်များ ဈေးကွက်သို့ ထပ်မံဝင်ရောက်လာမည့်အပြင် မေလအတွင်း၌ အရည်အသွေး အကောင်းဆုံး စိန်တလုံးများ ဈေးကွက်အတွင်း လှိုင်လှိုင်ပေါ်ထွက်လေ့ရှိကြောင်းနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း၌ သရက်စိုက်ဧက ၃၂၅၇၅ ဧကရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# သီပေါမြို့နယ်၌ သက်ကြီးရွယ်အိုပင်စင်စားများ ကိုယ်စားလှယ်ဖြင့် ထုတ်ယူနိုင်

**သီပေါ မေ ၁၈**

ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် သီပေါမြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် အငြိမ်းစားပင်စင်လစာထုတ်ယူလျက်ရှိသော ပင်စင်စားများအနေဖြင့် မေလအတွက် အငြိမ်းစားလစာငွေများကို လစဉ် ၂၀/၂၂/၂၃ ရက်နေ့များတွင်သာ ထုတ်ပေးခြင်းမဟုတ်ဘဲ ထိုနေ့မှစ၍ ရုံးဖွင့်ရက်များတွင် ထုတ်ယူနိုင်ကြောင်း သိရသည်။

ထိုသို့ ပင်စင်လစာများ သွားရောက်ထုတ်ယူရာတွင် အသက်အရွယ်ကြီးသော ပင်စင်စားများအနေဖြင့် မိမိ မိသားစုဝင်တစ်ဦးအား သတ်မှတ်ပုံစံ ကိုယ်စားလှယ်လွှဲစာဖြင့် ထုတ်ယူနိုင်ပြီး နှာခေါင်းစည်းတပ်ဆင်ရန်၊ စနစ်တကျ လက်ဆေးကြရန်၊ ကိုဗစ်-၁၉ ရောဂါကင်းဝေးစေရန် လူ ငါးယောက်တစ်ဖွဲ့ခွဲ၍ ဝင်ရောက်ထုတ်ယူကြရန်နှင့် နံနက် ၇ နာရီမှစတင်၍ ပင်စင်လစာများ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သီပေါမြို့ မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာ ဒေါ်အေးမင်းစန္ဒာထွေးက ကြေညာထားကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# သီရိမင်္ဂလာဈေးကြီးအား နံနက် ၄ နာရီမှ ည ၇ နာရီအတွင်းသာ ဈေးအရောင်းအဝယ်ခွင့်ပြုမည်

**ရန်ကုန် မေ ၁၈**

ရန်ကုန်မြို့ လှိုင်မြို့နယ်အတွင်းရှိ ၂၄ နာရီရောင်းချလျက်ရှိသည့် သီရိမင်္ဂလာဈေးကြီးအား ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလအတွင်း ယနေ့ညမှစ၍ နံနက် ၄ နာရီမှ ည ၇ နာရီအတွင်းသာ အရောင်းအဝယ်များ ပြုလုပ်ခွင့်ပြုမည်ဖြစ်ကြောင်း ဈေးတာဝန်ခံထံမှ သိရသည်။ ည ၇ နာရီအထိ ဈေးရောင်းခွင့်ပြုမည်ဖြစ်ပြီး ည ၁၀ နာရီတွင် ဈေးအား လုံးဝပိတ်ထားလိုက်မည်၊ ဆိုင်တစ်ဆိုင်လျှင် ညအတွက် ဆိုင်စောင့်နှစ်ဦးထားရှိနိုင်ပြီး အခြားအလုပ်သမားများကို ညပိုင်း လုံးဝနေခွင့်မပြုတော့ကြောင်း ယနေ့ ဈေးအတွင်း လိုက်လံကြေညာထားသည်။

"ည ၇ နာရီအထိပဲ ရောင်းခွင့်ပြုပါမယ်။ မနက် ၄ နာရီဆို ပြန်ဖွင့်မယ်။ ဈေးသည်တွေတော့ ထားခွင့်ပေးမယ်။ ဈေးဝယ်သူအကုန် ည ၇ နာရီကျော်ရင် အပြင်ထွက်ရပါမယ်" ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ သီရိမင်္ဂလာဈေးတာဝန်ခံ ဦးအောင်လင်းဦးက ပြောသည်။

သီရိမင်္ဂလာဈေးသစ်တွင် ဆိုင်ခန်းပေါင်း ၂၉၀၅ ခန်းရှိပြီး ဟင်းသီးဟင်းရွက်များ၊ ပန်းမန်များ၊ ကုန်စိမ်း၊ သားငါးနှင့် ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်များ၊ ကုန်ခြောက်အမျိုးမျိုးကို ရောင်းချလျက်ရှိသည်။ နံနက် ၄ နာရီ ဈေးပြန်ဖွင့်ပါက ကုန်ကားများကို ဝင်ထွက်ခွင့်ပြုမည်ဖြစ်ပြီး ဈေးရောင်းချသူများနှင့် ဈေးဝယ်လာသူတိုင်း နှာခေါင်းစည်းတပ်ဆင်ပြီးမှ ဝင်/ထွက်ရမည်ဖြစ်ကာ ဈေးမှ ကုန်သည်များက ဈေးရုံးအနီးတွင် နှာခေါင်းစည်းများ ဈေးနှုန်းသင့်တင့်စွာဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

ယခင်က သီရိမင်္ဂလာဈေးတွင် ရန်ကုန်တိုင်းဒေသကြီး တစ်ခုလုံးမှ မြို့နယ်များသို့ ကုန်တန်ချိန် ၄၀၀၀ ကျော် ဖြန့်ဖြူးနေသော်လည်း ယခုအခါ တန်ချိန် ၉၀၀ ကျော်သာ ဖြန့်ဖြူးရောင်းချနေတော့ကြောင်း၊ အခြေအနေအရ အချို့ လက်တွေ့ဆောင်ရွက်ရာတွင် အခက်အခဲဖြစ်ပေါ်လာမှုများအား ဆွေးနွေးညှိနှိုင်းဆောင်ရွက်သွားမည်ဟု ကြေညာထားသည်။

**သန့်ဇင်ဝင်း**

# တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့တို့တွင် လေပြင်းများတိုက်ခတ်၊ ထောက်ပံ့ကူညီမှုများဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၈**

မြန်မာနိုင်ငံအနေဖြင့် မိုးကြိုကာလများဖြစ်သော မတ်၊ ဧပြီနှင့် မေလများအတွင်း လေပြင်းတိုက်ခတ်ခြင်း၊ မိုးတိမ်တောင်များဖြစ်ပေါ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်းများ ဖြစ်ပေါ်လေ့ရှိပြီး ယခုနှစ်တွင်လည်း လေပြင်းတိုက်ခတ်မှုများ စတင်ဖြစ်ပွားလျက်ရှိရာ မေ ၁၇ ရက်က ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်၌ နေအိမ် ခုနစ်လုံး ပြိုကျပျက်စီး၍ နေအိမ် ၉၆ လုံးနှင့် ဘုန်းကြီးကျောင်း တစ်ကျောင်း အမိုးအကာလန်ပျက်စီးခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်၌ နေအိမ် ၂၁ လုံး၊ အရာတော်မြို့နယ်တွင် နေအိမ် သုံးလုံး စုစုပေါင်း နေအိမ် ၂၄ လုံး အမိုးအကာလန် ပျက်စီးခြင်း၊ ရှမ်းပြည်နယ် မိုင်းခတ်မြို့နယ်တွင် နေအိမ်လေးလုံး၊ ဖယ်ခုံမြို့နယ်တွင် နေအိမ် တစ်လုံး စုစုပေါင်း နေအိမ် ငါးလုံး



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ရှမ်းပြည်နယ် မိုင်းခတ်မြို့နယ် လေဘေးအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။



ရှမ်းပြည်နယ် မိုင်းခတ်မြို့နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များပျက်စီးနေမှုကို တွေ့ရစဉ်။

အမိုးအကာလန်ပျက်စီးခြင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ နေအိမ် လေးလုံး အမိုးအကာလန် ပျက်စီးခြင်း၊ ကချင်ပြည်နယ် မိုးကောင်းမြို့နယ်တွင် နေအိမ် ကိုးလုံးနှင့် ဘာသာရေးကျောင်း တစ်ကျောင်း အမိုးအကာလန်ပျက်စီးခြင်းနှင့် လူတစ်ဦးသေဆုံးခြင်းတို့ ဖြစ်ပွားခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်ရုံးများမှ တာဝန်ရှိသူများသည် လေပြင်းတိုက်ခတ်မှုဖြစ်ပွားရာနေရာများသို့ သွားရောက်ထောက်ပံ့မှုများဆောင်ရွက်လျက်ရှိရာ ဆန်ရိက္ခာဖိုးနှင့် အိမ်ဆောက်ပစ္စည်းဖိုးများ စုစုပေါင်း ငွေကျပ် ၅၆၀၀၀၀၀ ကျော် ထောက်ပံ့ထားရှိကာ ထောက်ပံ့မှုများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ပြည်သူလူထုအနေဖြင့်လည်း ယခုကာလ၌ဖြစ်ပွားတတ်သည့် လေပြင်းတိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးသီးကြွေခြင်းတို့နှင့်ပတ်သက်၍ အထူးဂရုပြုနေထိုင်ကြရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## မကွေး၌ လေပြင်းတိုက်မှုကြောင့် ပျက်စီးခဲ့သည့် နေအိမ် ၂၃၀ အတွက် ထောက်ပံ့

**မကွေး မေ ၁၈**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်တွင် မေ ၁၆ ရက် ညနေ ၄ နာရီခန့်က လေပြင်းတိုက်မှု ဖြစ်ပွားခဲ့ရာ ကျေးရွာအုပ်စု ၁၄ အုပ်စုမှ ကျေးရွာပေါင်း ၂၀ တွင် ပြိုကျလူနေအိမ် ငါးလုံး၊ တစ်စိတ်တစ်ပိုင်းပျက်စီးနေအိမ် ၂၂၅ လုံးရှိရာ အိမ်ထောင်စု ၂၃၀၊ လူဦးရေ ၉၈၉ ဦး ဘေးသင့်ခဲ့သည်။

အဆိုပါ ကျေးရွာများသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မကွေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပျက်စီး နေအိမ် အလုံး ၂၃၀ အတွက် အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် ၄၄၁၀၀၀၀၊ ဆန်ခုနစ်ရက်စာဖိုး ငွေကျပ် ၂၀၇၆၉၀၀၊ စုစုပေါင်း ငွေကျပ် ၆၄၈၆၉၀၀ နှင့်




ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးကို အိမ်ထောင်စု ငါးစုအတွက် မေ ၁၇ ရက်က လေဘေးသင့် ကျေးရွာများသို့ သွားရောက်၍ ဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

**သန်းနိုင်ဦး(ငဖဲ)**

## ကြံခင်းမြို့တွင် မိုးရွာပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ ပြိုကျပျက်စီးမှုဖြစ်ပွား

**ကြံခင်း မေ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်တွင် ယမန်နေ့ ညနေပိုင်းက မိုးရွာပြီး လေပြင်းတိုက်ခတ်ခြင်းကြောင့် ဘက်ရဲမြို့အပါအဝင် ကျေးရွာ ငါးရွာရှိ လူနေအိမ်များ ပြိုကျပျက်စီးခြင်း၊ သစ်ပင်ပြိုလဲပိခြင်းနှင့် နေအိမ်အမိုးလန်ပျက်စီးခဲ့သည်။

ကြံခင်းမြို့နယ် ဘက်ရဲမြို့အတွင်းရှိ လူနေအိမ် ၂၂ လုံးမှာ လေပြင်းတိုက်ခတ်မှုကြောင့် အိမ်အမိုးလန်ပျက်စီးခဲ့ကြောင်းနှင့် လူနေအိမ် နှစ်လုံးမှာ သစ်ပင်ပြိုလဲပိသဖြင့် ဘက်ရဲမြို့အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ပူးပေါင်းရှင်းလင်းဆောင်ရွက်ခဲ့သည်။

အလားတူ ကျေးရွာအုပ်စု ငါးအုပ်စုရှိ နေအိမ် ၃၄ လုံးသည် လေပြင်းတိုက်ခတ်မှုကြောင့် အမိုးလန်ပျက်စီးခြင်း၊ နေအိမ် နှစ်လုံး ပြိုကျပျက်စီးခြင်းကြောင့် တာဝန်ရှိသူများက ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့ကြောင်း၊ လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့် တိရစ္ဆာန်များ သေဆုံးမှုမရှိကြောင်းနှင့် လေဘေးသင့် ပြည်သူအိမ်ထောင်စုများအား ထောက်ပံ့ပေးနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မိုးမိုး(ပြန်/ဆက်)**

## ရေဦးမြို့နယ်တွင် မိုးသက်လေပြင်း ကျမှုကြောင့် လူနေအိမ်ပျက်စီး

**ရေဦး မေ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်တွင် မေ ၁၇ ရက် မွန်းလွဲပိုင်းက မိုးသက်လေပြင်းနှင့်အတူ မိုးသီးများ ကျရောက်ခဲ့ပြီး လူနေအိမ် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

မိုးသက်လေပြင်း ကျရောက်ခဲ့မှုကြောင့် စည်သာမြေ ကျေးရွာနှင့် မြင်းပေါက်ကျေးရွာ လူနေအိမ် ၂၃ လုံးတွင် သွပ်မိုးများ ပေါက်ထွက်ပျက်စီးခြင်း၊ သံသည်ကျေးရွာနှင့် ရေဦးကုန်းကျေးရွာတွင် လူနေအိမ်နှစ်လုံး သွပ်မိုးလန်ပျက်စီးခဲ့ကြောင်း၊ သဘာဝဘေးဒဏ်ခံခဲ့ရသော အိမ်ထောင်စု ၂၁ စုတို့အား မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့မှုများ ပြုလုပ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းထိုက်(ရေဦး)**

## ဘောလခဲမြို့နယ်တွင် မိုးသည်းထန်စွာရွာပြီး လေပြင်းတိုက်ခတ်

**ဘောလခဲ မေ ၁၈**

ကယားပြည်နယ် ဘောလခဲမြို့နယ် နန်းဖဲကျေးရွာတွင် ယနေ့ မွန်းလွဲ ၂ နာရီက မိုးသည်းထန်စွာရွာပြီး လေပြင်းတိုက်ခဲ့ရာ လုံးပတ် ရှစ်ပေခန့် ရုံးပင်မှာ ပင်ခြေရင်းမှ ကျိုးကျကာ လွိုင်ကော်-ဘောလခဲကားလမ်းမကြီးပေါ် ပိတ်မိခဲ့သည်။

လေပြင်းတိုက်မှုကြောင့် နန်းဖဲကျေးရွာတွင်း ဦးအာကွီး၏ နှစ်ထပ်အိမ်အရှေ့ဘက်ခြမ်း ညောင်ကြပ်ပင်ကျိုးကျ၍ နေအိမ်အရှေ့ဘက်ခြမ်းပိမိပြီး အိမ်အပေါ်ထပ် သွပ်ပြားပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။ (ယာပုံ)

အဆိုပါဖြစ်စဉ်ကြောင့် လူ၊ တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရမှုမရှိဘဲ ဆိုင်ကယ်နှင့် ကားနှစ်စီးသာ အနည်းငယ်ပျက်စီးခဲ့ကြောင်း၊ ဖြစ်စဉ်ဖြစ်ပွားရာသို့ ဘောလခဲမြို့နယ် မီးသတ်တပ်ဖွဲ့မှူး ဦးဖြူချေနှင့် တပ်ဖွဲ့ဝင်များ၊ နန်းဖဲရဲကင်းမှူး ရဲအုပ်ကျော်မြင့်ခိုင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ နန်းဖဲကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသူ ရွာသားများ ဝိုင်းဝန်းရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လှရွှေ**



# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ တိုက်ပွဲရှောင်စခန်းများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၁၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၇ ရက်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ တိုက်ပွဲရှောင် စုရပ် ခုနစ်ခု ဖြစ်သော အမျိုးသားကျောင်းတိုက်၊ ကရချောင်းဘုန်းကြီးကျောင်း၊ ဃောသိတာရုံဘုန်းကြီးကျောင်း၊ ဗုဒ္ဓမော်ဘုန်းကြီးကျောင်း၊ မဟာမုနိဗုဒ္ဓဝိဟာရဘုန်းကြီးကျောင်း၊ မဟာဧယျသိဒ္ဓိဘုန်းကြီးကျောင်း၊ ဆည်းကြီးဘုန်းကြီးကျောင်းနှင့် IDP စခန်း တစ်ခုဖြစ်သော ဘာဆာရာ IDP စခန်းသို့ သွားရောက်၍ အိမ်ထောင်စုတစ်စုလျှင် ဆပ်ပြာ တစ်တောင့်နှင့် နှာခေါင်းစည်း နှစ်ခုနှုန်းဖြင့် စုစုပေါင်း အိမ်ထောင်စု ၅၂၄ စုအတွက် ဆပ်ပြာတောင့် ၅၂၄ တောင့်နှင့် နှာခေါင်းစည်း ၁၀၄၈ ခု ထောက်ပံ့ပေးခဲ့သည်။

ထို့အတူ ယနေ့တွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ တိုက်ပွဲရှောင်စခန်းများဖြစ်ကြသော မဟာဝိဇယာရာမကျောင်း၊ ဆုတောင်းပြည့်ကျောင်း၊ ဒက္ခိုန်ကျောင်းတိုက်၊ မဟာအောင်မြေဘုံကျောင်း၊ တေဇာရာမကမဋ္ဌာန်းကျောင်း၊ သာသနာ့ဗိမာန်ကျောင်းများသို့ သွားရောက်ကာ အိမ်ထောင်စု ၇၃ စုအတွက် ဆပ်ပြာတောင့် ၇၃ တောင့်၊ နှာခေါင်းစည်း ၁၄၆ ခု ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သောင်းထိုက်ရွှေ၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးကျော်ဇေယျနှင့် တာဝန်ရှိသူများက ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီး၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ကုသရေးလုပ်ငန်းများအတွက် ရောဂါကာကွယ်ရေး ဝတ်စုံ ၁၀၀၊ ဆေးရုံသုံး နှာခေါင်းစည်း ၁၀၀၀၊ N 95 နှာခေါင်းစည်း ၁၂၀၊ လေကာမျက်မှန် အစု ၃၀နှင့် ခွဲစိတ်ခန်းသုံး လက်အိတ် အစုံ ၅၀ တို့ကို ဧပြီ ၁၈ ရက်က ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာဆွေဆွေအောင် လက်ခံရယူစဉ်။ (ခရိုင်ပြန်/ဆက်)

# မြန်မာကလပ်များ ယှဉ်ပြိုင်နေသည့် AFC Cup ပြိုင်ပွဲ ကျင်းပမှုရွှေ့ဆိုင်းထားသည့်ကာလကို ထပ်မံတိုးမြှင့်

**ရန်ကုန် ဧပြီ ၁၈**

အာရှဘောလုံးအဖွဲ့ချုပ်သည် ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပွားနေသည့် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် ၂၀၂၀ ရာသီ AFC Cup ပြိုင်ပွဲကျင်းပမှုကို ရပ်နားထားပြီး ရောဂါထိန်းချုပ်နိုင်ခြင်းမရှိသေးသောကြောင့် ရွှေ့ဆိုင်းထားသည့်ကာလကို ထပ်မံတိုးမြှင့်ခဲ့သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ပြီးခဲ့သည့်ရက်ပိုင်းက ပြိုင်ပွဲရပ်နားထားသည့်ကာလကို ထပ်မံတိုးမြှင့်ခဲ့ခြင်းဖြစ်ပြီး ဇွန်လကုန်အထိ ရပ်နားသွားမည် ဖြစ်သည်။ ယခင်က ဧပြီလကုန်အထိသာ ရပ်နားထားသော်လည်း AFC Cup ပြိုင်ပွဲယှဉ်ပြိုင်နေသည့် နိုင်ငံများတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူများရှိနေသောကြောင့် ပြိုင်ပွဲအား ပြန်လည်စတင်နိုင်ခြင်းမရှိရာ ရွှေ့ဆိုင်းသည့်ကာလကို တိုးမြှင့်ခဲ့ခြင်းဖြစ်သည်။အာရှဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ် AFC Cup ပြိုင်ပွဲကို ဇုန်အလိုက်ခွဲ၍ ကျင်းပလျက်ရှိပြီး အာဆီယံဇုန်အုပ်စုသုံးခုမှာ ပထမအကျော့ပြီးဆုံးသွားပြီဖြစ်သော်လည်း အချို့အုပ်စုများမှာမူ ပွဲအနည်းငယ်သာ ကစားရသေးသလို အုပ်စု အချို့မှာလည်း တစ်ပွဲမျှပင် ကစားရခြင်းမရှိသေးကြောင်း သိရသည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ရွှေ့ဆိုင်းထားသည့်ကာလကို ထပ်မံတိုးမြှင့်ထားသော်လည်း ပြန်လည်ကျင်းပမည့်ကာလကို အတည်ပြုနိုင်ခြင်းမရှိသေးဘဲ ကိုရိုနာဗိုင်းရပ်စ်ထိန်းချုပ်နိုင်သည့်ကာလမှသာ ပြန်လည်ကျင်းပမည်ဖြစ်သည်။ လက်ရှိအနေအထားအရ ဇူလိုင်လမှသာ အစောဆုံးကျင်းပနိုင်ဖွယ်ရှိနေပြီး ရောဂါဖြစ်ပွားမှုနှုန်းထိန်းချုပ်နိုင်ခြင်းမရှိပါက ပြိုင်ပွဲရပ်နားသည့်ကာလမှာလည်း ထပ်မံကြာရှည်ဖွယ်ရှိနေသည်။ ယခုနှစ် AFC Cup ပြိုင်ပွဲတွင် မြန်မာကလပ်အသင်းများဖြစ်သည့် ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်နေပြီး ပထမအကျော့အပြီးရပ်တည်မှုအရ ရန်ကုန်အသင်းသည် နောက်တစ်ဆင့်တက်ရန် မျှော်လင့်ချက်ရှိနေသော်လည်း ရှမ်းယူနိုက်တက်အသင်းမှာမူ ရုန်းကန်ရမည် ဖြစ်သည်။



၂၀၂၀ AFC Cup ပြိုင်ပွဲတွင် ရန်ကုန်နှင့် ဟိုချီမင်းစီးတီးအသင်းတို့ ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ- စိုးညွန့်

ရန်ကုန်အသင်းသည် အုပ်စု (F)တွင် ဟိုချီမင်းစီးတီး (ဗီယက်နမ်)၊ ဟောင်အန်ယူနိုက်တက် (စင်ကာပူ)၊ လာအိုတိုယိုတာ (လာအို) တို့နှင့် ကျရောက်နေပြီး ပထမအကျော့အပြီးတွင် ဟိုချီမင်းစီးတီးနှင့် ရန်ကုန်အသင်းက ခုနစ်မှတ်စီ၊ ဟောင်အန်အသင်းက သုံးမှတ်ရထားကာ လာအိုတိုယိုတာအသင်းမှာ အမှတ်မရသေးပေ။ ရန်ကုန်အသင်းသည် ပထမအကျော့သုံးပွဲစလုံး အိမ်ကွင်းကစားခဲ့ရပြီး ဟိုချီမင်းစီးတီးနှင့် နှစ်ဂိုးစီသရေကျသော်လည်း ဟောင်အန်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ လာအိုတိုယိုတာအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရထားသည်။ ရှမ်းယူနိုက်တက်အသင်းသည် အုပ်စု (H) တွင် တမ်ပနိစ်ရိုဗာ (စင်ကာပူ)၊ ကာယာ (ဖိလစ်ပိုင်)၊ မာကာဆာ (အင်ဒိုနီးရှား)တို့နှင့် ကျရောက်နေပြီး ပထမအကျော့အပြီးတွင် တမ်ပနိစ်ရိုဗာအသင်းက ခုနစ်မှတ်၊ ကာယာအသင်းက ငါးမှတ်၊ မာကာဆာအသင်းက လေးမှတ်ရထားပြီး ရှမ်းယူနိုက်တက်အသင်းမှာမူ အမှတ်မရသေးပေ။ ရှမ်းယူနိုက်တက်အသင်းသည် ပထမအကျော့ပွဲစဉ်များတွင် ကာယာအသင်းကို အိမ်ကွင်း၌ နှစ်ဂိုး-ဂိုးမရှိ၊ မာကာဆာအသင်းကို အဝေးကွင်း၌ သုံးဂိုး-တစ်ဂိုး၊ တမ်ပနိစ်ရိုဗာအသင်းကို အဝေးကွင်း၌ နှစ်ဂိုး-တစ်ဂိုးတို့ဖြင့် ရှုံးနိမ့်ထားသည်။ ရန်ကုန်အသင်းသည် ဒုတိယအကျော့ သုံးပွဲစလုံးကို အဝေးကွင်းကစားရမည်ဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းမှာမူ အိမ်ကွင်းနှစ်ပွဲ၊ အဝေးကွင်းတစ်ပွဲ ကစားရမည်ဖြစ်သည်။

ညီမြတ်သော်တာ

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

### ဟယ်ရီကိန်း၏ နေရာကို အစားထိုးရန် ခက်ခဲဖွယ်ရှိ

စပါးနှင့် ဘာရာဇီးတိုက်စစ်ကစားသမား လူးကပ်စ်မော်ရာ (၂၇ နှစ်) သည် စပါးအသင်းအနေဖြင့် အသက် (၂၆ နှစ်)အရွယ် အင်္ဂလန်အသင်းခေါင်းဆောင် ဟယ်ရီကိန်းကို အသင်းမှ ထွက်ခွာခွင့်ပြုပါက အဆိုပါ ကစားသမား၏ နေရာကို အစားထိုးရန် ခက်ခဲဖွယ်ရှိသည်ဟု ထုတ်ဖော်ပြောကြားလိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

### ကစားသမား သုံးဦးကို ရောင်းထုတ်သွားရန် ဆွေးနွေး

ဝက်စ်ဟမ်းအသင်းသည် ကိုရိုနာဗိုင်းရပ်စ်အကျပ်အတည်းကာလတွင် ဘဏ္ဍာရေးအခက်အခဲကို ဖြေရှင်းနိုင်ရန်အတွက် ပထမအသင်းမှ ကစားသမား သုံးဦးကို ရောင်းထုတ်သွားရန် ဆွေးနွေးနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

### နေမာကို ပြန်လည်ခေါ်ယူနိုင်ရေး ကစားသမားသုံးဦးကို အသုံးချဖွယ်ရှိ

ဘာစီလိုနာအသင်းသည် ပီအက်စ်ဂျီအသင်းမှ ဘရာဇီးတိုက်စစ်ကစားသမား နေမာကို ပြန်လည်ခေါ်ယူနိုင်ရေးအတွက် အပြောင်းအရွှေ့တစ်စိတ်တစ်ပိုင်းအဖြစ် အသင်းမှ ပြင်သစ်ကစားသမားသုံးဦးဖြစ်သော အမ်တီတီ၊ ဒမ်ဘီလီနှင့် တိုဒီဘိုတို့ကို အသုံးချဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

### ကော်တင်ဟို၏ အနာဂတ်သည် ချူးကမ့်၌ ရှိနေသေး

ဘာစီလိုနာနည်းပြ ဆက်တီယန်သည် လက်ရှိတွင် ဘိုင်ယန်မြူးနစ်အသင်းတွင် အငှားကစားလျက်ရှိနေသော ကော်တင်ဟို၏ အနာဂတ်သည် ချူးကမ့်၌ ရှိနေသေးကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

### ကင်မရွန်း ဂိုးသမား အိုနာနာ၏ ပြောင်းရွှေ့ကြေး သတ်မှတ်

အိုင်းယက်စ်အသင်းသည် ချယ်လ်ဆီး၊ ဘာစီလိုနာနှင့် ပီအက်စ်ဂျီအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားခြင်းခံနေရသော အသက် (၂၄ နှစ်) အရွယ် ကင်မရွန်း ဂိုးသမား အိုနာနာ၏ ပြောင်းရွှေ့ကြေးကို ပေါင် ၃၅ သန်း သတ်မှတ်လိုက်ကြောင်း သတင်းများတွင် ဖော်ပြထား သည်။

### ဂါဘရီရယ်ကို ခေါ်ယူရန် စိတ်ဝင်စား

အာဆင်နယ်၊ ချယ်လ်ဆီး၊ အဲဗာတန်အသင်းတို့သည် လိုင်လီအသင်းမှ ဘရာဇီးခံစစ်ကစားသမား ဂါဘရီရယ် (၂၂နှစ်) ကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အခြားသတင်းတစ်ရပ်တွင် အာဆင်နယ်အသင်းသည် ပီအက်စ်ဂျီအသင်းမှ ကာဇူဝါကို ခေါ်ယူရန် လက်လွှတ်ရဖွယ်ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

### မာရှယ်ကို အင်တာမီလန် ခေါ်ယူလို

အင်တာမီလန်အသင်းသည် ၎င်းတို့အနေဖြင့် နွေရာသီတွင် မာတီနက်ဇ်ကို ဘာစီလိုနာအသင်းသို့ လက်လွှတ်ခဲ့ရပါက မန်ယူတိုက်စစ်ကစားသမား မာရှယ်ကို ခေါ်ယူလိုနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အောင်ဇော်

# ဒေါ့မွန်အသင်းက မန်ယူအသင်းမှ ဂရင်းဝုဒ်ကို ခေါ်ယူလို

ဂျာမန်ကလပ် ဒေါ့မွန်အသင်းသည် မန်ယူအသင်းမှ အင်္ဂလန်လူငယ်တိုက်စစ်ကစားသမား မေဆွန်ဂရင်းဝုဒ်ကို ခေါ်ယူလိုနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အပြန်အလှန်အားဖြင့် မန်ယူအသင်းကလည်း ဒေါ့မွန်အသင်းမှ အင်္ဂလန်တောင်ပံကစားသမား ဂျာဒန်ဆန်ချိုကို ခေါ်ယူလိုနေသည့်အတွက် အဆိုပါ အပြောင်းအရွှေ့မှာ ဖြစ်မြောက်လာဖွယ်ရှိနေသည်။



သို့သော်လည်း အသက် (၁၈ နှစ်) အရွယ် ဂရင်းဝုဒ်ကို မန်ယူအသင်းက ကာလရှည်ထိန်းသိမ်းထားရန် ဆန္ဒရှိနေသည်။ ၎င်းသည် မန်ယူအသင်းအတွက် ယခုနှစ်ရာသီတွင် ၁၂ ဂိုး သွင်းယူထားနိုင်ကြောင်း သိရသည်။ ဂရင်းဝုဒ်သည် မန်ယူအသင်းနှင့် နှစ်ရှည်စာချုပ်ချုပ်ဆိုထားသူလည်း ဖြစ်သည်။

ထို့အပြင် မန်ယူအသင်းသည် နွေရာသီအပြောင်းအရွှေ့ကာလတွင် ၎င်းတို့ဦးစားပေးခေါ်ယူမည့် ကစားသမားမှာ ဆန်ချိုဖြစ်ကြောင်း ထုတ်ဖော်ပြောကြားပြီးနောက် အပြောင်းအရွှေ့တစ်စိတ်တစ်ပိုင်းအဖြစ် ဂရင်းဝုဒ်ကို အသုံးချလာဖွယ်ရှိနေသည်။

အသက် (၂၀)အရွယ်သာ ရှိသေးသည့် ဆန်ချိုသည် ၂၀၁၇ ခုနှစ်တွင် မန်စီးတီးအသင်းမှ ထွက်ခွာပြီး ဒေါ့မွန်အသင်းသို့ ပြောင်းရွှေ့လာပြီးနောက် ခြေစွမ်းသိသိသာသာ တိုးတက်လာခဲ့ကာ နာမည်ကြီးအသင်း အများအပြားက ခေါ်ယူရန် စိတ်ဝင်စားနေခြင်း ဖြစ်သည်။ ၎င်းသည် ယခုနှစ်ရာသီတွင် ဒေါ့မွန်အသင်းအတွက် ၂၃ ပွဲ ကစားထားပြီး ၁၄ ဂိုးသွင်းယူပေးထားနိုင်ကြောင်း သိရသည်။ မန်ယူအသင်းသည် ဆန်ချိုကို ခေါ်ယူရေးတွင် အခြားသော နာမည်ကြီးအသင်းများထက် လက်ဦးမှု ရယူဖွယ်ရှိနေသည်။ ဒေါ့မွန်အသင်းက ဆန်ချို၏ ပြောင်းရွှေ့ကြေးကို ပေါင်သန်း ၁၀၀ မှ ၁၂၀ ကြား သတ်မှတ်ထားသည်။ မန်ယူအသင်းသည် ဒေါ့မွန်တောင်ပံကစားသမား ဆန်ချိုအပြင် စပါးအသင်းမှ ဟယ်ရီကိန်းကိုလည်း ခေါ်ယူရန် ပြီးခဲ့သည့်ရက်များအတွင်း သတင်းများ ထွက်ပေါ်လာခဲ့သည်။

အခြားသတင်း တစ်ရပ်တွင်မူ ပြင်သစ်ကွင်းလယ် ကစားသမား ပေါ့ဂ်ဘာ (၂၇နှစ်) သည် မန်ယူအသင်းနှင့် စာချုပ်သစ် ချုပ်ဆိုဖွယ်ရှိနေကြောင်း ဖော်ပြထားသည်။**အောင်ဇော်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဧပြီ ၁၈**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

# ရေဦးမြို့နယ် ပေကုန်းကျေးရွာ၌ မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်

**ရေဦး မေ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ပေကုန်းကျေးရွာ၌ မေ ၁၇ ရက် က မီးဖိုမီးကြွင်းမီးကျန်မှ တစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ရွှေဘိုခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမြင့်ထံမှ သိရသည်။

ယင်းနေ့ နံနက်ပိုင်းက ရေဦးမြို့နယ် ရွာဖုကြီးကျေးရွာအုပ်စု ပေကုန်းကျေးရွာ၌ မီးလောင်နေကြောင်း သတင်းအရ ရေဦးမြို့နယ် မီးသတ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးရန်ပိုင်ဖြိုး ဦးဆောင်၍ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီး၊ မုံတိုင်ပင်နယ်မြေမီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ သန္ဒေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ကျေးရွာနေပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၁ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသွားကြောင်း သိရသည်။



မီးလောင်ပျက်စီးသွားသည့် နေအိမ်အဆောက်အအုံကို တွေ့ရစဉ်။

မီးလောင်မှုဖြစ်ပွားရခြင်းမှာ အိမ်ရှင် ဒေါ်ရွှေမိ (၆၃ နှစ်) ၏ မီးဖိုတဲမီးကြွင်းမီးကျန်မှတစ်ဆင့် အနီးရှိ ထရံသို့ မီးကူးစက်ကာ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မီးလောင်မှုကြောင့် အိမ်ရှင် ဒေါ်ရွှေမိ၏ နှစ်ထပ်လူနေအိမ်အပေါ်ထပ်နှင့် မီးဖိုတဲတစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ဒေါ်ရွှေမိအား ရေဦးမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

# နှာခေါင်းစည်းတပ်ရန်ပြောဆိုသူကို ဓားဖြင့်ခုတ်သူအား အရေးယူ

**မန္တလေး မေ ၁၈**

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် (စ)ရပ်ကွက်ရှိ ရတနာပုံ(စ)ဈေးတွင် မေ ၁၇ ရက် နံနက်ပိုင်းက ဌာနဆိုင်ရာတာဝန်ရှိသူများက ကိုဗစ် - ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ဈေးရောင်း/ဈေးဝယ်များအား နှာခေါင်းစည်းတပ်ရန်နှင့် စည်းကမ်းချက်များအား ပြောဆိုနေစဉ် ဓားခုတ်မှုတစ်ရပ် ဖြစ်ပွားခဲ့သည်။

အဆိုပါနေ့ နံနက် ၆ နာရီ ခွဲတွင် ပြည်ကြီးတံခွန်မြို့နယ် (စ)ရပ်ကွက် ၅၈ လမ်းနှင့် ၅၉ လမ်းကြား အောင်ဇေယျလမ်းနှင့် ဘုရင့်နောင်လမ်းကြား ရတနာပုံ (စ) ဈေးမြောက်ဘက်အလယ်ပေါက်တွင် ဈေးအတွင်း ကိုဗစ် - ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမဖြစ်ပေါ်စေရေးအတွက် ဦးအောင်ညွှန့်(ဈေးတာဝန်ခံ)နှင့် အဖွဲ့က ဈေးရောင်းသူ/ဈေးဝယ်သူများအား နှာခေါင်းစည်းတပ်ရန် စည်းကမ်းချက်များအား လိုက်နာရန် လိုက်လံပြောဆိုရာတွင် နှာခေါင်းစည်းမတပ်ဘဲ သစ်သီးရောင်းနေသူ ဦးတင့်လွင်(ခ) ကျော်တင့်(ခ)မောင်လွင် (၄၈ နှစ်)က လာရောက်ပြောဆိုနေသော ဌာနဆိုင်ရာတာဝန်ရှိသူများကို သစ်သီးရောင်းဝယ်ရာတွင် အသုံးပြုသည့် အရိုးအသွား ၁၀ လက်မခန့် ရှိ စတီးဓားဖြင့် လိုက်လံခုတ်ခဲ့ကြောင်း၊ ထိုသို့ ခုတ်စဉ် ဦးတူး၏ အင်္ကျီစုတ်ပြဲသွားပြီး ဦးတင့်လွင်အား ဈေးသူ၊ ဈေးသားများက ဝိုင်းဝန်းဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးတင့်လွင်(ခ)ကျော်တင့်(ခ)မောင်လွင် (၄၈)နှစ်အား ပြည်ကြီးတံခွန်မြို့နယ် စက်မှုနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## မြန်မာ့ရုပ်မြင်သံကြား

၁၉ . ၄ . ၂၀၂၀ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- ၆:၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)
- ၆: ၃၀ - မဇ္ဈိမအလင်း (အပိုင်း- ၁၀)
- ၇:၀၀ - Breakfast News
- ၉:၁၀ - နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ အဖွဲ့ဝင်ဆရာတော်၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဝံသ ရွာသာကျောင်း၊ ပွင့်ဖြူမြို့နယ်၊ မကွေးတိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း"
- ၁၁:၄၅ - This Week's Special Interest
- ၁၂:၂၀ - ရတနသုတ်တော်နှင့်ပတ်သက်သည့်သင်ကြားပို့ချမှု
- ၁၃:၃၀ - မြန်မာဂန္တဝင်ရုပ်ရှင် ဤလူ့ဘောင်တွင် (ထွန်းဝေ၊ မောင်မောင်တာ၊ မြင့်မြင့်ခင်) (ဒါရိုက်တာ ရွှေဒုံးဘီအောင်)

**ညပိုင်း**

- ၁၆:၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ နတ်ဆိုးမလေးရဲ့ကိုယ်ရံတော် (အပိုင်း- ၉)
- ၁၇:၃၅ - ထူးခြားစုံလင်အာရှ ပစိဖိတ်အစီအစဉ်
- ၁၈:၃၀ - ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု နရသီဟပတေ့မင်း
- ၁၉:၀၀ - လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် ကြီးစွာအန္တရာယ် ရှောင်နိုင်ဖို့...လေ့လာကြပါစို့
- ၂၀:၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- - ဘဝနှင့်အနုပညာ (ဖြတ်သန်းလာသမျှ အနုပညာဘဝ) သိုက်ထွန်းသက် (အပိုင်း- ၄)
- - မြန်မာဗီဒီယိုဇာတ်လမ်း မိစ္ဆာတေး (လူမင်း၊ ဝတ်မှုံရွှေရည်) (ဒါရိုက်တာ ဟိန်းစိုး)
- - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော် (ရတနသုတ်)

# မြဝတီမြို့ ဝိဝေကရာမလမ်းတွင် အွန်လိုင်းလောင်းကစားဂိမ်း ပြုလုပ်သူ နိုင်ငံခြားသားများ ဖမ်းဆီးရမိ

**မြဝတီ မေ ၁၈**

ကရင်ပြည်နယ် မြဝတီမြို့ အမှတ် (၄) ရပ်ကွက် ဝိဝေကရာမလမ်းရှိ ဟိုတယ်တစ်ခုတွင် ယမန်နေ့က တရားမဝင် အွန်လိုင်းလောင်းကစားဂိမ်းများ ဆောင်ရွက်နေသော တရုတ်နိုင်ငံသား လင်းရှောင်ချန် (၂၀ နှစ်) အပါအဝင် အမျိုးသား ၃၀ တို့အား ဖမ်းဆီးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

စည်သူ (၃၅ နှစ်) ပိုင်ဆိုင်သော ဟိုတယ်တွင် တရားမဝင် အွန်လိုင်းလောင်းကစားဂိမ်းများ ဆောင်ရွက်နေကြောင်း သတင်းအရ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်လင်းဦးနှင့် တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်သားများ၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူး ဦးဇော်မျိုးလွင်နှင့် ဝန်ထမ်းများ၊ ပြည်နယ်နယ်ခြားစောင့်တပ်မှ စောဒေးဗစ်နှင့် တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် အဆိုပါ ဟိုတယ်သို့ ဝင်ရောက်ရှာဖွေရာ တရုတ်နိုင်ငံသား လင်းရှောင်ချန် (၂၀ နှစ်) အပါအဝင် အမျိုးသား ၃၀ တို့အား အွန်လိုင်းလောင်းကစားဂိမ်း ကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မြဝတီမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# မင်းဘူး(စကု)မြို့နယ်တွင် မသင်္ကာသူအား စစ်ဆေးရာမှ ခိုးမှုပေါ်ပေါက်

**မင်းဘူး မေ ၁၈**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် စကုမြို့တွင် ယမန်နေ့က မသင်္ကာသူတစ်ဦးအား စစ်ဆေးရာမှ ခိုးမှုပေါ်ပေါက်ခဲ့ကြောင်း စကုနယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မင်းဘူးမြို့နယ် စကုနယ်မြေစခန်းမှ ဒုရဲအုပ်မျိုးသက်ထွန်းနှင့် အဖွဲ့သည် စကုမြို့၊ အမှတ်(၁)ရပ်ကွက်၊ မန်းတံတားပေါ်တွင် အမှတ်(၂)ရပ်ကွက်နေ အောင်ပြည့်စုံ(ခ) အောင်မြင့်ဇော်သည် ဆိုင်ကယ်မောင်းနှင်လာသည်ကို မသင်္ကာသဖြင့် စစ်ဆေးရာ အဆိုပါဆိုင်ကယ်အား ၎င်း ပိုင်ဆိုင်ကြောင်း အထောက်အထားပြနိုင်ခြင်းမရှိသဖြင့် စကုနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကျော်စိုးဝင်း(မင်းဘူး)**

# ယင်းမာပင်နှင့် ကန့်ဘလူမြို့နယ်တို့၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေဖြင့် အရေးယူ

**နေပြည်တော် မေ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် နဘူးတောကျေးရွာနေ သိန်းနိုင်ဦး(ခ) ဖိုးတုတ်(၃၇နှစ်)အား ယင်းမာပင်မြို့မရဲစခန်းက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေဖြင့် အမှုဖွင့်စစ်ဆေးခဲ့သည်။

မေ ၁၆ ရက် နံနက်က ယင်းမာပင်မြို့နယ် နဘူးတောကျေးရွာအဝင်၌ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါနှင့်ပတ်သက်၍ စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် အရက်မူးပြီး ဆိုင်ကယ်ဖြင့် ရောက်ရှိလာသည့် သိန်းနိုင်ဦး(ခ) ဖိုးတုတ်အား လက်ဆေးပြီးမှ ကျေးရွာအတွင်း ဝင်ရောက်ရန် ပြောဆိုရာ သိန်းနိုင်ဦး (ခ)ဖိုးတုတ်မှ လိုက်နာခြင်းမရှိဘဲ ဆဲဆိုခြင်းများ ပြုလုပ်ခဲ့သဖြင့် အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

ထို့အတူ မေ ၁၇ ရက်က ကန့်ဘလူမြို့နယ် ဇီးကုန်းမြို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် ဇီးကုန်းမြို့ပေါ်ရပ်ကွက်များရှိ လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်များအား ကိုဗစ်- ၁၉ ရောဂါနှင့် ပတ်သက်၍ ဆိုင်ထိုင်ရောင်းချခြင်း မပြုရန် ညွှန်ကြားချက်အပေါ် လိုက်နာခြင်း ရှိ / မရှိ လိုက်လံစစ်ဆေးရာ အောင်သိဒ္ဓိရပ်ကွက်နေ ဦးကျော်စွာဝင်း (၄၂)နှစ်သည် ၎င်း ပိုင်ဆိုင်သော လက်ဖက်ရည်ဆိုင်တွင် ဆိုင်ထိုင်ရောင်းချနေကြောင်း စစ်ဆေးတွေ့ရှိခဲ့သဖြင့် ဦးကျော်စွာဝင်းအား ဇီးကုန်းနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



အိုက်လန်(ခ) နန္ဒိယ၊ မနန်းနွမ်းတို့အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# တောင်ကြီးမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၈**

တောင်ကြီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့က တောင်ကြီးမြို့နယ် နန်းဟောင်းကျေးရွာအုပ်စု ဘန်ကွဲကျေးရွာအနီး တောင်ကြီး - မိုင်းပျဉ်းသွားကားလမ်းတွင် အိုက်လန်(ခ) နန္ဒိယ မောင်းနှင်ပြီး မနန်းနွမ်း လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၆၀၀ သိမ်းဆည်းရမိခဲ့သဖြင့် အိုက်လန်(ခ) နန္ဒိယ (၃၅)နှစ်၊ မနန်းနွမ်း (၃၅)နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ကျောက်တံခါးမြို့၌ တွဲယာဉ်နှင့် ဆိုင်ကယ်တိုက်မှုဖြစ် အမျိုးသမီးတစ်ဦး သေဆုံး

**ကျောက်တံခါး မေ ၁၈**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရန်ကုန် - မန္တလေး ကားလမ်း တောကျွဲအင်း နယ်မြေရဲစခန်းအပိုင် အောင်မြင်မြို့ အဝေရာရပ်ကွက်၌ မေ ၁၈ ရက်က တွဲယာဉ်နှင့် ဆိုင်ကယ်တိုက်မှုဖြစ်ရာ ဆိုင်ကယ်ပေါ်ပါသူ အမျိုးသမီးတစ်ဦး နေရာတွင် သေဆုံးမှုဖြစ်ပွားခဲ့သည်။

မန္တလေးဘက်မှရန်ကုန်ဘက်သို့ သီပေါမြို့နယ် နမ့်လန်ကျေးရွာနေသူ ယာဉ်မောင်းချစ်ဖွယ်(ခ) ဖိုးချစ်၃၄နှစ် မောင်းနှင်လာသော ၂၂ ဘီးတွဲယာဉ်သည် ပြောင်းဖူးအိတ်များကို တင်ဆောင်မောင်းနှင်လာစဉ် လားရာတူရှေ့မှ ထန်းတပင်မြို့နယ်ဂွအိုင်ကျေးရွာနေသူ ကိုထွေး ၄၀ နှစ် မောင်းနှင်ပြီး ဇနီးဖြစ်သူ မဝင်းမာဋ္ဌေး ၃၉ နှစ်လိုက်ပါလာသည့် ဆိုင်ကယ်ကို ဝင်ရောက်တိုက်မိခဲ့ကြောင်း၊ ယာဉ်တိုက်မှုကြောင့် မဝင်းမာဋ္ဌေးမှာ ရရှိဒဏ်ရာများဖြင့်နေရာတွင် သေဆုံးခဲ့ကာ ကိုထွေးမှာ ဒဏ်ရာ (မစိုးရိမ်ရ) ရရှိသဖြင့် အောင်မြင်တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ကုသခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ကျောက်တံခါးမြို့နယ် တောကျွဲအင်းနယ်မြေရဲစခန်းမှ ယာဉ်မောင်း ချစ်ဖွယ်(ခ)ဖိုးချစ်အား အမှုဖွင့်ထားကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# ကိုဗစ် - ၁၉ ကြောင့် ကမ္ဘာတစ်ဝန်းသေဆုံးမှုသည် ၁၅၀၀၀၀ ကျော်လွန်

ဝါရှင်တန် မေ ၁၈

**ကိုဗစ်-၁၉ ကြောင့် ကမ္ဘာတစ်ဝန်းသေဆုံးမှုသည် လွန်ခဲ့သော ၂၄ နာရီက ၁၅၀၀၀၀ ကျော်လွန်ခဲ့သည်။ ကမ္ဘာ့ကပ်ရောဂါစတင်ဖြစ်ပွားရာ ဗဟိုချက်နေရာဖြစ်သည့် ဝူဟာန်နှင့် ပတ်သက်သည့် ကိုဗစ် -၁၉ ကိန်းဂဏန်းကို တရုတ်က ပြန်လည်ပြင်ဆင်လိုက်ပြီးနောက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က တရုတ်နိုင်ငံအား တကယ့်စာရင်းမှန်ကို ဆက်လက်ဖုံးကွယ်ထားသည်ဆိုပြီး စွပ်စွဲခဲ့သည်။**



အီကွေဒေါနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကိုကာကွယ်ရန် နှာခေါင်းစည်းများလိုက်လံရောင်းချနေသော လက်ပွေ့ဈေးသည်တစ်ဦးကို တွေ့ရစဉ်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အမေရိကန်ပြည်ထောင်စုနှင့် ဥရောပအနောက်ခြမ်းနိုင်ငံများတွင် သေဆုံးမှုစာရင်းများမြင့်တက်လာသည်။ သို့သော်လည်း နောက်ဆုံးဗိုင်းရပ်စ်ကူးစက်မှုစာရင်းများနှင့် သေဆုံးမှုစာရင်းများကိုကြည့်လျှင် ဗိုင်းရပ်စ်သည် ကမ္ဘာတစ်ဝန်းလုံး အကြားအလပ်မရှိ ကူးစက်ပျံ့နှံ့လာသည်ကို တွေ့နိုင်ကြောင်း သိရသည်။

ကမ္ဘာ့လူဦးရေ ထက်ဝက်ကျော်ပမာဏဖြစ်သည့် ၄ ဒသမ ၅ ဘီလီယံခန့်သည် ၎င်းတို့၏ နေအိမ်များတွင် သာနေထိုင်နေကြရပြီး တစ်ဦးနှင့်တစ်ဦးခပ်ခွာခွာနေထိုင်ခြင်းသည် ဗိုင်းရပ်စ်ကူးစက်မှုနှုန်းကို နှေးစေသည်ဆိုသည့် အချက်ကို သက်သေပြလျက်ရှိကြောင်း သိရသည်။

သို့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ပျံ့နှံ့ချိန်တွင် ကမ္ဘာ့စီးပွားရေးပြန်လည်ရှင်သန်အောင်လုပ်ဆောင်ရာတွင် ဘယ်အချိန် ဘယ်ကာလအထိ ဘယ်လိုမျိုး အကျဉ်းအကျပ်မှလွတ်အောင်ဆောင်ရွက်မလဲဆိုသည့် လှုပ်ရှားဆောင်ရွက်မှုများနှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်မှုများ ဆက်လက်ကျန်ရှိနေဆဲဖြစ်ကြောင်း သိရသည်။

ယခုအခါတွင် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၉၃ နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသည့် အတည်ပြုလူနာပေါင်း ၂ ဒသမ ၂ သန်းကျော်လာပြီဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ကိုဗစ် - ၁၉ ကူးစက်ခံလူနာအချို့တွင် ထူးဆန်းသည့် ဦးနှောက်ကစဉ့်ကလျားဖြစ်မှု ပုံစံတစ်မျိုးတွေ့ရှိ

**ဝါရှင်တန် မေ ၁၈**

အမေရိကန်ပြည်ထောင်စု နယူးယောက်ရှိ ဆေးရုံသို့ရောက်လာသော ကိုဗစ်- ၁၉ ကူးစက်ခံလူနာများတွင် ထူးဆန်းသည့် ဦးနှောက်ကစဉ့်ကလျားဖြစ်မှု ပုံစံတစ်ခုကိုတွေ့ရှိခဲ့ရကြောင်း မေ ၁၈ ရက်က နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြသည်။


ဖျားနာ၊ ချောင်းဆိုး၊ အသက်ရှူကျပ်သည့်ရောဂါဝေဒနာများ ခံစားရပြီးနောက် ကိုဗစ်- ၁၉ ရောဂါကူးစက်ခံလူနာအချို့တွင် ဦးနှောက်ကစဉ့်ကလျားဖြစ်မှုနှင့် ဆိုင်သော လက္ခဏာများခံစားခဲ့ရကြောင်း၊ ယင်းအခြေအနေတွင် ၎င်းတို့ဘယ်ရောက်နေသည်၊ ဘယ်နှခုနှစ်သို့ ရောက်နေပြီဆိုသည်ကို မသိတော့ကြောင်း အဆိုပါ သတင်းတွင် ဆက်လက်ဖော်ပြထားသည်။

အဆိုပါအခြေအနေသည် သွေးတွင်း အောက်ဆီဂျင်နည်းနေသည့် လက္ခဏာနှင့်ဆက်စပ်ပြီး ဖြစ်ပေါ်နေသည်ဟု ယူဆရမလိုဖြစ်သော်လည်း တချို့လူနာများတွင် အဆိုပါ ဦးနှောက်ကစဉ့်ကလျားဖြစ်ကာ ရှုပ်ထွေးမှုသည် အဆုတ်မည်သို့မည်ပုံခံစားနေရသည်ဆိုသည်နှင့် သက်ဆိုင်ကြောင်း သိရသည်။

ကိုဗစ် -၁၉ ကြောင့် ဦးနှောက်နှင့်အာရုံကြောစနစ်များအပေါ် ထိခိုက်မှုရှိလာခြင်းကို စိုးရိမ်ပူပန်မိကြောင်း အင်န်ဝိုင်ယူလန်ဂွန်း ဘရွတ်ကလင်း ဆေးရုံ ဦးနှောက်နှင့် အာရုံကြောပါရဂူ ဂျနီဖာဖရွန်တီရာက ပြောကြားလိုက်သည်။

လူအများစုသည် ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာသော အသက်ရှူလမ်းကြောင်းဆိုင်ရာ ဝိသေသလက္ခဏာများနှင့် ရင်းနှီးကျွမ်းဝင်လာကြောင်း။ ယင်းအပြင် ကိုဗစ်-၁၉ နှင့် ပတ်သက်သည့် ပုံမှန်မဟုတ်သော သတင်း ပေးပို့မှုများကို ပိုမိုတွေ့ကြုံနိုင်ကြောင်းလည်း သိရသည်။

**အေအက်ဖ်ပီ**



ဦးနှောက်ပုံရိပ်ဖမ်းစက်ဖြင့် ရိုက်ယူထားသော ဦးနှောက်ကို တွေ့ရစဉ်။

# အမေရိကန်လယ်ယာကဏ္ဍကို မြှင့်တင်ရန် ဒေါ်လာ ၁၉ ဘီလီယံ အစိုးရကကူညီမည်

**ဝါရှင်တန် မေ ၁၈**

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ကိုဗစ်-၁၉ ကြောင့် စီးပွားရေးအကျပ်အတည်းသို့ရောက်နေချိန် လယ်ယာကဏ္ဍကိုကူညီရန် ယမန်နေ့က အမေရိကန်ဒေါ်လာ ၁၉ ဘီလီယံတန်ဖိုးရှိ ဘဏ္ဍာငွေအကူအညီပေးရေး အစီအစဉ်တစ်ခုကို ကြေညာခဲ့ကြောင်း သိရသည်။

အစိုးရအနေဖြင့် တောင်သူလယ်သမားများနှင့် မွေးမြူရေးလုပ်ကိုင်သူများအတွက် ဒေါ်လာ ၁၉ ဘီလီယံတန်ဖိုးရှိ ကယ်ဆယ်ရေး အစီအစဉ် တစ်ခုကို အကောင်အထည်ဖော်မည်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားလိုက်သည်။

အဆိုပါအစီအစဉ်တွင် တောင်သူလယ်သမားများနှင့် မွေးမြူရေးသမားများ လက်ထဲသို့ ထောက်ပံ့ငွေ တိုက်ရိုက်ပေးအပ်မည့် အစီအစဉ်လည်း ပါဝင်ကြောင်း သိရသည်။

ကိုဗစ်- ၁၉ ဖြစ်စဉ်ကြောင့် မမျှော်မှန်းနိုင်သော ဆုံးရှုံးမှုများဖြစ်ပေါ်လျက်ရှိသည်။

လယ်ယာစိုက်ပျိုးရေးဝန်ကြီး ဆိုနီပါဂျူက ကိုဗစ်- ၁၉ ကြောင့် ကျောင်းများ၊ စားသောက်ဆိုင်များ ပိတ်ထားပြီး အိမ်၌သာ စားသောက်နေထိုင်ကြသောကြောင့် အမေရိကန်လယ်သမားများအနေဖြင့် လိုအပ်ချက်များရှိလာမှုနှင့် အတူ အကြီးအကျယ် ထိခိုက်ခံနေရကြောင်း ပြောကြားလိုက်သည်။

ကိုဗစ်-၁၉ ကြောင့် ကုန်စည်စီးဆင်းမှုကို ကမောက်ကမဖြစ်စေကာ လယ်သမားများ၏ နို့ထုတ်လုပ်ငန်းများကိုလည်း အကြီးအကျယ် ထိခိုက်စေခဲ့ကြောင်း သိရသည်။ **အေအက်ဖ်ပီ**



ဂျော်ဂျီယာရှိ ရွှေ့ပြောင်းဈေးတစ်ခုတွင် စေတနာရှင်များ ကုန်ပစ္စည်းများကို ကားအတွင်းထည့်နေသည်ကိုတွေ့ရစဉ်။

# ချီလီတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုကိုကာကွယ်ရန် အဝင် အထွက်ပိတ်ဆို့မှုများချမှတ်ထားသော်လည်း လူထုမကျေနပ်မှုများဖြစ်နေကြောင်း ကျွမ်းကျင်သူများပြော

**ဆန်တီယာဂို မေ ၁၈**

နှစ်ပေါင်း ၃၀ အတွင်း အကြီးဆုံးလူထုအုံကြွမှုဖြစ်ပွားခဲ့ပြီး ခြောက်လအကြာ ကိုဗစ်- ၁၉ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်သည့်အနေဖြင့် နိုင်ငံကိုအဝင်အထွက် ကန့်သတ်လိုက်ပြီးနောက် ချီလီနိုင်ငံရှိလမ်းများ နောက်တစ်ကြိမ်ပြန်လည်ငြိမ်သက်တိတ်ဆိတ်လာခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မေ ၁၈ ရက်က ဖော်ပြလိုက်သည်။

သို့သော်လည်း လူထုအုံကြွမှုဖြစ်စေသည့် စိတ်ပျက်ဖွယ်ရာများနှင့် မညီမျှမှုများသည် လုံးဝပျောက်ကွယ်သွားခြင်းမဟုတ်ဘဲ တအုံနွေးနွေးဖြစ်လျက်ရှိကာ ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှုကို တားဆီးရန် အဝင်အထွက်ပိတ်ဆို့မှုကာလ လွန်မြောက်သွားပါက ပြန်လည်ပေါက်ကွဲထွက်လာဦးမည်ဖြစ်ကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

သမ္မတ ဆီဘက်ရှန်ပီနီရာနှင့် ၎င်း၏ အစိုးရကို ဆန့်ကျင်သည့် လူထုလှုပ်ရှားမှုသည် အောက်တိုဘာ ၁၈ ရက်က ပေါ်ပေါက်ခဲ့သည်။ လူနေမှုစရိတ်ကြီးမြင့်လာခြင်းနှင့် လူချမ်းသာများ အကျိုးဖြစ်ထွန်းစေမည့်စနစ်များကိုအကြောင်းပြုကာ လူထုမကျေနပ်ချက်များ မပေါက်ဖွားလာခင် ဆန်တီယာဂိုတွင် မြေအောက်ရထားခများ အနည်းငယ်ကြီးမြင့်လာခြင်းများ အစပျိုးဖြစ်ပွားလာခဲ့သည်။

လွန်ခဲ့သောလက လူထုအုံကြွမှုဗဟိုချက်နေရာ ဆန်တီယာဂိုပလာဇာနှင့် အခြားဗယ်ပါရိုက်ဇိုနှင့် ကွန်ဆပ်ဆီယွန်မြို့တော်ကဲ့သို့ နေရာမျိုးတွင် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို ကာကွယ်ရန် ပြည်သူများ အပြင်ထွက်ခြင်းကို တားမြစ်လိုက်ပြီးနောက်ပိုင်းတွင် ငြိမ်သက်တိတ်ဆိတ်ခဲ့သည်။

ပြည်သူ့မကျေနပ်ချက်ကို ဖော်ပြသည့်လူထုအုံကြွမှုသည် အဆိုပါနေရာများတွင် ခဏတာတိတ်ဆိတ်ငြိမ်သက်သွားခဲ့သော်လည်း ဆက်လက်ပေါ်ပေါက်လာဦးမည် ဖြစ်ကြောင်း ရှေ့နေတစ်ဦးဖြစ်သူ ပါထရီရှီဇာပါတာက ပြောကြားလိုက်သည်။

ချီလီတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါကပ်ဘေးကြောင့် လူပေါင်း ၁၁၀ သေဆုံးခဲ့ပြီး လူပေါင်း ၉၂၀၀ ကူးစက်ပျံ့နှံ့လာခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**



ချီလီတွင် ဆန္ဒဖော်ထုတ်သူများက ဖျက်ဆီးခဲ့သော မြေအောက်ဘူတာရုံဝင်ပေါက်တစ်နေရာကို ပြန်လည်ပြင်ဆင်နေစဉ်။

## ရုရှားတွင် ကိုဗစ်-၁၉ နေ့စဉ်ကူးစက်ခံရမှု ဆက်လက်မြင့်တက် လူပေါင်း ၃၀၀၀၀ ကျော် ကူးစက်ခံထားရ



ကူးစက်ရောဂါကုသရေး ဆေးရုံသစ်ဖွင့်ပွဲသို့ တက်ရောက်လာသည့် မော်စကိုမြို့တော်ဝန် ဆာဂီဆော့ဘရာနင်(အလယ်)ကို ဧပြီ ၁၇ ရက်က တွေ့ရစဉ်။

**မော်စကို ဧပြီ ၁၈**

ရုရှားတွင် ကိုဗစ် -၁၉ နေ့စဉ်ကူးစက်ခံရမှုစာရင်းမှာ မြင့်တက်လျက်ရှိပြီး ပြီးခဲ့သည့် ၂၄ နာရီအတွင်း နောက်ထပ်ကူးစက်ခံရသူ အရေအတွက်မှာ ၄၀၇၀ ရှိလာခဲ့သည်ဟု အာဏာပိုင်များက စာရင်းချုပြခဲ့သည်။ သေဆုံးသူစာရင်းမှာ ၂၃၂ ဦးမှ ၂၇၃ ဦးအထိ ခုန်တက်သွားခဲ့ပြီး လူပေါင်း ၂၅၉၀ ပြန်လည်ကျန်းမာလာခဲ့သည်ဟု ရုရှားကိုဗစ်-၁၉ တုံ့ပြန်ရေးစင်တာမှ သိရသည်။

ယခုအခါ ကိုဗစ် -၁၉ ကပ်ရောဂါသည် ရုရှားနိုင်ငံမှ ဒေသကြီး ၈၅ ခုသို့ ပျံ့နှံ့သွားခဲ့ပြီဟု သိရသည်။ မော်စကိုမြို့သည် ကိုဗစ် -၁၉ အဆိုးဆုံး ထိခိုက်ရာ နေရာဖြစ်ပြီး ပြီးခဲ့သည့် ၂၄နာရီအတွင်း နောက်ထပ်ကူးစက်ခံရသူ ၁၉၅၉ ဦးရှိခဲ့သည်။

မော်စကိုမြို့တွင် လာမည့်နှစ်ပတ် သုံးပတ်အတွင်း ကူးစက်မှုအမြင့်ဆုံး ဖြစ်မည်ဟု ခန့်မှန်းထားကြောင်း ဒုတိယမြို့တော်ဝန် အနက်စတေးရှား ရာကိုဗာက ကျန်းမာရေးလုပ်သားများကို ပြောခဲ့သည်။

ကိုဗစ် -၁၉ ကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာသူ အရေအတွက်မှာ တိုးတက်လာပြီး အကောင်းဘက်သို့ ဦးတည်လာရန်လည်းမျှော်လင့်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ရုရှားနိုင်ငံတွင် ဇန်နဝါရီ ၃၁ ရက်က ကိုဗစ် -၁၉ ကူးစက်ခံရသူကို ပထမဆုံးတွေ့ရှိခဲ့ပြီး မတ်လကုန်ခါနီးတွင် ကူးစက်ခံရသူအရေအတွက်မှာ သိသိသာသာ မြင့်တက်လာခဲ့သည်။

ဧပြီ ၉ ရက်တွင် ကူးစက်ခံရသူ ၁၀၀၀၀ အထိရှိခဲ့ပြီး ဧပြီ ၁၄ ရက်တွင် ၂၀၀၀၀ အထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။ ဧပြီလ ၁၁ ရက်မှစတင်ကာ တရုတ်နိုင်ငံမှ ဆေးအဖွဲ့သည် ကိုဗစ်-၁၉ တိုက်ဖျက်ရေးအတွက်ရုရှားအဖွဲ့နှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

**ဆင်ဟွာ**

## ကျူးဘားကျန်းမာရေးဝန်ထမ်း ၁၀၀ နီးပါးခန့် ကိုဗစ် - ၁၉ ကူးစက်ခံထားရ



အီတလီနိုင်ငံသို့ ရောက်ရှိလာသည့် ကျူးဘားဆရာဝန်များကို တွေ့ရစဉ်။

**ဟာဗားနား ဧပြီ ၁၈**

ကျူးဘားနိုင်ငံမှ ကျန်းမာရေးဝန်ထမ်း ၁၀၀နီးပါးခန့်မှာ ကိုဗစ် -၁၉ ကူးစက်ခံထားရကြောင်း ကျန်းမာရေးဝန်ကြီးဂျို့ဆေးအိန်ဂျယ်ပေါ်တယ် မရင်ဒါက ဧပြီ ၁၇ ရက်တွင် ပြောကြားခဲ့သည်။

ကိုဗစ် -၁၉ ကူးစက်ခံထားရသည့် ကျန်းမာရေးဝန်ထမ်းများတွင် ဆရာဝန် ၄၇ ဦး၊ သူနာပြု ၃၀၊ ကျန်းမာရေးနည်းပညာရှင်လေးဦး၊ ဆေးကျောင်းသားငါးဦး၊ အခြားသောဆေးပညာနယ်ပယ်မှ ၁၁ ဦး ပါဝင်သည်ဟု ရုပ်သံမှတစ်ဆင့် ကျန်းမာရေးဝန်ကြီးက ကြေညာခဲ့သည်။

ဆေးရုံများ၊ သီးခြားခွဲထားရေးစင်တာများတွင် ရှေ့တန်းမှ ပါဝင်နေကြသည့် ကျန်းမာရေးလုပ်သားများအတွက် ကိုဗစ်-၁၉ ကာလအတွင်း အကာအကွယ်ပစ္စည်းများ ပေးထားပြီးဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ကျူးဘားနိုင်ငံတွင် ကိုဗစ် - ၁၉ ကြောင့် သေဆုံးသူ ၃၁ ဦးရှိပြီး ကူးစက်ခံရသူပေါင်း ၉၂၃ဦးအထိရှိသည်။ ကိုဗစ် -၁၉ နှိမ်နင်းရေးအတွက် ကျူးဘားဆရာဝန်နှင့် သူနာပြုပေါင်း ၁၂၀၀ ကို လက်တင်အမေရိကနှင့် ကာရေဘီယံတိုင်းပြည်များ၊ ဥရောပ၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသများသို့ စေလွှတ်ထားကြောင်း သိရသည်။

**ဆင်ဟွာ**

## အီးယူမှ ကားသစ်ထုတ်လုပ်မှု ၅၅ ရာခိုင်နှုန်းကျဆင်း

**ဘရပ်ဆဲလ် ဧပြီ ၁၈**

ဥရောပတစ်လွှားကိုဗစ် -၁၉ ကူးစက်ပျံ့နှံ့နေသည့်အတွက် အီးယူမှ လူစီးကားရောင်းချမှုမှာ မတ်လမှစတင်ကာ ၅၀ ရာခိုင်နှုန်းကျော် ကျဆင်းနေကြောင်း သိရသည်။

လွန်ခဲ့သည့်နှစ်ကနှင့် နှိုင်းယှဉ်လျှင် ကားရောင်းချရမှုမှာ ၅၅ ဒသမ ၁ ရာခိုင်နှုန်းကျဆင်းနေသည်ဟု ဥရောပမော်တော်ကား ထုတ်လုပ်ရောင်းချရေးအသင်းက ပြောသည်။ ပိတ်ဆို့ကန့်သတ်မှုများ ပြင်းပြင်းထန်ထန်ပြုလုပ်နေသည့် နိုင်ငံများတွင် ကားရောင်းချရမှုမှာ သိသိသာသာ ကျဆင်းလျက်ရှိသည်။

အီတလီတွင် ကားရောင်းချရမှု ၈၅ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းပြီး ပြင်သစ်နိုင်ငံတွင် ၇၂ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းလျက်ရှိသည်။ စပိန်နိုင်ငံတွင်မူ ၆၉ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းလျက်ရှိသည်။

ဈေးကွက်အတွင်း နေရာအများဆုံးယူထားနိုင်သည့် ဗောက်စ်ဝက်ဂွန် ကားထုတ်လုပ်ရေးမှာ ၄၆ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းလျက်ရှိသည်။ ဂျပန်ကားထုတ်လုပ်ရေးကုမ္ပဏီများတွင်လည်း ဟွန်ဒါကုမ္ပဏီမှာ ၆၇ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းပြီး နစ်ဆန်းကုမ္ပဏီအတွက် ၆၀ ဒသမ ၃ ရာခိုင်နှုန်း နှင့် တိုယိုတာကုမ္ပဏီမှာ ၄၁ ဒသမ ၂ ရာခိုင်နှုန်းကျဆင်း လျက်ရှိသည်။

ကားထုတ်လုပ်ရေးကုမ္ပဏီများသည် ဥရောပတွင် ကားထုတ်လုပ်မှုများ တစ်စိတ်တစ်ပိုင်းပြန်လည်စတင်ရန် စီစဉ်နေပြီး အရောင်းဈေးကွက်ပြန်ကောင်းလာရေး အချိန်အတန်ကြာယူရဦးမည်ဟု ယူဆထားကြသည်။

**အင်န်အိတ်ချ်ကေ**



ကားအရောင်းပြခန်းတစ်ခုကို တွေ့ရစဉ်။

## စင်ကာပူတွင် ကိုဗစ် -၁၉ နောက်ထပ်ကူးစက်ခံရထားသူ ၉၄၂ ဦးရှိ

**စင်ကာပူ ဧပြီ ၁၈**

စင်ကာပူနိုင်ငံတွင် ဧပြီ ၁၈ ရက် နေ့လယ်ပိုင်းတွင် ကိုဗစ် -၁၉ နောက်ထပ်ကူးစက်ခံရသူ ၉၄၂ ဦးရှိပြီး နေ့စဉ်ကူးစက်ခံရသူများစာရင်းတွင် အမြင့်ဆုံးဖြစ်လာခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ယင်းသို့တိုးတက်လာသည့်အတွက် စုစုပေါင်းကူးစက်ခံရသူ ၅၉၉၂ ဦးအထိ ရှိလာခဲ့ကြောင်း၊ အများဆုံးကူးစက်ခံရသည့်နေရာမှာ နိုင်ငံခြားလုပ်သားများ အများဆုံးနေထိုင်ရာ အိမ်ရာတွင်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ ဒေသတွင်းကူးစက်ခံရသူများမှာ ဆက်လက်ကျဆင်းလျက်ရှိပြီး ယခု နိုင်ငံခြားသားလုပ်သားများ ကူးစက်ခံရမှု ၉၄၂ ဦးတွင် စင်ကာပူနိုင်ငံသား ၁၄ ဦးလည်း ပါဝင်ကြောင်း သိရသည်။

**ဆင်ဟွာ**

## ဂျပန်နိုင်ငံတွင် မျက်နှာအကာအကွယ်များ ထုတ်လုပ်မှုတိုးမြှင့်

**တိုကျို ဧပြီ ၁၈**

ဂျပန်နိုင်ငံအနောက်ပိုင်းမှ ကုမ္ပဏီများသည် မျက်နှာအကာအကွယ်များထုတ်လုပ်မှုကိုတိုးမြှင့်ရန် စီစဉ်နေကြောင်း သိရသည်။ မျက်နှာအကာအကွယ်များအပါအဝင် ကိုဗစ် -၁၉ တိုက်ဖျက်ရေးအတွက် ဆေးလုပ်သားများ လိုအပ်သည့်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးစီစဉ်နေသည်ဟု အင်န်အိတ်ချ်ကေတွင် ဖော်ပြထားသည်။

ဟီဂါရှိ အိုဆာကာအခြေစိုက် ယာမာမိုတိုကိုဂါကူ ကုမ္ပဏီသည် အစိုးရ၏ တောင်းဆိုချက်အတိုင်းလုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အကာအကွယ်ဝတ်စုံများ၊ မျက်နှာ အကာအကွယ်ပစ္စည်းနှင့် ဆေးဘက်သုံးပစ္စည်းများကို မေလမှစတင်ကာ လေးလကြာ ထုတ်လုပ်သွားရန်စီစဉ်ထားသည်။

ကိုဗစ်-၁၉ သည် ဂျပန်နိုင်ငံတစ်လွှားပျံ့နှံ့နေပြီး ဆေးဘက်ဆိုင်ရာပစ္စည်းများ ပြတ်လပ်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

## အမေရိကန်တွင်သေဆုံးမှုအရေအတွက် လျော့ကျလာပြီဟု သမ္မတထရမ့်ပြော

**ဝါရှင်တန် ဧပြီ ၁၈**

အမေရိကန်တွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုမှာ သိသိသာသာကျဆင်းသွားကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကြေညာခဲ့သည်။ ကိုဗစ် -၁၉ တုံ့ပြန်ရေးအတွက် ၎င်းတို့အစိုးရအဖွဲ့ လုပ်ဆောင်မှုများကို အမွှမ်းတင်ရင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

နောက်ဆုံးခန့်မှန်းမှုများအရ သေဆုံးမှုအရေအတွက်မှာ ၆၀၀၀၀ မှ ၆၅၀၀၀ အကြားတွင်ရှိမည်ဟု ခန့်မှန်းထားကြောင်း အမေရိကန်သမ္မတထရမ့်က ဧပြီ ၁၇ ရက်တွင် ပြောကြားခဲ့သည်။

ထရမ့်အစိုးရအဖွဲ့သည် ယခင်တုန်းက အမေရိကန်၌ ကိုဗစ် - ၁၉ ကြောင့် လူပေါင်း ၁၀၀၀၀၀ မှ ၂၄၀၀၀၀ ကြားသေဆုံးမည်ဟု ခန့်မှန်းထားခဲ့ဖူးသည်။

၎င်းတို့အစိုးရ၏ လုပ်ဆောင်မှုများသည် အသက်ပေါင်းများစွာကို ကယ်ဆယ်လိုက်နိုင်ကြောင်း ထရမ့်က ပြောကြားခဲ့သည်။ ထို့အပြင် ကိုဗစ် -၁၉ကြောင့် ရုန်းကန်နေရသည့်လယ်သမားများအတွက် အမေရိကန်ဒေါ်လာ ၁၉ ဘီလီယံတန် သက်သာချောင်ချိရေးအစီအစဉ်ကိုလည်း ထရမ့်က ကြေညာခဲ့သည်။

ယင်းအစီအစဉ်သည် နိုဝင်ဘာလရွေးကောက်ပွဲတွင် ဆွဲဆောင်နိုင်ရေး လုပ်ဆောင်မှုတစ်ရပ်ဟု နိုင်ငံရေးလေ့လာသူများက ပြောသည်။

ထရမ့်သည် စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်လိုသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် နေ့စဉ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# စားစရာဝယ်လိုက်ရမလား၊ အိမ်ငှားခပဲပေးရမလား ဝေခွဲမရဖြစ်နေရတဲ့ အမေရိကန်ပြည်သူများ

ချူးစန္ဒီမွေး

တယ်ရာသောမတ်စ်ကတော့ သန်းပေါင်းများစွာသော အမေရိကန်ပြည်သူတွေထဲက တစ်ဦးပါပဲ။ သူဟာလည်း အခြားသော အမေရိကန်များနည်းတူ ကိုဗစ် -၁၉ လို့ ခေါ်တဲ့ ကမ္ဘာ့ကပ်ရောဂါဆိုးကြီးကြောင့် ပုံမှန်ဝင်ငွေ ဆုံးရှုံးခဲ့ရသူလို့ပြောရင်လည်း မမှားပါဘူး။

**ရွေးချယ်စရာနှစ်ခုကြား ဗျာများ**

အခုဆိုရင် သူဟာ ရွေးချယ်စရာနှစ်ခုကြား ဗျာများနေရပါတယ်။ အဲဒါကတော့ လက်ကျန်ငွေကို အိမ်ငှားခအတွက် အသုံးပြုရမလား၊ ဒါမှမဟုတ် အစားအသောက်အတွက် အသုံးပြုလိုက်ရမလားဆိုတာပါပဲ။ အိမ်ငှားခငွေကို ဒေါ်လာဘီလီယံနဲ့ ချီပြီးချမ်းသာတဲ့ အိမ်ပိုင်ရှင်ကိုပဲ ပေးလိုက်ရမလား၊ ဒါမှမဟုတ် အစားအသောက်နဲ့ လိုအပ်တာတွေကိုပဲ ဝယ်ယူလိုက်ရမလား ဆိုတာ သောမတ်စ်အတွက် စဉ်းစားရခက်နေပါတယ်။ သောမတ်စ်ကတော့ ဆန်ဖရန်စစ္စကိုက အော့ကလန်မြို့မှာ နေထိုင်တဲ့သူပါ။ အခုဆိုရင် သောမတ်စ်ဟာ သူတို့ ငှားရမ်းနေထိုင်နေတဲ့ အဆောက်အအုံက အခြားအိမ်ငှား လေးဦးနဲ့အတူ အိမ်ငှားရမ်းခ မပေးရဖို့အရေး လှုပ်ရှားမှုမှာ ပါဝင်နေပါတယ်။

**ရွေးချယ်ရခက်တဲ့အခြေအနေ**

အမေရိကန်တစ်လွှားမှာနေထိုင်ကြတဲ့ လူအချို့မှာ အိမ်ငှားခပဲ ပေးလိုက်ရမလား၊ အစားအသောက်ပဲ ဝယ်ယူရမလားဆိုတဲ့ ရွေးချယ်ရခက်တဲ့ အခြေအနေတွေနဲ့ကြုံတွေ့နေရပါတယ်။ အခုလိုမျိုး အိမ်ငှားခ မပေးရဖို့အရေး တောင်းဆိုတာဟာ အန္တရာယ်များတဲ့ ရွေးချယ်မှုဖြစ်ပေမယ့် အခြားရွေးချယ်စရာလည်း မရှိဘူးလို့ သောမတ်စ်က ပြောပါတယ်။

**ပန်းအလှပြင်ဆင်ပေးသူ**

သောမတ်စ်ဟာ မင်္ဂလာဆည်ခံပွဲတွေ၊ အခမ်းအနားတွေမှာ ပန်းအလှပြင်ဆင်ပေးသူအဖြစ် အလုပ်လုပ်ကိုင်ပါတယ်။ များသောအားဖြင့် သူ့ရဲ့အလုပ်ဟာ လူစုလူဝေးနဲ့ သက်ဆိုင်တဲ့ အလုပ်ပါပဲ။ ပွဲကျင်းပမှုတွေ များလေ သူ့အတွက် ဝင်ငွေကောင်းလေပါပဲ။ အခု ကိုဗစ် -၁၉ ကာလမှာ လူစုလူဝေးနဲ့ ကျင်းပရတဲ့ ပွဲတွေ အကုန်ရပ်နားထားရတဲ့အခါမှာတော့ သူ့အတွက် ဝင်ငွေဆိုတာလည်းမရှိတော့ပါဘူး။ ကိုဗစ် -၁၉ ကိုနှိမ်နင်းပြီးနောက်ပိုင်း ပွဲတွေပြန်စနိုင်မှသာ သူ့အတွက် ပြန်ပြီးဝင်ငွေ ရလာမှာပါ။

**အလုပ်လက်မဲ့တွေများလာ**

အခုဆိုရင် အိမ်ငှားခ ၈၃၃ ဒေါ်လာမပေးရဖို့အရေး သူကြိုးစားနေပါတယ်။ လွန်ခဲ့တဲ့လကစလို့ အမေရိကန် ၂၂ သန်းဟာ အလုပ်လက်မဲ့ဖြစ်သွားပါတယ်။ စတိုးဆိုင်တွေ၊ စားသောက်ဆိုင်တွေ အခြားသောအရေးမကြီးဘူးဟု ယူဆရတဲ့လုပ်ငန်းတွေအားလုံးကို ရပ်နားထားဖို့ ဖိအားပေးခဲ့ပါတယ်။ အဲဒီအတွက်ကြောင့် အလုပ်သမားအင်အားကို လျှော့ချလိုက်ရပါတယ်။ ကိုဗစ် -၁၉ ပျံ့နှံ့မှုကို ကာကွယ်နိုင်ရေးအတွက် မလိုအပ်တဲ့လှုပ်ရှားမှုအားလုံးကို ပိတ်ပစ်လိုက်ရပါတယ်။ ကိုဗစ် -၁၉ ကြောင့် အမေရိကန်နိုင်ငံအတွင်း လူအများစုဟာ အကြွေးတွေနဲ့



နယူးယောက်မြို့ ဘရွတ်ကလင်း လမ်းမတစ်နေရာကို တွေ့ရစဉ်။

ရှုန်းကန်နေရပြီး လုံလောက်တဲ့ ငွေကြေးအင်အားလည်း ကင်းမဲ့လာပါတယ်။

**အိမ်ငှားတွေနှင်မချဖို့ တားမြစ်ထား**

၂၀၁၈ ခုနှစ်မှာဆိုရင် ၄၀ ရာခိုင်နှုန်းသော အမေရိကန်ပြည်သူတွေဟာ သူတို့ရဲ့ကိုယ်ပိုင်ပစ္စည်းတွေကို ရောင်းချခြင်းမပြုဘဲ အရေးပေါ်ကိစ္စအတွက်သုံးဖို့ ဒေါ်လာ ၄၀၀ ထက် မနည်းစုထားနိုင်ခဲ့ပါတယ်လို့ စစ်တမ်းကောက်ယူမှု အရသိရပါတယ်။ တချို့သောအိမ်ရှင်တွေဟာ အိမ်ငှားခကို အရစ်ကျနဲ့ နည်းနည်းစီခွဲပေးဖို့ အစီအစဉ်ကို အဆိုပြုခဲ့ကြပါတယ်။ ကိုဗစ်-၁၉ အပြင်းအထန်ကူးစက်ခံနေရတဲ့ ပြည်နယ်တွေမှာဆိုရင် အိမ်ငှားတွေကို အတင်းမောင်းချတာမျိုးမလုပ်ဖို့ တားမြစ်ထားပါတယ်။ ဒါပေမယ့်လည်း ပိတ်ဆို့ကန့်သတ်မှုတွေကို ဖြေလျှော့ပေးလိုက်တာနဲ့ တစ်ပြိုင်နက် အိမ်ငှားတွေကို ဆိုင်းငံ့ပေးဖို့ တားမြစ်ချက်ဟာလည်း အဆုံးသတ်သွားတော့မှာပါပဲ။

**အကြွေးပြန်ဆပ်ဖို့အရေး ရှုန်းကန်ရမယ်**

အဲဒီအခါမှာတော့ အိမ်ငှားတွေဟာ အိမ်ငှားရမ်းခတွေ ပြန်ပေးရင်ပေး၊ တကယ်လို့မပေးခဲ့ဘူးဆိုရင်တော့ တခြားကို ပြောင်းရွှေ့ရတော့မှာပါ။ ကိုဗစ် -၁၉ ကပ်ရောဂါဆိုးကြီး ပြီးသွားတဲ့အခါကျရင် လူတွေဟာ အကြွေးတွေပြန်ဆပ်ဖို့အတွက် ရှုန်းကန်နေရတော့မှာပါ။ ဒီလိုဆိုရင်စီးပွားရေး တိုးတက်မှုနှုန်းဟာလည်း ရပ်တန့်နေလိမ့်မယ်လို့ ဆန်ဖရန်စစ္စကို ခရိုင်ကြီးကြပ်ရေးမှူးဖြစ်တဲ့ ဟယ်လရီရိုနန်က ပြောပါတယ်။ ဒေသတွင်းက ရွေးကောက်ခံထားရတဲ့ ပုဂ္ဂိုလ်တွေ၊ ကယ်လီဖိုးနီးယားပြည်နယ်အုပ်ချုပ်ရေးမှူးနဲ့ လွှတ်တော်၊ သမ္မတထရမ့်တို့ဆီ အိမ်ငှားရမ်းခပယ်ဖျက်ပေးဖို့၊ မြေရှင်တွေဆီပေးရမယ့် ပေါင်နှံခတွေကို ရက်တိုးပေးဖို့ တောင်းဆိုခဲ့ကြပါတယ်။ အမေရိကန်ရဲ့ စီးပွားရေးကို အလျင်အမြန်ပဲ ပြန်လည်စတင်ဖို့ အစိုးရက စီစဉ်ထားပါတယ်။

**လုံလောက်တဲ့ပမာဏမဟုတ်**

အလယ်အလတ်တန်းစားတွေနဲ့ ဝင်ငွေနိမ့်ပြည်သူတွေကို ဒေါ်လာ ၁၂၀၀ ပေးဖို့ အစီအစဉ်ကလည်း ပါဝင်ပါတယ်။ ဒါပေမယ့်လည်း ငှားရမ်းခမြင့်တဲ့နေရာတွေမှာ နေထိုင်ရတဲ့ပြည်သူတွေအတွက်တော့ ဒါဟာလုံလောက်တဲ့ပမာဏ ဖြစ်မနေပြန်ပါဘူး။ ဆန်ဖရန်စစ္စကိုမှာဆိုရင် တစ်လအိမ်ငှားရမ်းခဟာ ဒေါ်လာ ၃၅၀၀ ကနေ ၃၇၀၀ ကြားမှာ ရှိပါတယ်။ နေအိမ်တွင်းအောင်းနေဖို့ အမိန့်ထုတ်ပြန်ထားတဲ့ကာလအတွင်း အိမ်ငှားခတွေကိုပယ်ဖျက်ပေးဖို့ ဒါမှမဟုတ် အိမ်ငှားနေထိုင်သူတွေကို ထောက်ပံ့ကြေးပိုမိုပေးဖို့လိုလိမ့်မယ်လို့ ရိုနန်ကပြောပါတယ်။ တကယ်လို့များ အဲဒီနှစ်ချက်စလုံးမှာ တစ်ချက်မှ မလုပ်ဆောင်ခဲ့ဘူးဆိုရင် လူအများကြီး အိမ်ပေါ်ကနေ နှင်ချခံရတာဖြစ်မယ်။ ဒါဆိုရင် လမ်းပေါ်ရောက်လာတဲ့ အိမ်ရာမဲ့အရေအတွက်ဟာ ပိုပိုပြီးများပြားလာလိမ့်မယ်လို့ သူကဆက်ပြောပါတယ်။

**ဆက်လက်ရပ်တည်ဖို့မလွယ်**

အသက် ၄၄ နှစ်အရွယ် ရစ်ကီကတော့ တစ်လကို ဒေါ်လာ ၁၆၀၀ ပေးရတဲ့ အိမ်အတွက် ငှားရမ်းခကို ဧပြီလအတွင်း ဒေါ်လာ ၆၀၀ သာပေးနိုင်ခဲ့ပါတယ်။ သူနေတဲ့ အဆောက်အအုံက လူတွေကို အိမ်ငှားခမပေးရရေး ဦးဆောင်လှုပ်ရှားနေသူလည်း ဖြစ်ပါတယ်။ ရစ်ကီရဲ့ အမျိုးသမီးဟာ ကိုဗစ် -၁၉ ကာလအတွင်းမှာ အလုပ်လက်မဲ့ ဖြစ်သွားသလို အသက် ၂၂ နှစ်အရွယ်သမီးကလည်း အိမ်မှာ လာနေပါတယ်။ သူတို့မိသားစုအတွက် နောက်ထပ် အိမ်ငှားခပေးဖို့ မလွယ်ပါဘူး။ မေလအတွက် သူတို့မိသားစု ဘယ်လိုဆက်ပြီး ရှင်သန်ရမယ်ဆိုတာ မသိတော့ဘူးလို့ သူကဆက်ပြောပါတယ်။ ဆက်လက်ရပ်တည်ဖို့လည်း မလွယ်တော့ပါဘူး။

**ရာဇဝတ်မှုထူပြောလာနိုင်**

အိမ်ငှားခတွေ မပေးရရေး လှုပ်ရှားမှုမှာ လူတွေအများကြီးပါဝင်လာမှ အောင်မြင်မှုရလိမ့်မယ်လို့ နယူးယောက်မြို့သားတစ်ဦးဖြစ်တဲ့ ဖီဒရစ် ဂျိုဆက်က ပြောပါတယ်။ သူဟာ မိသားစုနေ့စဉ်လိုအပ်တဲ့ပစ္စည်းတွေကို ဝယ်ယူဖို့ မတတ်နိုင်တော့တဲ့ မိသားစုတွေအတွက် လှူဒါန်းမှုတွေပြုလုပ်ဖို့ တောင်းခံပေးတဲ့သူ လည်းဖြစ်ပါတယ်။ ကိုဗစ် -၁၉ ကပ်ရောဂါစတင်ဖြစ်ပွား ချိန်ကစလို့ သူကောက်ခံထားတဲ့ငွေကြေး အမေရိကန်ဒေါ်လာ ၁၇၀၀၀၀ ခန့်ကို လိုအပ်တဲ့လူတွေဆီ ဖြန့်ဝေပေးခဲ့ပြီးဖြစ်ပါတယ်။ လူတွေအကြွေးနွံထဲက ရုန်းထွက် နိုင်ဖို့အရေး အိမ်ငှားခတွေ ပြန်လည်ပေးဆောင်ရေးကို အစိုးရဘက်က ပလပ်ပေးဖို့ တောင်းဆိုသူလည်းဖြစ်ပါတယ်။ ဒီအကြွေးတွေကို ပြန်ဆပ်ဖို့ဆိုရင် လူတွေဟာ မဖြစ်ဖြစ်တဲ့နည်းနဲ့ ပိုက်ဆံရှာရပါတော့မယ်။ အဲဒီအခါမှာ ရာဇဝတ်မှုတွေလည်း ပိုပြီးထူပြောလာနိုင်တယ်လို့ သူကဆက်ပြောပါတယ်။ ကိုဗစ် -၁၉ ရောဂါဆိုးကြီး လွန်မြောက်ပြီးတဲ့ စီးပွားရေးအခြေအနေ ဘယ်လိုရှိမလဲဆိုပြီး တွေးပူနေရသလို လက်ရှိမှာလည်း ဒီကပ်ရောဂါဆိုးကြီးနဲ့ ရင်ဆိုင်နေရဆဲကာလဖြစ်လို့ အိမ်ပြင်တောင် မထွက်ဝံ့တဲ့ ဘဝကို ကမ္ဘာပေါ်က ပြည်သူအများ ခံစားနေရပါတယ်။

**ကိုးကား -အေအက်ဖ်ပီ**

---

နိုင်ငံတကာသတင်းတိုထွာ

## မလေးရှားနိုင်ငံသို့ တရုတ်နိုင်ငံမှဆေးအဖွဲ့ စေလွှတ်ပေး

**ပေကျင်း ဧပြီ ၁၈**

တရုတ်နိုင်ငံမှ ဆေးဝါးကျွမ်းကျင်သူများပါဝင်သည့် အဖွဲ့တစ်ဖွဲ့ကို မလေးရှားနိုင်ငံသို့စေလွှတ်ရန် တရုတ်နိုင်ငံက ဆုံးဖြတ်ခဲ့သည်။ ကိုဗစ်-၁၉ ကပ်ရောဂါကို နှိမ်နင်းရန်ရည်ရွယ်ချက်ဖြင့် စေလွှတ်ပေးခဲ့ခြင်းဖြစ်သည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ကျောက်လိကျင်းက ဧပြီ ၁၈ ရက်တွင် ပြောကြားခဲ့သည်။ အဆိုပါအဖွဲ့ကို အမျိုးသားကျန်းမာရေးကော်မရှင်က ဦးဆောင်ပြီး ကွမ်တုန်ပြည်နယ် ကျန်းမာရေးကော်မရှင်မှ လူများရွေးချယ်ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ အဖွဲ့သည် ဧပြီ ၁၈ ရက် နံနက်ပိုင်းက မလေးရှားနိုင်ငံသို့ ထွက်ခွာသွားခဲ့ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဌာနပြောရေးဆိုခွင့်ရှိသူက ပြောသည်။

**ဆင်ဟွာ**

## အိန္ဒိယတွင် ကိုဗစ် -၁၉ ကြောင့် သေဆုံးသူ ၄၈၀ ရှိ

**နယူးဒေလီ ဧပြီ ၁၈**

အိန္ဒိယနိုင်ငံတွင် ကိုဗစ် -၁၉ ကြောင့် သေဆုံးသူဦးရေမှာ ၄၈၀ ရှိလာပြီး တစ်နိုင်ငံလုံးအနှံ့ကူးစက်ခံရသူ ၁၄၃၇၈ ဦး အထိရှိကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ဧပြီ ၁၈ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။ ဒေသစံတော်ချိန် ဧပြီ ၁၈ ရက် နံနက် ၈ နာရီအထိ ကိုဗစ် -၁၉ ကြောင့် သေဆုံးသူဦးရေမှာ ၄၈၀ အထိရှိခဲ့ပြီဟု ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ ဧပြီ ၁၇ ရက်အထိ သေဆုံးသူ ၂၈ ဦး တိုးလာခဲ့ပြီး ကူးစက်ခံရမှုအသစ် ၅၄၃ ဦး တိုးလာခဲ့သည်။

လူပေါင်း ၁၉၉၂ ဦးမှာရောဂါသက်သာသွားပြီဖြစ်သည့်အတွက် ဆေးရုံမှဆင်းသွားရပြီဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံတွင် ပိတ်ဆို့ကန့်သတ်ထားမှုများကို မတ် ၂၅ ရက်မှစတင်ကာ မေ ၃ ရက်အထိ အချိန်တိုးမြှင့်ထားကြောင်း၊ အိန္ဒိယမြို့ကြီးများရှိ ဆေးရုံများပေါ်သို့ ရောက်ရှိလာသည့် လူနာများကို ကိုဗစ် -၁၉ ပိုးရှိသည့် လူနာများကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုပေးရန် အိန္ဒိယကျန်းမာရေးဝန်ကြီး ဟာရက်ရှ်ဗာဟန်က ကျန်းမာရေးဝန်ထမ်းများအားလုံးကို ညွှန်ကြားထားကြောင်း သိရသည်။

ကိုဗစ် -၁၉ လူနာမဟုတ်ဘဲ အခြားသောဝေဒနာဖြင့် ဆေးရုံတက်သူများကိုကုသမှုပေးရန် ငြင်းဆိုသည်ဟူသော တိုင်တန်းမှုများကိုလည်း ကြားသိနေရကြောင်း ကျန်းမာရေးဝန်ကြီးက ပြောကြားခဲ့သည်။ **ဆင်ဟွာ**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၈-၄-၂၀၂၀) ရက်နေ့၊ နံနက် (၈) နာရီ**

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) သည် (၁၇-၄-၂၀၂၀) ရက်နေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပေးပို့လာသော COVID-19 ရောဂါ စောင့်ကြည့်လူနာ (၁၇၇) ဦးနှင့် အသွား အလာကန့်သတ်ခြင်း/ တားမြစ်ခြင်း ဆောင်ရွက်ထားရှိသူ (၂၀၁) ဦး၊ စုစုပေါင်း (၃၇၈)ဦး၏ ဓာတ်ခွဲနမူနာများအား စစ်ဆေးခဲ့ပါသည်။

၂။ အဆိုပါ ဓာတ်ခွဲနမူနာများတွင် ပထမအသုတ်စစ်ဆေးခဲ့သော (၉၃) ဦးအနက် (၃) ဦး၏ ဓာတ်ခွဲနမူနာများတွင် COVID-19 ရောဂါပိုး တွေ့ရှိကြောင်းနှင့် (၉၀) ဦး၏ဓာတ်ခွဲနမူနာများတွင် COVID-19 ရောဂါပိုး မတွေ့ရှိရကြောင်းကို (၁၇-၄-၂၀၂၀) ရက်နေ့၊ ည (၈) နာရီသတင်းတွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၃။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)၏ (၁၇-၄-၂၀၂၀) ရက်နေ့၊ ည (၁၁:၄၅) နာရီအချိန် ထုတ်ပြန်ချက်အရ ကျန်ရှိသည့် (၂၈၅) ဦး၏ ဓာတ်ခွဲနမူနာများအနက် (၆) ဦးတွင် COVID-19 ရောဂါပိုးတွေ့ရှိ၍ (၂၇၉) ဦး၏ဓာတ်ခွဲနမူနာများတွင် COVID-19 ရောဂါပိုးမတွေ့ရှိပါ။

၄။ သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် ယခုအချိန်အထိ COVID-19 ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာ (၉၄) ဦးရှိပြီဖြစ်ပါသည်။

၅။ (၁၇-၄-၂၀၂၀) ရက်နေ့တွင် ဓာတ်ခွဲအတည်ပြုခဲ့သည့် အင်းစိန်ပြည်သူ့ ဆေးရုံကြီးမှ ဓာတ်ခွဲအတည်ပြုလူနာ အသက် (၇၈)နှစ်သည် ဆီးချိုရောဂါ နှင့် သွေးတိုးရောဂါအခံရှိသူဖြစ်ပြီး ၎င်း (၁၃-၄-၂၀၂၀) ရက်နေ့တွင် လက္ခဏာ များခံစားခဲ့ရသဖြင့် (၁၅-၄-၂၀၂၀) ရက်နေ့တွင် အင်းစိန်ပြည်သူ့ဆေးရုံကြီး၌ စောင့်ကြည့်လူနာအဖြစ်ကုသမှုခံယူခဲ့ပါသည်။ ၎င်းအား COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုပြီးချိန်တွင် (၁၇-၄-၂၀၂၀) ရက်နေ့၌ ဝေဘာဂီအထူးကု ဆေးရုံကြီးသို့ လွှဲပြောင်း၍ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုပေးခဲ့ရာ (၁၈-၄-၂၀၂၀)ရက်နေ့၊ နံနက် (၂:၅၅) နာရီအချိန်တွင် သေဆုံးခဲ့ပါသည်။ သေဆုံးရသည့်အကြောင်းရင်းမှာ ပြင်းထန်အဆုတ်ရောင်ရောဂါကြောင့် ရုတ်တရက် အသက်ရှူလမ်းကြောင်းပျက်စီးခြင်းနှင့် သွေးတိုးရောဂါအခံ နှင့် အမျိုးအစား(၂) ဆီးချိုရောဂါတို့ကြောင့်ဖြစ်ကြောင်း သိရှိရပါ သည်။

၆။ ဝေဘာဂီအထူးကုဆေးရုံကြီးတွင် ကုသမှုပေးနေသည့် လူနာ (၃) ဦး အားလည်း အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုများ ပေးလျက်ရှိ ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၈-၄-၂၀၂၀) ရက်နေ့၊ နံနက် (၁၀:၀၀) နာရီ**

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) သည် (၁၇-၄-၂၀၂၀) ရက်နေ့တွင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ပေးပို့လာသော စောင့်ကြည့်လူနာ (၁၇၇) ဦးနှင့် အသွား အလာကန့်သတ်ခြင်း/ တားမြစ်ခြင်း ဆောင်ရွက်ထားရှိသူ (၂၀၁) ဦးတို့၏ ဓာတ်ခွဲနမူနာများ စုစုပေါင်း (၃၇၈) ခုအား စစ်ဆေးခဲ့ရာ (ဇယား-၁) တွင် ဖော်ပြထားသူ (၉) ဦးတို့၏ ဓာတ်ခွဲနမူနာများတွင် COVID-19 ရောဂါပိုးတွေ့ရှိရပြီး ကျန် (၃၆၉)ဦးတွင် COVID-19 ရောဂါပိုးမတွေ့ရှိကြောင်း သိရှိရပါသည်။

၂။ အဆိုပါ ဓာတ်ခွဲနမူနာများတွင် ပထမအသုတ်စစ်ဆေးခဲ့သော (၉၃) ဦးအနက် (၃) ဦး၏ ဓာတ်ခွဲနမူနာများတွင် COVID-19 ရောဂါပိုး တွေ့ရှိကြောင်းနှင့် (၉၀)ဦး၏ ဓာတ်ခွဲနမူနာများတွင် COVID-19 ရောဂါပိုးမတွေ့ရှိကြောင်းကို (၁၇-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီသတင်းတွင် ထုတ်ပြန်ပြီးဖြစ်ပါသည်။

၃။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) ၏ (၁၇-၄-၂၀၂၀) ရက်နေ့၊ ည ဓာတ်ခွဲစစ်ဆေးမှုများ အရ ကျန်ရှိသည့် (၂၈၅) ဦး၏ ဓာတ်ခွဲနမူနာများအနက် (၆) ဦးတွင် COVID-19 ရောဂါပိုးတွေ့ရှိ၍ (၂၇၉) ဦး၏ ဓာတ်ခွဲနမူနာများတွင် COVID-19 ရောဂါပိုး မတွေ့ရှိပါကြောင်းအား ယနေ့၊ နံနက် (၈:၀၀) နာရီတွင် ကနဦးထုတ်ပြန် ခဲ့ပါသည်။

၄။ သို့ဖြစ်ရာ (၁၈-၄-၂၀၂၀) ရက်နေ့၊ နံနက် (၁၀:၀၀) နာရီအချိန်အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၉၄) ဦး တွေ့ရှိခဲ့ပြီးဖြစ်ပါသည်။

၅။ (၁၇-၄-၂၀၂၀)ရက်နေ့တွင် ဓာတ်ခွဲအတည်ပြုခဲ့သည့် အင်းစိန်ပြည်သူ့ဆေးရုံကြီးမှ ဓာတ်ခွဲအတည်ပြုလူနာ (Case-086) အသက် (၇၈) နှစ်အရွယ် အမျိုးသားတစ်ဦးသည် ဆီးချိုရောဂါနှင့် သွေးတိုးရောဂါ အခံရှိသူဖြစ်ပြီး (၁၃-၄-၂၀၂၀) ရက်နေ့တွင် ရောဂါလက္ခဏာများ ခံစားခဲ့ရသဖြင့် (၁၅-၄-၂၀၂၀) ရက်နေ့တွင် အင်းစိန်ပြည်သူ့ ဆေးရုံကြီး၌ စောင့်ကြည့်လူနာအဖြစ် ကုသမှုခံယူခဲ့ပါသည်။ ၎င်းအား COVID-19 ရောဂါဓာတ်ခွဲအတည်ပြုပြီးနောက် (၁၇-၄-၂၀၂၀)ရက်နေ့၊ ည (၁၀:၅၀) နာရီ အချိန်၌ ဝေဘာဂီ အထူးကုဆေးရုံကြီးသို့လွှဲပြောင်း၍ အထူးကြပ်မတ် ကုသဆောင်တွင် ကုသမှုပေးခဲ့ရာ (၁၈-၄-၂၀၂၀) ရက်နေ့၊ နံနက် (၀၂:၅၅) နာရီအချိန်တွင် သေဆုံးခဲ့ပါသည်။ သေဆုံးရသည့် အကြောင်းရင်းမှာ ပြင်းထန်အဆုတ်ရောင်ရောဂါကြောင့် ရုတ်တရက် အသက်ရှူလမ်းကြောင်း ပျက်စီးခြင်းနှင့် သွေးတိုးရောဂါနှင့် အမျိုးအစား (၂) ဆီးချိုရောဂါ အခံရှိခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရှိရ ပါသည်။

၆။ ဝေဘာဂီအထူးကုဆေးရုံကြီးတွင် လူနာ (၂) ဦးအား အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုပေးလျက်ရှိပြီး ကျန်လူနာများ၏ အခြေအနေများမှာ တည်ငြိမ်ကောင်းမွန်လျက်ရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ** ဇယား(၁)

(၁၈-၄-၂၀၂၀) ရက်နေ့၊ နံနက် (၁၀:၀၀) နာရီ

| လူနာ အမှတ်စဉ် | အသက် | ကျား/ မ | နေထိုင်ခဲ့သည့် လိပ်စာ | COVID-19 ရောဂါ အတည်ပြုလူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ယခု ဆေးကုသမှုခံယူလျက် ရှိသည့်/ ခံယူစေမည့် ဆေးရုံ | ဆေးရုံ တက်ရောက်သည့်ရက်စွဲ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| 86 | ၇၈ နှစ် | ကျား | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိပါ။ | အင်းစိန် အထွေထွေရောဂါကုဆေးရုံကြီး | ၁၅-၄-၂၀၂၀ | တွေ့ရှိ | စောင့်ကြည့်လူနာ (သေဆုံး- ၁၈-၄-၂၀၂၀၊ နံနက် ၀၂:၅၅ နာရီ) |
| 87 | ၆၂ နှစ် | ကျား | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိပါ။ | မရှိပါ။ | ရန်ကုန် ပြည်သူ့ဆေးရုံကြီး | ၁၅-၄-၂၀၂၀ | တွေ့ရှိ | စောင့်ကြည့်လူနာ |
| 88 | ၄၇ နှစ် | မ | ကလေးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး | ရှိ | မရှိပါ။ | ကလေးမြို့ ပြည်သူ့ဆေးရုံကြီး | ၁၇-၄-၂၀၂၀ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ။ |
| 89 | ၅၀ နှစ် | ကျား | တောင်ဥက္ကလာပ မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိပါ။ | မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေး ဆေးရုံကြီး | ၁၆-၄-၂၀၂၀ | တွေ့ရှိ | စောင့်ကြည့်လူနာ |
| 90 | ၅၇ နှစ် | မ | တောင်ဥက္ကလာပ မြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး | ရှိ | မရှိပါ။ | မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေး ဆေးရုံကြီး | ၁၆-၄-၂၀၂၀ | တွေ့ရှိ | စောင့်ကြည့်လူနာ |
| 91 | ၆၀ နှစ် | ကျား | တောင်ဥက္ကလာပ မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိပါ။ | မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေး ဆေးရုံကြီး | ၁၆-၄-၂၀၂၀ | တွေ့ရှိ | စောင့်ကြည့်လူနာ |
| 92 | ၂၄ နှစ် | ကျား | စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိပါ။ | ရန်ကုန်အရှေ့ပိုင်း ပြည်သူ့ဆေးရုံကြီး | ၁၆-၄-၂၀၂၀ | တွေ့ရှိ | စောင့်ကြည့်လူနာ |
| 93 | ၃၆ နှစ် | ကျား | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိပါ။ | ရန်ကုန်အရှေ့ပိုင်း ပြည်သူ့ဆေးရုံကြီး | ၁၆-၄-၂၀၂၀ | တွေ့ရှိ | စောင့်ကြည့်လူနာ |
| 94 | ၃၉ နှစ် | ကျား | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိပါ။ | အင်းစိန် အထွေထွေ ရောဂါကုဆေးရုံကြီး | ၁၆-၄-၂၀၂၀ | တွေ့ရှိ | စောင့်ကြည့်လူနာ |

*ကျန် (၃၆၉) ဦး၏ ဓာတ်ခွဲအဖြေများတွင် COVID-19 ရောဂါပိုး မရှိပါ။

# ရွှေကူမြို့နယ်၌ လက်သန့်ဆေးရည်ဘူးနှင့် နှာခေါင်းစည်းများ ပေးအပ်လှူဒါန်း

**ရွှေကူ ဧပြီ ၁၈**

ကချင်ပြည်နယ် ရွှေကူမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဇာနည်မင်းသည် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် ဌာန ဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျေးရွာ များသို့ လက်သန့်ဆေးရည်နှင့် နှာခေါင်းစည်းများ ပေးအပ်လှူဒါန်းခဲ့သည်။

ထိုသို့ ပေးအပ်လှူဒါန်းရာတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အား လက်သန့် ဆေးရည် ၁၅ ဘူး၊ မြို့နယ် မီးသတ်တပ်ဖွဲ့အား လက်သန့်ဆေးရည် ၃၄ ဘူး၊ မြို့နယ် ပြည်သူ့ဆေးရုံအား လက်သန့်ဆေးရည် ၃၄ ဘူး၊ ရွှေကူမြို့နယ်လုံးဆိုင်ရာ နာရေးကူညီမှု အသင်းအား လက်သန့်ဆေးရည် ၂၄ ဘူးနှင့် နှာခေါင်းစည်း ၅၀၊ ငြိမ်းအေးချမ်းသာ လူမှုကူညီရေး အသင်းအား လက်သန့်ဆေးရည် ၂၄ ဘူးနှင့် နှာခေါင်းစည်း ၅၀၊ ရွှေကူမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စောင့်ကြည့် လူနာထားရှိနေရာကို လက်သန့်ဆေးရည် ၁၀ ဘူး၊ နောင်လက်ကြီးကျေးရွာတွင် လက်သန့် ဆေးရည် ငါးဘူး၊ ပန်းတင်ကျေးရွာတွင် လက်သန့် ဆေးရည် ငါးဘူးနှင့် အခြားလိုအပ်သူများအား လက်သန့်ဆေးရည် ၁၀ ဘူးကို သွားရောက်၍ ပေးအပ်လှူဒါန်းခဲ့သည်။

ထိုသို့ ပေးအပ်လှူဒါန်းခြင်းများ ဆောင်ရွက် ရာတွင် ရွှေကူမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတိုးတိုးဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရွှေကူမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လိုက်ပါဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်မျိုးအောင်(ပြန်/ဆက်)**



ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၈-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)သည် (၁၈-၄-၂၀၂၀) ရက်နေ့၊ နံနက်ပိုင်းအထိ စောင့်ကြည့်လူနာနှင့် အသွားအလာကန့်သတ်ထားသူ စုစုပေါင်း (၃,၈၈၀) ဦး၏ ဓာတ်ခွဲနမူနာများကို စစ်ဆေးခဲ့ရာ (၉၄) ဦးတွင် COVID-19 ရောဂါ ကူးစက်ခံရကြောင်း အတည်ပြုနိုင်ခဲ့ပြီး (၃,၇၈၆) ဦးတွင် ရောဂါပိုးမရှိကြောင်း တွေ့ရှိခဲ့ရပါသည်။

၂။ ဓာတ်ခွဲအတည်ပြုလူနာ (၉၄) ဦးအနက် (၅) ဦးမှာသေဆုံးခဲ့ပြီး၊ (၂) ဦးမှာ ဆေးရုံမှ ဆင်းခွင့်ရရှိခဲ့ပြီး ဖြစ်ပါသည်။

၃။ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၈၄)ဦးအား အောက်ပါဇယားအတိုင်း သက်ဆိုင်ရာ ဆေးရုံများတွင် လိုအပ်သလို ကုသမှုပေးလျက်ရှိပြီး ဝေဘာဂီအထူးကုဆေးရုံကြီး၊ အထူးကြပ်မတ်ကုသဆောင်တွင် လူနာ (၃) ဦးအား ကုသမှုပေးလျက်ရှိပြီး ကျန်လူနာများ၏ အခြေအနေမှာ တည်ငြိမ်ကောင်းမွန်လျက်ရှိပါသည်။

၄။ (၁၇-၄-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၈-၄-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၁၂၄)ဦး ရှိပါသည်။

၅။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) ၏ (၁၈-၄-၂၀၂၀) ရက်နေ့၊ ည (၆:၁၅) နာရီအချိန်တွင် ထုတ်ပြန်ချက်အရ ပထမအသုတ်စစ်ဆေးခဲ့သော ဓာတ်ခွဲနမူနာ (၉၁) ခုအနက် (၂) ဦးတွင် COVID-19 ရောဂါပိုး တွေ့ရှိရပြီး ကျန်လူနာ (၈၉) ဦးတွင် COVID-19 ရောဂါပိုး မတွေ့ရှိပါ။

၆။ အဆိုပါလူနာ (၂) ဦးကို သက်ဆိုင်ရာဆေးရုံများသို့ လွှဲပြောင်း၍ သီးခြားထားရှိ ကုသမှုပေးသွားမည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

| စဉ် | ဆေးရုံအမည် | ဓာတ်ခွဲအတည်ပြုလူနာ ဦးရေ (ဦး) |
|---|---|---|
| ၁ | အထူးကုဆေးရုံ (ဝေဘာဂီ)၊ ရန်ကုန်မြို့ | ၇၂ |
| ၂ | တောင်ဥက္ကလာအမျိုးသမီးနှင့် ကလေးဆေးရုံကြီး၊ ရန်ကုန်မြို့ | ၃ |
| ၃ | ပြည်သူ့ဆေးရုံ၊ တီးတိန်မြို့ | ၄ |
| ၄ | ပြည်သူ့ဆေးရုံကြီး၊ လားရှိုးမြို့ | ၁ |
| ၅ | ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့ | ၁ |
| ၆ | စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၊ တောင်ကြီး | ၁ |
| ၇ | ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့ | ၁ |
| ၈ | ပြည်သူ့ဆေးရုံကြီး၊ ကျိုင်းတုံမြို့ | ၁ |
| ၉ | ပြည်သူ့ဆေးရုံကြီး၊ ကလေးမြို့ | ၂ |
| ၁၀ | ကန်တော်နဒီဆေးရုံ၊ မန္တလေးမြို့ | ၁ |

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၈-၄-၂၀၂၀) ရက်နေ့၊ ည (၉:၀၀)နာရီ

၁။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) ၏ (၁၈-၄-၂၀၂၀) ရက်နေ့၊ ဒုတိယအသုတ် စစ်ဆေးခဲ့သော ဓာတ်ခွဲနမူနာ (၉၄) ခုအနက် (၂) ဦးတွင် COVID-19 ရောဂါပိုး တွေ့ရှိ (တွေ့ရှိ) ပြီး ကျန်လူနာ (၉၂) ဦးတွင် COVID-19 ရောဂါပိုး မတွေ့ရှိ(မတွေ့ရှိ)ပါ။

၂။ အဆိုပါလူနာ(၂) ဦးကို သက်ဆိုင်ရာဆေးရုံများသို့ လွှဲပြောင်း၍ သီးခြားထားရှိ ကုသမှုပေးသွားမည်ဖြစ်ပါသည်။

၃။ (၁၈-၄-၂၀၂၀)ရက်နေ့၊ COVID-19 ရောဂါအတွက် (ပထမအသုတ်+ ဒုတိယအသုတ်) ဓာတ်ခွဲစစ်ဆေးမှုတွင် တွေ့ရှိခဲ့သော လူနာသစ် (၄) ဦးအား (ဇယား-၁) တွင် ဖော်ပြထားပါသည်။

၄။ ယနေ့အထိ COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၉၈) ဦး ရှိပြီဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ဇယား -၁

COVID-19 ရောဂါအတွက် (ပထမအသုတ် + ဒုတိယအသုတ်) ဓာတ်ခွဲစစ်ဆေးမှုတွင် COVID-19 လူနာတွေ့ရှိမှု

(၁၈-၄-၂၀၂၀) ရက်နေ့၊ ည (၉:၀၀) နာရီ

| လူနာ အမှတ်စဉ် | အသက် | ကျား/မ | နေထိုင်ခဲ့သည့် လိပ်စာ | COVID-19 ရောဂါ အတည်ပြုလူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ယခု ဆေးကုသမှုခံယူလျက် ရှိသည်/ ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 95 | ၁ နှစ် ၆ လ | ကျား | ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး | ရှိ | မရှိပါ။ | ဝေဘာဂီအထူးကု ဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ် ထားရှိသူ |
| 96 | ၄၃ နှစ် | ကျား | တာချီလိတ်မြို့နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) | ရှိ | မရှိပါ။ | ပြည်သူ့ဆေးရုံကြီး၊ ကျိုင်းတုံမြို့ | တွေ့ရှိ | |
| 97 | ၄၃ နှစ် | မ | သဃ်န်းကျွန်း မြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး | ရှိ | မရှိပါ။ | တောင်ဥက္ကလာ အထူးကုဆေးရုံကြီး | တွေ့ရှိ | |
| 98 | ၂၀ နှစ် | မ | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး | ရှိ | မရှိပါ။ | တောင်ဥက္ကလာ အထူးကုဆေးရုံကြီး | တွေ့ရှိ | |

- ကျန် (၁၈၁) ဦးတွင် ရောဂါပိုးမတွေ့ရှိပါ။

ဇယား - ၂

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ

(၁၈-၄-၂၀၂၀) ရက်နေ့၊ ည (၉:၀၀) နာရီ

| | |
|---|---|
| (၁၈-၄-၂၀၂၀) ရက်နေ့ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးမှုစုစုပေါင်း (ဓာတ်ခွဲနမူနာ) | (၉၁) ခု |
| (၁၈-၄-၂၀၂၀) ရက်နေ့ (ဒုတိယအသုတ်) ဓာတ်ခွဲစစ်ဆေးမှုစုစုပေါင်း (ဓာတ်ခွဲနမူနာ) | (၉၄) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) (ပ+ဒု အသုတ်) | (၄) ဦး |
| COVID-19 (SARS-CoV-2) မတွေ့ရှိ (negative) (ပ+ဒု အသုတ်) | (၁၈၁)ဦး |

## ပင်လုံမြို့၌ ယာယီပျံကျဈေး ဟင်းသီးဟင်းရွက် ရောင်းချခွင့်ပြုထားသည့် မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်ဝင်းအတွင်း၌ ပိုးသတ်ဆေးများဖျန်း

ပင်လုံ ဧပြီ ၁၈

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့နယ် ပင်လုံမြို့တွင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရေးအတွက် ပင်လုံမြို့ စည်ပင်သာယာရေးကော်မတီမှ ဟင်းသီးဟင်းရွက်များ ရောင်းချသည့် ယာယီဈေးအဖြစ် ပင်လုံမြို့ မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်ဝင်းအတွင်း၌ ယနေ့မှစတင်၍ ယာယီဈေး သတ်မှတ်ရောင်းချခွင့်ပြုခဲ့သည်။

ယာယီဈေးတွင် ဆိုင်ခန်းတစ်ခန်းလျှင် ၁၀ ပေ ပတ်လည်နှင့် ဆိုင်ခန်းတစ်ခန်းနှင့် တစ်ခန်း ခြောက်ပေစီ ခြား၍ ထားရှိပြီး ဈေးဝယ်သူများအတွက် သတ်မှတ်နေရာများ ထားရှိပေးကာ ယာယီဈေးအဖြစ် သတ်မှတ်ထားသည့်ကာလအထိ နေ့စဉ် နံနက် ၅ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။ ဈေးရောင်း ဈေးဝယ်သူများအနေဖြင့် ယာယီဈေးအတွင်း မဝင်ရောက်မီ လက်ဆေးရန် နေရာများ စီစဉ်ပေးထားသည်။

အဆိုပါ ယာယီဈေးနေရာအား ပင်လုံမြို့ မီးသတ်တပ်ဖွဲ့ဝင်များက ပြည်သူများ ကိုဗစ်-၁၉ ရောဂါကူးစက်ခြင်းမှ ကြိုတင်ကာကွယ်၊ တားဆီးနိုင်ရေးအတွက် ရည်ရွယ်၍ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နန်းမြင့်မြင့်ဆွေ(ပြန်/ဆက်)



# ငါးသိုင်းချောင်းမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ဒေသခံပြည်သူများအဆင်ပြေစေရေးအတွက် ယာယီဈေးဖွင့်

ငါးသိုင်းချောင်း မေ ၁၈

**ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ဒေသခံပြည်သူများ အဆင်ပြေချောမွေ့စွာ ဝယ်ယူစားသောက်နိုင်ရေးအတွက် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအစီအစဉ်ဖြင့် ဟင်းသီးဟင်းရွက်နှင့် သားငါးပျံကျဈေးသည်များအား ငါးသိုင်းချောင်းမြို့ ပြည်သူ့အားကစားကွင်းအတွင်း၌ ဈေးရောင်းရန်နေရာတစ်ခုလျှင် ငါးပေပတ်လည်၊ ခြောက်ပေခြား၊ လမ်းအကျယ် ၁၅ ပေ ယာယီဈေးကို မေ ၁၈ ရက် နံနက်ပိုင်းက စတင်ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။** (ယာပုံ)

ဆက်လက်၍ ဈေးသည်၊ ဈေးဝယ်ပြည်သူအားလုံး ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး နည်းလမ်းများအား စနစ်တကျ တိကျစွာ လိုက်နာရောင်းချ၊ ဝယ်ယူရေးအတွက် သက်ဆိုင်ရာ မြို့ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ကော်မတီ၊ မြို့စည်ပင်သာယာရေးကော်မတီ၊ လူမှုရေး အသင်းအဖွဲ့များက ဈေးသွား ဈေးလာ ဒေသခံပြည်သူများအား နှာခေါင်းစည်းများ တပ်ဆင်သွားလာရေး နှိုးဆော်ခြင်း၊ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်း၊ လက်ဆေးရေးရန်နေရာများ ယာယီဈေး၌ စီစဉ်ဆောင်ရွက်ထားရှိ၍ စနစ်တကျ လက်ဆေးစေခြင်း၊ ဈေးသည်များအား နှာခေါင်းစည်းနှင့် လက်အိတ်များ ဝတ်ဆင်ရောင်းချစေရေး၊ ယာယီဈေးအတွင်း ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်၊ လမ်းညွှန်ချက်များအား လှည့်လည်နှိုးဆော်ခြင်း၊ စစ်ဆေးခြင်းများ၊ ဈေးပိတ်သိမ်းချိန်၌ ပိုးသတ်ဆေးဖျန်းခြင်း အစီအစဉ်များကို အဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးနှင့် ဒေသခံပြည်သူများ အဆင်ပြေချောမွေ့စွာ ဝယ်ယူစားသောက်နိုင်ရေးအတွက် ငါးသိုင်းချောင်းမြို့ရှိ စည်ပင်သာယာမြို့မဈေးနှင့် အောင်ဆန်းရပ်ကွက်ဈေးနှစ်ဈေးတွင် အခြေခံစားသောက်ကုန် ဆိုင်ခန်းများကို စနစ်တကျ ဖွင့်လှစ်ရောင်းချလျက်ရှိပြီး အဆိုပါဈေးများတွင် ဟင်းသီးဟင်းရွက်နှင့် သားငါးပျံကျဈေး ဖွင့်လှစ်ရောင်းချမှုအားလုံး ပိတ်သိမ်းလျက် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ဒေသခံပြည်သူများ အဆင်ပြေချောမွေ့စွာ နေထိုင်၊ ရပ်တည်၊ ဝယ်ယူစားသုံးမှု အဆင်ပြေချောမွေ့စေရန် ယခုကဲ့သို့ ပြည်သူ့အားကစားကွင်းတွင် ယာယီဈေးအား စီစဉ်ဖွင့်လှစ်ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အရေးပေါ်ကာလအတွင်း နေ့စဉ်နံနက် ၅ နာရီမှ ၉ နာရီအထိသာ ဖွင့်လှစ်ရောင်းချပေးမည်ဖြစ်ကြောင်း၊ ကျန်းမာရေးသတိပေးချက်၊ စည်းကမ်းများအတိုင်း လိုက်နာရောင်းဝယ်ရန် သက်ဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များကလည်း အဆက်မပြတ် စစ်ဆေးကြပ်မတ်နှိုးဆော် ပူးပေါင်းဆောင်ရွက်ပေးလျက် ရှိကြောင်း မြို့စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ညွှန့်က ပြောကြားထားကြောင်း သိရသည်။**စိုးမင်းဦး(ပြန်/ဆက်)**



# မိုင်းဖြတ်၌ စားသောက်ကုန်များ ဝယ်ယူသုံးစွဲနိုင်ရေး ယာယီပျံကျဈေး ဖွင့်လှစ်



**မိုင်းဖြတ် မေ ၁၈**

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အစီအမံဖြင့် ပြည်သူများ လတ်တလောအခြေအနေတွင် စားသောက်ကုန်များ ဝယ်ယူရာ၌ ယာယီအဆင်ပြေစေရေး မြို့နယ်စည်ပင်သာယာရေး ကော်မတီက ဖွင့်လှစ်သည့် ယာယီပျံကျဈေးကို မေ ၁၈ ရက် နံနက် ၆ နာရီမှစ၍ လေယာဉ်ကွင်းဟောင်းနေရာ၌ ဖွင့်လှစ်ရောင်းချပေးသည်။ **(ဝဲပုံ)**

အဆိုပါ ယာယီပျံကျဈေး ဖွင့်လှစ်ထားသည့် နေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးတိုးဇော်ထွန်းနှင့် တာဝန်ရှိသူများက ကိုဗစ် – ၁၉ ရောဂါ ကူးစက်မှုမှ ကာကွယ်ထိန်းချုပ်ရေးအတွက် ဈေးရောင်း၊ ဈေးဝယ်များအား နှာခေါင်းစည်းနှင့် လက်အိတ်များ ဝတ်ဆင်ပြီးမှ ဈေးအတွင်းသို့ ရောင်းချဝယ်ယူရေး၊ သက်မှတ်နေရာအကွာအဝေးမှ ရောင်းချဝယ်ယူရေး တို့ကို လိုက်လံအသိပညာပေးခဲ့ပြီး ဈေးရောင်း၊ ဈေးဝယ်များအား နှာခေါင်းစည်းနှင့် လက်အိတ်များကို ဝေငှပေးခဲ့သည်။

မြို့နယ်စည်ပင်သာရေးကော်မတီအနေဖြင့် မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ကာကွယ်ထိန်းချုပ်ရေးအတွက် မိုင်းဖြတ်မြို့မဈေးကို မေ ၁၅ရက်မှ ၁၇ ရက်အထိ ယာယီပိတ်ခဲ့ပြီး ယခုအခါ မြို့မဈေးအတွင်း လူစုလူဝေး မဖြစ်ပေါ်စေရေးအတွက် ဈေးအတွင်း စာရင်းပေါက်ဆိုင်ခန်းများကို ပြန်လည်ဖွင့်လှစ်ရောင်းချခြင်းနှင့် ယခုဖွင့်လှစ်သည့် ယာယီဈေးတွင် ယခင်က မြို့မဈေးနှင့် ပတ်ဝန်းကျင်အတွင်း ရောင်းချနေသည့် ပျံကျဈေးသည်များကို တစ်ဦးလျှင် ၁၀ ပေအကျယ်နှင့် တစ်ဦးနှင့်တစ်ဦး ၁၀ ပေအကွာတွင် တစ်ပြိုင်တည်းခွဲ၍ ရောင်းချစေခဲ့ကြောင်း အမှုဆောင်အရာရှိ ဦးတိုးဇော်ထွန်းထံမှ သိရသည်။

**သန်းထွန်းအေး(ပြန်/ဆက်)**

## သီပေါမြို့နယ်၌ အခြေခံစားသောက်ကုန်ပစ္စည်းများကို အခြေခံလူတန်းစားများ လက်ဝယ်အရောက်ဖြန့်ဝေ

**သီပေါ မေ ၁၈**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ်တွင် နိုင်ငံတော်မှ ထောက်ပံ့ပေးအပ်သည့် အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ကြက်သွန်နီ စားသောက်ကုန်များကို ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများ လက်ဝယ်အရောက် ကူညီဖြန့်ဝေပေးလျက်ရှိရာ ကျန်ရှိဝေလံခေါင်ဖျားဒေသများသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးယဉ်ထွေး၊ မြို့နယ်ပညာရေးမှူး ဦးဝင်းဇော်ဦး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးထွန်းမင်းဦး၊ မြို့နယ်စီမံကိန်းမှူး ဒေါ်သီသီသိန်းနှင့် လူမှုရေးအသင်းအဖွဲ့များ မြန်မာနှစ်ဆန်းတစ်ရက်က ဆင်ကျော့ဒေသသို့သွားရောက်ပြီး ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စု ၂၃၈ စုကို ပစ္စည်းငါးမျိုး ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

သီပေါမြို့နယ်အနေဖြင့် အခြေခံစားသောက်ကုန်များကို မေ ၁၁ ရက်မှ စတင်ဖြန့်ဝေပေးလျက်ရှိပြီး ရပ်ကွက်/ ကျေးရွာအုပ်စု ၇၈ စုအတွင်းရှိ အိမ်ထောင်စုပေါင်း ၃၄၀၉ စုအတွက် ဆန် ၁၁၃၆ အိတ်၊ ဆီ ၁၇၀၄ ပိဿာ၊ ဆား ၁၇၀၄ ပိဿာ၊ ပဲ ၃၄၀၉ ပိဿာနှင့် ကြက်သွန်နီ ၃၄၀၉ ပိဿာတို့အတွက် တန်ဖိုးငွေကျပ် ၅၇၉ သိန်းကျော်ကို အခြေခံလူတန်းစားများ လက်ဝယ်ရောက် မေ ၁၇ ရက်က စနစ်တကျ အပြီးဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**



## ကောလင်းမြို့နယ်တွင် ပျံကျဈေးသည်များအား ပြည်သူ့အားကစားကွင်းသို့ ပြောင်းရွှေ့ရောင်းချနိုင်ရန် နေရာများစီစဉ်ဆောင်ရွက်နေ

**ကောလင်း မေ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မဖြစ်ပေါ်စေရေးနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား အထောက်အကူပြုစေရန်အတွက် ကောလင်းမြို့နယ် စည်ပင်သာယာရေးကော်မတီမှ မြို့မဈေးကြီးမှ ဆိုင်ခန်းပေါင်း ၆၉၉ ခန်းနှင့် ဝက်သားဆိုင် ခြောက်ဆိုင်နှင့် အမဲသားဆိုင် တစ်ဆိုင်သာ ကျန်ခဲ့ပြီး ပျံကျဈေးသည်များအား ပြည်သူ့အားကစားကွင်း၌ ရောင်းချနိုင်ရန် ယမန်နေ့က နေရာများစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါပြည်သူ့အားကစားကွင်း၌ ဖွင့်လှစ်ရောင်းချနိုင်ရန် စီစဉ်ပေးထားသည့်ပျံကျဈေးကို မေ ၁၈ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ပျံကျဈေးသည်များအတွက် တစ်ဦးချင်းစီ ရောင်းချနိုင်ရန် ငါးပေသတ်မှတ်ပြီး တစ်ဦးနှင့်တစ်ဦး အကွာအဝေး ခြောက်ပေစီ သတ်မှတ်ထားကြောင်း သိရပြီး မရှိမဖြစ်လိုအပ်သော အိမ်သာများ၊ အမှိုက်စွန့်ပစ်ရန် ထားရှိမည့်ကန်နှင့် ရေကားတစ်စီး ထားရှိပေးရန် စီစဉ်လျက်ရှိကြောင်းလည်း သိရသည်။

အဆိုပါ ပြည်သူ့အားကစားကွင်း၌ စီစဉ်ထားရှိမည့် ပျံကျဈေးတန်းကို ဈေးဝယ်မည့် ပြည်သူများနှင့် ဈေးရောင်းမည့် ဈေးသည်များက နှာခေါင်းစည်း တပ်ရန်နှင့် နံနက် ၅ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ရောင်းချရန် စီစဉ်ထားကြောင်း သိရသည်။

**မြင့်ထွန်းမင်း(ကောလင်း)**

## ဝါးခယ်မတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု မဖြစ်ပွားစေရေး ပျံကျဈေးသည် ၂၀၀ ကျော် မြို့မအားကစားကွင်းအတွင်း ယာယီဈေးသတ်မှတ်၍ ရောင်းချမည်

**ဝါးခယ်မ မေ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်သည့်အနေဖြင့် မြို့မဈေးအတွင်း ရောင်းချလျက်ရှိသော ဟင်းသီးဟင်းရွက်၊ ကုန်ခြောက်အပါအဝင် (ပျံကျ) ဈေးသည် ၂၀၀ ကျော်အား မေ ၁၉ ရက် နံနက်မှစကာ မြို့မအားကစားကွင်းအတွင်း ယာယီဈေးသတ်မှတ်၍ ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ယာယီဈေးတွင် ဟင်းသီးဟင်းရွက်၊ ကုန်ခြောက်၊ ဘဲဥ၊ ကြက်ဥ၊ မုန့်ဟင်းခါးခေါက်ဆွဲဆိုင်၊ အဝတ်အထည်၊ ကွမ်းဆိုင်၊ မုန့်ဆိုင်များ အပါအဝင် စုစုပေါင်း ပျံကျဈေးသည် ၂၇၅ ဦးအား သတ်မှတ်နေရာများ ချထားပေးကာ ရောင်းချသွားမည်ဖြစ်ကြောင်း၊ မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်များနှင့် လူကျပ်တည်းမှုကို လျှော့ချသည့်အနေဖြင့်လည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု မဖြစ်ပွားစေရေးကို ရည်ရွယ်ကာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးမှ သိရသည်။

အဆိုပါ ပျံကျဈေးသည်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်မှုလုပ်ငန်းများ ပြီးဆုံးပါက ဈေးသည်များအနေဖြင့် ယခင် ရောင်းချခဲ့သော နေရာများတွင် ပြန်လည်ရောင်းချရမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

**လွှမ်းသီဟ (ပြန်/ဆက်)**

# အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာအထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် **"စောစောရှာ"** Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင်၊ ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး၊ ရောဂါကူးစက်ခံရနိုင်မှု အခြေအနေ ထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့် **"စောစောရှာ"** Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပါသည်-

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့် ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများ သွားလာခဲ့သည့် နေရာများစာရင်းကို ဤ "စောစောရှာ" Mobile Application အသုံးပြုသူများအနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါ ကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း ၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင် ဖြစ်စေ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ **"စောစောရှာ"** Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်းအပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်း အော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ဤ Application အား ရယူသုံးစွဲသူများကို တစ်လ သက်တမ်းရှိသော 1GB အင်တာနက်အခမဲ့ အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများနေအနေဖြင့် COVID–19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် **"စောစောရှာ"** Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည် မဟုတ်ဘဲ၊ COVID–19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြား မသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည် မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## SMS Promotion Message

သင်နှင့် သင့် မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID–19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် **"စောစောရှာ"** Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရန် စက်ရုံလုပ်သားများ ခွင့်တိုင်ကြားပါက လုပ်ခလစာမဲ့ခွင့်ဖြင့် အလုပ်အကိုင်တည်မြဲမှုအတွက် အာမခံချက်ပေးရန် တိုက်တွန်းနှိုးဆော်ထား

**ရန်ကုန် မေ ၁၈**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလတွင် ရန်ကုန်မြို့ရှိ စက်မှုဇုန်များ မေ ၂၀ ရက်တွင် ပြန်လည်လုပ်ငန်းဝင်ရန် နယ်အသီးသီးမှ လုပ်သားများသိရှိထားရာ ရောဂါကူးစက်မှုထိန်းချုပ်သည့်အနေဖြင့် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းက ဒေသအသီးသီးမှ စက်ရုံလုပ်သားများအား သင်္ကြန်ပိတ်ရက်နောက်ပိုင်း ခွင့်တိုင်ကြားပါက လုပ်ခလစာမဲ့ခွင့်ဖြင့် အလုပ်အကိုင်တည်မြဲမှုအတွက် အာမခံချက်ပေးရန် စက်ရုံလုပ်ငန်းရှင်များအား မေ ၁၈ ရက်က တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

"အထည်ချုပ်လုပ်ငန်းရှင်များအသင်းက ကြေညာချက်ထုတ်ထားတယ်ပြောတယ်။ မေ ၃၀ ရက်အထိ ခွင့်ယူချင်ရင် အကြောင်းကြားထားဖို့ ပြောတယ်။ စက်ရုံအများစုကလည်း ဖွင့်ရမလား၊ ပိတ်ရမလား ဇဝေဇဝါဖြစ်နေကြတယ်။ အဲဒီကိစ္စကို နိုင်ငံတော်က တိတိကျကျ ပြဋ္ဌာန်းပေးရင် ပိုပြီးရှင်းလင်းလွယ်ကူမှာပေါ့နော်။ ကျွန်တော့်အနေနဲ့ ပြောရရင် အထည်ချုပ်မှာ အင်အားများတာကြောင့် ရောဂါထိန်းချုပ်ရေးအတွက်လည်း စိတ်ပူတယ်။ တကယ်လုပ်ငန်းလည်ပတ်ဖို့ လိုနေသလားပေါ့။ စက်ရုံအော်ဒါရှိလို့ တစ်ဖက်ကို အချိန်မီမပေးနိုင်ရင်လည်း နားလည်ဖို့တော့ လိုမယ်။ သင်္ကြန်ပြီးကာလမှာ ရိက္ခာပြတ်လပ်မှု မရှိရေးလည်း လိုတာကြောင့် စားသောက်ကုန်စက်ရုံတွေ လည်ပတ်နေဖို့တော့ လိုမယ်။ ဖွင့်သစ်ဖွင့်ထိုက်တဲ့ စက်ရုံတွေ လည်ပတ်ခွင့်ပေးပြီး စားသောက်ကုန်အတွက် အဆင်ပြေမှာဖြစ်လို့ စိုးရိမ်စရာ မလိုတော့ဘူး။ အလုပ်ပြန်ဝင်ရင်လည်း ၂၁ ရက်စောင့်ကြည့်ပြီးမှ အလုပ်ပြန်လက်ခံမယ့် သဘောလည်း ရှိတယ်။ တစ်ဦးဖြစ်ရင်လည်း မလွယ်ဘူးလေ"ဟု UMFCCI ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပြောသည်။

သင်္ကြန်ကာလပိတ်ရက်အပြီး အလုပ်ပြန်ဖွင့်မည့် စက်ရုံများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရန်နှင့် အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်နိုင်ခြင်း မရှိသော အလုပ်သမားများအား ခွင့်တိုင်ကြားစေပြီး အလုပ်အကိုင်တည်မြဲမှု အာမခံချက်ပေးရန် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ တိုက်တွန်းနှိုးဆော်ထားသည်။

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် စီးပွားရေးထိခိုက်မှုနှင့် အလုပ်အကိုင်ဆုံးရှုံးမှု လျော့ပါးသက်သာစေရေးအတွက် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းအနေဖြင့် မြန်မာနိုင်ငံ တရုတ်အထည်အလိပ်နှင့် အထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ကိုရီးယားအထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ ဂျပန်နိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အုပ်စုတို့နှင့် ပူးတွဲ၍ မိမိတို့အသင်းဝင် စက်ရုံလုပ်ငန်းရှင်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့် သက်ဆိုင်ရာ တည်ဆဲဥပဒေ၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်နှင့် မိမိဒေသအခြေအနေကြောင့်ဖြစ်စေ၊ မိမိကိုယ်တိုင် အခြေအနေကြောင့်ဖြစ်စေ လုပ်ငန်းခွင်သို့ ပြန်လည်မဝင်ရောက်နိုင်သည့် အလုပ်သမားများ သက်ဆိုင်ရာ အလုပ်ရုံ၊ တာဝန်ခံတစ်ဦးဦးထံ ဖုန်းဆက်ခြင်း၊ မက်ဆေ့ချ်ပို့ခြင်းနှင့် Viber မက်ဆေ့ချ်ပို့ခြင်း၊ အီးမေးလ်ပို့ခြင်း စသည့်နည်းလမ်းများဖြင့် ခွင့်တိုင်ကြားပါက မေ ၂၀ ရက်မှ ၃၀ ရက်အထိ လုပ်ခလစာမဲ့ခွင့်ဖြင့် ခွင့်ပြုပြီး အလုပ်အကိုင်တည်မြဲမှုအတွက် အာမခံချက်ပေးရန် တိုက်တွန်းနှိုးဆော်ထားခြင်းဖြစ်သည်။

"မေ ၂၀ ရက် အလုပ်ပြန်ဝင်ရမယ်ဆိုတော့ နယ်က သူငယ်ချင်းတွေကို ဆက်သွယ်ကြည့်တဲ့အခါ လမ်းတွေ ပိတ်တယ်။ အဆောင်ပိုင်ရှင်တွေက ပြန်လက်မခံဘူး။ ရပ်ကွက်ကလည်း ရွာကပြန်လာတဲ့သူတွေကို ပြန်မဝင်စေချင်ဘူး။ အမျိုးမျိုးကြားနေရတယ်။ စက်ရုံမှာ အလုပ်သမား ၆၀၀ ကျော်ရှိတယ်။ တကယ်လို့ စက်ရုံဆင်းရမယ်ဆိုရင် အလုပ်သမားတွေရဲ့ကျန်းမာရေးကို အထူးတာဝန်ယူစေချင်တယ်။ စက်ရုံအများစုမှာ ကျန်းမာရေးစောင့်ရှောက်မှု အားနည်းသလို လူအထိအတွေ့လည်းများတယ်။ တစ်ဦးကို သုံးပေအကွာလည်း မထားနိုင်ကြဘူး။ ကျန်းမာရေးစိုးရိမ်မှုနဲ့ အလုပ်လုပ်ကိုင်ရတဲ့ စိတ်နှစ်မျိုး ခံစားရမှာ။ တကယ်လို့ ဆင်းရမယ်ဆိုရင်လည်း အလုပ်သမားတွေကို ရောဂါကာကွယ်ရေးအတွက် တာဝန်ယူစေချင်တယ်။ ပိတ်မယ်ဆိုရင်လည်း အလုပ်သမားတွေ လစာအတွက်လည်း ကျေးဇူးပြုပြီး စဉ်းစားပေးစေလိုပါတယ်"ဟု လှိုင်သာယာစက်မှုဇုန်(၄)ဆမ်းမီအထည်ချုပ်စက်ရုံမှ မအေးသန္တာက ပြောသည်။

လက်ရှိတွင် ရန်ကုန်မြို့ စက်မှုဇုန်များရှိ ရပ်ကွက်၊ ကျေးရွာများ၌ သင်္ကြန်ကာလ နယ်မပြန်သော အလုပ်သမားများရှိသည့်နည်းတူ နယ်ပြန်သူများလည်း ရှိသောကြောင့် မေ ၂၀ ရက်သည် လုပ်ငန်းခွင်ဝင်ရန် သိရှိထားရာ အလုပ်သမားတို့အတွက် အခက်အခဲများရှိနေပြီး ရောဂါကူးစက်မှု ထိန်းချုပ်နိုင်ရန်နှင့် အလုပ်သမား အလုပ်အကိုင်တည်မြဲမှု အာမခံချက်ပေးနိုင်ရန် မိမိရောက်ရှိရာနေရာမှ သက်ဆိုင်ရာစက်ရုံများနှင့် တာဝန်ခံတို့ထံ ဆက်သွယ်ကာ ခွင့်တိုင်ကြားရန် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

**သန်းထိုက်**

# ဒေသန္တရ တားမြစ်အမိန့်များ ထုတ်ပြန်

**နေပြည်တော် မေ ၁၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ပြည်သူများအား အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ကိုဗစ် – ၁၉ ကူးစက်ခံရမှု မရှိစေရေးနှင့် အချိန်မီ ထိန်းသိမ်းနိုင်ရေးအတွက် ဌာနဆိုင်ရာတာဝန်ဖြင့် သွားရောက်သူများ၊ ကျန်းမာရေးကိစ္စ၊ နာရေးကိစ္စတို့မှအပ နေ့စဉ် ည ၁၀ နာရီမှ နောက်တစ်နေ့နံနက် ၄ နာရီအထိ အပြင်မထွက်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူခံရမည်ဖြစ်ကြောင်း နေပြည်တော်ရှိ မြို့နယ် ရှစ်မြို့နယ်တွင် မြို့နယ်အုပ်ချုပ်ရေးမှူးများက သက်ဆိုင်ရာ မြို့နယ်အလိုက် လက်မှတ်ရေးထိုး၍ မေ ၁၈ ရက်တွင် ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ (ကိုကိုးကျွန်းမြို့နယ် မပါ) ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၊ မြိတ်မြို့၊ ပုလော စသည့်မြို့များ၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ် စသည့် တိုင်းဒေသကြီး / ပြည်နယ်အသီးသီးတွင်လည်း ညမထွက်ရအမိန့် ထုတ်ပြန်ခြင်း ၊ သွားလာမှုကန့်သတ်ခြင်း၊ Mask မတပ်ဘဲ အိမ်အပြင်သို့ ထွက်ခွာခြင်း၊ ဈေးများအသီးသီးရှိ ဈေးရောင်း ဈေးဝယ် ၊ ဈေးလုပ်သားများနှင့် ပြည်သူများအားလုံး Mask များ တပ်ဆင်ပြီးမှသာ ဈေးရောင်းဈေးဝယ် ပြုလုပ်ကြရန် စည်းကမ်းများ သတ်မှတ်ခြင်းဖြင့် ကိုဗစ် – ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မဖြစ်ပေါ်စေရေးနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား အထောက်အကူဖြစ်စေရန် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တောင်တွင်းကြီးမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ရောဂါကာကွယ်ရေးဝတ်စုံ ၅၀ နှင့် ဆေးရုံသုံးပစ္စည်းများ လာရောက်လှူဒါန်း

**တောင်တွင်းကြီး မေ ၁၈**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါလူနာ ရောက်ရှိလာပါက လိုအပ်သည့် စောင့်ရှောက်ကုသမှု ပေးရာတွင် အထောက်အကူဖြစ်စေရန် နယ်မြေခံလေ့ကျင့်ရေးတပ်မှ ဆေးရုံသုံးအထောက်အကူပြု ပစ္စည်းများကို မြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ ယနေ့နံနက် ၉ နာရီက လာရောက်လှူဒါန်းခဲ့သည်။

ထိုသို့လှူဒါန်းရာတွင် နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး ကျော်သန်းဆွေက လက်အိတ် ၂၅ ဘူး၊ နှာခေါင်းစည်း ၁၀၀၀ ၊ N-95 နှာခေါင်းစည်း အခု ၁၀၀ ၊ မျက်မှန် ၁၀ လက်၊ ရောဂါကာကွယ်ရေးဝတ်စုံ ၅၀ တို့အား ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာကြည်ကြည်မာက လက်ခံရယူခဲ့ကြောင်း သိရသည်။



**အေးမိုးမိုးမြင့်(ပြန်/ဆက်)**

## နတ်မောက်မြို့နယ် ဂွေးကန်တောင်ကျေးရွာတွင် သောက်သုံးရေဂါလန် ၄၄၀၀ ဖြန့်ဝေ

**နတ်မောက် ဧပြီ ၁၈**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်ပုံကျေးရွာအုပ်စု ဂွေးကန်တောင်ကျေးရွာတွင် နွေရာသီကာလသောက်သုံးရေဖူလုံစေရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြည်ကြည်ခိုင်နှင့် ဝန်ထမ်းများက ရေဂါလန် ၄၄၀၀ ကို ယနေ့နံနက်ပိုင်းက ကျေးရွာအရောက် ဖြန့်ဝေလှူဒါန်းပေးခဲ့သည်။



နတ်မောက်မြို့နယ်အတွင်း သောက်သုံးရေအခက်အခဲဖြစ်ပေါ်ရာဒေသများသို့ ရေပေးဝေလှူဒါန်းစဉ်။

ကျေးလက်နေပြည်သူများ နွေရာသီကာလ သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ ဖြန့်ဝေပေးရာတွင်နတ်မောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက မကွေးခရိုင်ကျေးလက်ဦးစီးဌာနပိုင် ရေသယ်ယာဉ်ဖြင့် နတ်မောက်မြို့နယ် ဂွေးကန်တောင်ကျေးရွာရှိ အိမ်ခြေ ၁၂၀ မှ လူဦးရေ ၄၄၀ တို့အတွက် ရေဂါလန် ၄၄၀၀ ကို သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရေးအတွက်အိမ်ထောင်စုများအလိုက် စနစ်တကျ ဖြန့်ဝေပေးခဲ့ခြင်း ဖြစ်သည်။

အဆိုပါကျေးရွာတွင်သောက်သုံးရေများ လှူဒါန်းလိုပါက ရေဂါလန် ၂၈၀၀ ပါ ကားတစ်စီးလျှင် ငွေကျပ် ၅၅၀၀၀ နှုန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဒေါ်ကြည်ကြည်ခိုင် ဖုန်းနံပါတ် ၀၉ - ၅၃၃၃၂၁၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းလည်း သိရသည်။

**ငြိမ်းသူ(စလင်း)**

## ရွှေသမင်တို့၏ သောက်ရေကန်များကို မိုးမရွာမချင်း ရေဖြည့်ပေးမည်

**မင်းဘူး ဧပြီ ၁၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ရွှေစက်တော်ဘေးမဲ့တောဒေသရှိ ရှားပါးရွှေသမင်မျိုးစိတ်များ ကျက်စားရာ သောက်ရေကန်များကို မိုးရေလုံလောက်စွာမရမချင်း ရေဖြည့်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရုံးမှ သိရသည်။ **(အောက်ပုံ)**

"မိုးကောင်းကောင်းမရွာမချင်းတော့ ရေကန်တွေ ဖြည့်ပေးနေဦးမှာပါ။ ရေဖြည့်နေတုန်း အနီးတစ်ဝိုက်မှာ သမင်အုပ်တွေကိုတွေ့ရပါတယ်။ ကောက်ယူထားတဲ့စာရင်းအရ ရွှေသမင်ကောင်ရေ ၁၅၀၀လောက်ရှိတယ်။ ရေဖြည့်နေတဲ့ကန်တွေနားမှာ ကောင်ရေ ၅၀၀ ဝန်းကျင်လောက် လာရောက်ကျက်စားနေပါတယ်" ဟု ဘေးမဲ့တောရုံးဦးစီးအရာရှိ ဦးသိန်းလွင်က ပြောသည်။

ဘေးမဲ့တော၏ အရှေ့မြောက်ဘက်ရှိ ရေပြာကန်၊ မုဆိုးကန်နှင့် သပိတ်ဆေးကန် စသည့်ကန်သုံးကန်ကို ဘေးမဲ့တောဌာနပိုင် ကားတစ်စီး၊ နယ်မြေခံတပ်ရင်းမှ ကူညီသည့် ကားတစ်စီးဖြင့် အပတ်စဉ်ရေဖြည့်ပေးလျက်ရှိပြီး ၃၅ခေါက် ဖြည့်ပြီးဖြစ်ကြောင်း ၎င်းထံမှ သိရသည်။ အသွားအပြန် မိုင် ၄၀ ခရီးရှိ သည့် မုန်းချောင်း (မဲဇလီဆည်) မှ ရေကိုသယ်ကာ တောတွင်းကြယ်လိပ်ခြံ အရှေ့ဘက် (ဘေးမဲ့တောအလယ်) ရှိ ကျောက်ဖြူကန်ရေဖြည့်ခြင်းကိုလည်း လုပ်ဆောင်နေကြောင်း၊ ဂါလန် ၁၂၀၀ ဆံ့ ဘောက်ဆာကားတစ်စီးကို ငွေကျပ် ၃၅၀၀၀ ပေးရပြီး ရေကားငှားရသည့်အခက်အခဲရှိသော်လည်း လတ်တလော ငါးစီးဖြည့်ပြီးဖြစ်ကြောင်း သိရသည်။ **ဇေယျာတု(မကွေး)**



## ပဲခူးမြို့ မြန်မာ့စီးပွားရေးဘဏ်မှ အငြိမ်းစားပင်စင်လစာများအား သတ်မှတ်နေ့အလိုက် ထုတ်ပေးသွားမည်

**ပဲခူး ဧပြီ ၁၈**

ပဲခူးမြို့ရွှေမော်ဓောဘုရားလမ်း မြန်မာ့စီးပွားရေးဘဏ်အနီးရှိ အထက(၁) (ဗဟိုဆောင်)တွင် မြန်မာ့စီးပွားရေးဘဏ်မှ အငြိမ်းစားများအတွက် ပင်စင်လစာများကို ဧပြီ၂၁ရက်မှ၂၈ရက် အထိ ရပ်ကွက်အလိုက် သတ်မှတ်ထားသည့်ရက်များတွင် အလှည့်ကျထုတ်ပေးသွားမည်ဖြစ်သည်။

မြို့တွင်းကြီး၊ နန်းတော်ရာ၊ ရုံးကြီး၊ ရှင်စောပု၊ လိပ်ပြာကန်၊ ပုဏ္ဏားစု၊ ပန်းလှိုင်ရပ်ကွက်များတွင်နေထိုင်ကြသည့် အငြိမ်းစားများအတွက် ပင်စင်လစာကို ဧပြီ ၂၁ ရက် နံနက် ၆ နာရီခွဲမှ ညနေ ၃ နာရီအထိလည်းကောင်း၊ ဈေးပိုင်း၊ ညောင်ဝိုင်း(တောင်/မြောက်)၊ သွန်းဘုရား၊ ကျောက်ကြီးစု၊ ဇိုင်းဂနိုင်း(တောင်/မြောက်)ရပ်ကွက်များတွင် နေထိုင်သူများအား ဧပြီ ၂၂ ရက် နံနက် ၇ နာရီမှ ညနေ ၃ နာရီအထိလည်းကောင်း၊ မဇင်း၊ ကလျာဏီ၊ ကုန်းသာယာ၊ ဟသ္သာကုန်း၊ ဗိုလ်ကုန်း၊ ဟံသာဝတီ၊ ရွာသစ်၊ မြို့သစ်ရပ်ကွက်များအတွင်း နေထိုင်သူများအား ဧပြီ ၂၃ ရက်နေ့ နံနက် ၇ နာရီမှ ညနေ ၃ နာရီအထိလည်းကောင်း၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၁)မှ(၉)အထိ ရပ်ကွက်များအတွင်း နေထိုင်သူများအား ဧပြီ ၂၄ ရက်နေ့ နံနက် ၇ နာရီမှ ညနေ ၃ နာရီအထိလည်းကောင်း၊ ဘုရားကြီးမြို့အမှတ်(၁/၂/၃) ရပ်ကွက်များနှင့် အင်းတကော်မြို့ အမှတ်(၁)မှ(၆)အထိ ရပ်ကွက်များအတွင်း နေထိုင်သူများအား ဧပြီ ၂၇ ရက် နံနက် ၇ နာရီမှ ညနေ ၃ နာရီအထိလည်းကောင်း၊ ပဲခူးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု(၆၂)အုပ်စုအတွင်း နေထိုင်သူများအား ဧပြီ ၂၈ ရက် နံနက် ၇ နာရီမှညနေ ၃ နာရီအထိ လည်းကောင်း ပင်စင်လစာများကို ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပင်စင်လစာလာရောက်ထုတ်ယူသူများအနေဖြင့် နှာခေါင်းစည်းများ တပ်ဆင်လာကြရန်နှင့် အဆိုပါရက်များတွင် လာရောက်ထုတ်ယူနိုင်ခြင်း မရှိသည့် အငြိမ်းစားများကို ကျန်ရှိနေ့ရက်များတွင် ဘဏ်လုပ်ငန်းချိန်အတွင်း လာရောက် ထုတ်ယူနိုင်ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

## ဟုမ္မလင်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးဆောင်ရွက်

**ဟုမ္မလင်း ဧပြီ ၁၈**

ဟုမ္မလင်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၇ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဒေါ်မွေးမွေးခင်၊အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးညီညီထွေး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ဟုမ္မလင်းမြို့နယ်အတွင်းရှိ မိုဝိုင်းလွှတ်၊ ဖာဖုတ်ကျေးရွာ၊ ပေပင်ရွာ၊ အုန်းပင်ကုန်းကျေးရွာများသို့ သွားရောက်ခဲ့သည်။ သွားရောက်စဉ်အတွင်း ကိုဗစ်-၁၉ နှင့် ပတ်သက်၍ အသိပညာပေးခြင်း၊ အခြေခံမိသားစုများအတွက် အစိုးရမှ ထောက်ပံ့ပေးသော ပစ္စည်းငါးမျိုး ထောက်ပံ့ပေးခြင်း၊ ရွာအဝင်စစ်ဆေးရေးဂိတ်များကို ကွင်းဆင်းစစ်ဆေးခြင်း၊ ကျေးရွာခေါင်းဆောင်များနှင့် ကျန်းမာရေးဝန်ထမ်းများအား လိုအပ်သည်များမှာကြားပြီး ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်ကာ ဟုမ္မလင်းမြို့ မြို့မအားကစားကွင်း၌ ဧပြီ ၁၉ ရက်တွင် ယာယီဈေးဖွင့်လှစ်ရန် ဆောင်ရွက်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**လင်းလင်း(ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၈ - ၄ - ၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၆၈၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၆၈၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၉၀/၅၃၅ | ကျပ် | ၅၃၀/၅၅၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၀၀/၅၄၅ | ကျပ် | ၅၄၅/၅၆၀ | ကျပ် |
| အောက်တိန်း ၉၂ | ၃၆၀/၄၀၀ | ကျပ် | ၄၃၀/၄၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၅၀၀/၅၆၅ | ကျပ် | ၆၀၅/၆၁၅ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၂၉ . ၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၅၃ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၄ . ၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၇၁ . ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၁၃ . ၁ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၈၈၉ . ၅၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၂ . ၄၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၇၂၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၇ . ၁၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၉ . ၅၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၅၇၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၀၀၀ | ၁၀၅၀၀ | ၃၂၁၆ | ၃၄၅၉၈၅၀၀ |
| MTSH | ၃၇၀၀ | ၃၆၅၀ | ၁၁၅၂၈ | ၄၂၀၇၇၂၀၅၀ |
| MCB | ၉၁၀၀ | ၈၅၀၀ | ၃၀ | ၂၇၂၄၀၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၁၁ | ၂၃၆၅၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၃၁၈ | ၈၉၀၄၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း


| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |


mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS


နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm



HTOO
ဟင်း..ကိုဖိုးထောင်တို့ အိမ်က ဆူညံဆူညံ အသံတွေပဲ...
ဘာဖြစ်တာလဲ ကိုဖိုးထောင်ရဲ့...
ဘာဖြစ်ရမလဲ.. ကိုဗစ်နိုင်တင်း ကြောင့်ပေါ့..
ကိုရိုနာဗိုင်းရပ်စ်မကူးစက် မပြန့်ပွားအောင် လက်ကိုခဏခဏ ဆေးခိုင်းတဲ့ကိစ္စက စတာပဲ ကိုတင့်
ဟုတ်တယ်လေ..ရေနဲ့ဆပ်ပြာ ဒါမှမဟုတ် ဟန်းဂျယ်..ဒါမှမဟုတ်အရက်ပြန်ကိုအသုံးပြုပြီး လက်ဆေးရမယ်လေ..
ကျုပ်သားက သူများထက်ထူးတယ်ကိုတင့်..လက်ဆေးဖို့ အရက်ပြန်မရှိဘူးဆိုပြီး ကျုပ်ဝယ်ထားတဲ့ အရက်တွေနဲ့..
လက်ကိုခဏခဏ ဆေးတော့ ဒီကောင်လက်ဆေးတာနဲ့ပဲ တစ်ပုလင်းကိုပြောက်ခနဲ ကုန်သွားပါရော...
မစားရ..မသောက်ရ အရှုံးနဲ့မြောတာပဲ.. ကျုပ်ပါးစပ်ဆေးဖို့ မရှိတော့ဘူး ကိုတင့်ရဲ့..အီ..
အဲဒါတော့ တတ်နိုင်ဘူးဗျို..


ကာတွန်း
စမ်းချောင်းကိုကိုအောင်
ဟေ့..ဖက်တီးမင်းနဲ့တွေ့တာအတော်ပဲ၊
မင်းကို မေးမလို့...၊
မေးလေ၊
မင်းချန်ပီယံနှစ်ခွဲ ရထားတယ်ဆို..၊
ဟုတ်တယ်လေ၊
ရေကူးနဲ့အပြေး ချန်ပီယံလား
ဟင့်အင်း၊
လက်ဝှေ့နဲ့ ကြက်တောင်ရိုက်၊
မှားတယ်
ဒါဆို ပြောပါဦး..
အစားချန်ပီယံနဲ့ အအိပ်ချန်ပီယံလေ၊


သားရေ...ဘယ် ကျော်...ထတော့လေ...
အင်...ခဏ... ခဏလောက်အိပ်ပါရစေဦး မေမေ...
ခုနစ်နာရီတောင် ထိုးပြီ...သားရဲ့ ..မရဘူး...၊ အခုထတော့...
သားတော့ မေမေတို့ လူကြီးတွေကို နားမလည်တော့ဘူး ... သိလား...
အမယ်...ဘာကိုနားမလည်ရ မြန်တာတုန်း ...ပြောစမ်းပါဦး...
မေမေတို့က ညဆိုရင် သားမအိပ်ချင်သေးတာကိုအတင်းအိပ်ရာဝင်ခိုင်းပြီး...
မနက်ကျပြန်တော့ သားအိပ်ချင်နေသေးတာကိုဘာလို့အတင်းထခိုင်းနေကြတာလဲဆိုတာကိုပါမေမေ...







## သိမှတ်စရာအဖြာဖြာ (General Knowledge)

# အိပ်မက်ကလေးတွေ ဘယ်လိုမက်ကြသလဲ

ကေ – ဂျူဝယ်လ်

**မင်္ဂလာပါ ကလေးလေးတို့ရေ။ သင်္ကြန်ရက်တွေက ပြီးဆုံးသွားပေမယ့် ရေမကစားလိုက်ရလို့ ပျင်းနေကြပြီလား။ ကိုဗစ်–နိုင်တင်းရောဂါ မမတို့ကမ္ဘာကြီးပေါ်က ပျောက်ဆုံးသွားအောင် ဆေးသိပ္ပံပညာရှင်တွေအားလုံးက အဖြေရှာနေကြတာမို့ မကြာခင် တွန်းလှန်နိုင်တော့မှာပါ။ အိမ်မှာနေနေရင်း ကလေးတို့အားလုံးက ကျန်းမာအောင်၊ ဗဟုသုတရအောင် အားမွေးထားကြရမယ်နော်။ ဒီတစ်ပတ်မှာတော့ မမက ကလေးတို့အားလုံး သိချင်နေတဲ့ အိပ်မက်မက်တာ ဘာကြောင့်လဲ ဆိုတာကို ပြောပြပေးသွားမှာပါ။**



ကြောက်စရာကောင်းတဲ့ အိပ်မက်ဆိုးတွေ မက်ဖူးကြတယ် မဟုတ်လား။ ပျော်စရာကောင်းပြီး ခဏခဏထပ်မက်ချင်တဲ့ အိပ်မက်တွေရော ကြုံဖူးလား။ မမကတော့ အိပ်မက်ကောင်းတွေရော အိပ်မက်ဆိုးတွေရော မက်ဖူးတယ်။ အစားတွေ အများကြီးစားပြီး အိပ်ပျော်သွားရင် အစာမကြေတဲ့အတွက် အိပ်မက်ဆိုးတွေ ပိုပြီးမက်တယ်။ နေ့ခင်းဘက်မှာ ပျော်စရာတွေ အများကြီးကြုံထားရင်တော့ အိပ်မက်ကောင်းလေးတွေ ပိုမက်ဖြစ်တယ်။ ကလေးတို့ရော ဘယ်လိုအိပ်မက်တွေ ပိုမက်သလဲ။

ကဲ–မမက ဘာကြောင့်အိပ်မက်မက်တယ်ဆိုတာကို ပြောပြမယ်နော်။ အမှန်ပြောရရင် ဆေးသိပ္ပံပညာရှင်တွေက အိပ်မက် ဘာကြောင့်မက်တယ်ဆိုတာကို ဒီနေ့အထိ အဖြေရှာဆဲပဲ။ ခန့်မှန်းတွေ့ရှိထားတာတွေတော့ အများကြီးပေါ့။ ဒါပေမယ့် တိတိကျကျ အချက်အလက်ကတော့ တော်တော်လေးကို နည်းတာ။ အိပ်မက်အကြောင်းမပြောခင် အိပ်ပျော်သွားတဲ့အခါ မျက်လုံးလှုပ်နေတဲ့အချိန်ရယ်၊ မျက်လုံး လုံးဝမလှုပ်တဲ့အချိန်ရယ်ဆိုပြီး နှစ်ပိုင်းရှိတယ်။ မျက်လုံးမလှုပ်တော့တဲ့အချိန်ဆိုတာက ကလေးတို့ အိပ်ပျော်သွားပြီးရင် လေထဲမှာ မျောသွားသလိုပဲ အသာလေး ငြိမ့်ငြိမ့်လေးခံစားချက်ကို အရင်ရတာ။ အဲဒါက အိပ်မက်မက်ဖို့ မျက်လုံး လုံးဝမလှုပ်တော့တဲ့အချိန်ရဲ့ အစပေါ့။



တကယ်လို့ အဲဒီအချိန်မှာ ဆူညံသံတွေကြားရင် ပြန်နိုးသွားမှာပေါ့။ ဆူညံသံတွေလည်း လုံးဝမကြားဘူး တိတ်ဆိတ်နေရင်တော့ အိပ်မက်မက်ဖို့ ဒုတိယအဆင့်ကို ရောက်ပြီ။ အဲဒီလိုအချိန်မှာတော့ နည်းနည်းပါးပါး ဆူညံသံကြားလည်း ကလေးတို့မနိုးတော့ဘူး။ အိပ်ပျော်နေပြီလေ။ ဒုတိယအဆင့်ပုံစံနဲ့ ကလေးလေးတို့ အိပ်နေတာ နာရီဝက်လောက် ကြာလာမယ်ဆိုရင်တော့ အိပ်မက်မက်ဖို့ တတိယအဆင့်ကို ရောက်သွားပြီ။ အဲဒီ သုံးဆင့်စလုံး ကလေးတို့ မျက်လုံးက လုံးဝမလှုပ်ဖူးတဲ့။ အိပ်နေတာမှ သိုးလို့ပေါ့။ တတိယအဆင့် နာရီဝက်လောက်ကြာရင်တော့ အိပ်မက်မက်တဲ့ စတုတ္ထအဆင့်ကို ရောက်ပြီကွ။ အဲဒီအချိန်မှာ ကလေးတို့မျက်လုံးလေးဟာ တလှုပ်လှုပ်နဲ့ဖြစ်လာပြီး အိပ်မက်တွေမက်တော့တာပဲတဲ့။ အဲဒီအချိန်က အကြာဆုံးမှ ၄၅ မိနစ်ပဲ။ ပြီးတာနဲ့ မျက်လုံးလေးက ပြန်ငြိမ်ပြီး ခုနက ပြောတဲ့အဆင့်သုံးဆင့်ကို ပြန်စပြန်တယ်။ ပြီးရင် အိပ်မက်မက်တဲ့အဆင့်ကို ပြန်ရောက်တယ်။ တစ်ညလုံး အိပ်မက်မက်တဲ့ အဆင့်ကို ရောက်ဖို့ တစ်ဆင့်ချင်း ဖြတ်ကျော်လိုက်၊ ပြီးရင် မျက်လုံးလေးက ပြန်ငြိမ်သွားလိုက်နဲ့ လေးခါ ငါးခါလောက် လည်နေတာလို့ သိပ္ပံပညာရှင်တွေက ပြောထားပါတယ်။

ထူးဆန်းတာက အသက် ငါးနှစ်အောက် ကလေးတွေမှာ အိပ်မက် မက်လေ့ သိပ်မရှိကြဘူးတဲ့။ ဘာဖြစ်လို့လဲဆိုရင် ဦးခေါင်းထိပ်မှာရှိတဲ့ အိပ်မက်မက်တဲ့ ဦးနှောက် အစိတ်အပိုင်းလေးတွေက ငါးနှစ်ကျော်မှ ပိုပြီးဖွံ့ဖြိုးလာလို့ပါတဲ့။ အိပ်မက်မမက်နိုင်တဲ့သူတွေလည်း ရှိသေးတယ် ကလေးတို့ရဲ့။ သူတို့တွေက မွေးခါစကတည်းက မျက်စိမမြင်တဲ့သူတွေနဲ့ ဦးနှောက်မှာပါတဲ့ အိပ်မက်မက်တဲ့ အစိတ်အပိုင်းလေး ထိခိုက်ထားသူတွေက အိပ်မက် မမက်ကြပါဘူး။

အသက် ရှစ်နှစ်အောက် ကလေးတို့မှာတော့ အိပ်မက်တွေက အစီအစဉ်တကျတော့ မရှိကြဘူးတဲ့ကွယ်။ ကြောက်စရာကောင်းတဲ့ အကောင်ကြီးတွေကို စိတ်စွဲပြီး မက်တာမျိုး၊ ယုန်လေးတွေကို မက်တာမျိုး၊ ဖေဖေဆူတာကို မက်တာမျိုးနဲ့ မေမေနဲ့ ဘိုးဘိုး ဘွားဘွားတွေကို မက်တာမျိုးပဲ ရှိတာတဲ့။ ကလေးတို့အသက် ကိုးနှစ်ကနေစပြီး အစီအစဉ်ကျတဲ့ အိပ်မက်တွေ မက်လာလိမ့်မယ်။ ဥပမာပြောရရင် မိသားစုနဲ့ ခရီးသွားတာတို့၊ သူငယ်ချင်းတွေနဲ့ အတူတူဆော့ရင်း ရန်ဖြစ်တာတို့ပေါ့။ အိပ်မက်တွေက ပြန်မှတ်မိတာလည်း ရှိသလို မမှတ်မိဘဲ မေ့သွားတာလည်း ရှိသတဲ့။ အိပ်မက် လှလှလေးတွေမက်အောင် အပြင်ကနေ လုပ်ယူလို့တော့ မရပါဘူး။ ဒါပေမယ့် အိပ်မက်တွေ အများစုက အစာမကြေတာနဲ့ တစ်နေကုန် ကြုံရတဲ့ အရာတွေရဲ့ စိတ်ခံစားမှုတွေအပေါ်မှာတော့ အနည်းနဲ့ အများ သက်ရောက်မှုရှိပါတယ်။ ဆေးသိပ္ပံပညာရှင်တွေကတော့ အိပ်မက်ပုံမှန်မက်တာက စိတ်ကျန်းမာရေး ကောင်းတယ်လို့ ဆိုကြပါတယ်။ ကလေးတို့လည်း ပျော်ပျော်ရွှင်ရွှင် အိပ်မက်လှလှလေးတွေ များများမက်ကြပါစေနော်။ ။

## လောကဝတ် (Etiquette)

# ကိုဗစ်-နိုင်တင်းရောဂါ ဖြစ်နေစဉ်မှာ ကလေးတို့ လိုက်နာသင့်တာတွေရှိတယ်

မမမေ

**လောကဝတ်တွေအကြောင်း၊ လောကကြီးမှာ ကလေးတို့နေထိုင်ကြတဲ့အခါ ယဉ်ကျေးပျူငှာစွာနဲ့ နေကြဖို့ မမက အပတ်စဉ် လောကဝတ်တွေကို ဖော်ပြပေးနေခဲ့တာပေါ့။ ကလေးတို့ လူကြီးတွေနဲ့တွေ့တဲ့အခါ ဘယ်လိုဆက်ဆံကြမလဲဆိုတာမျိုးတွေက အခုလို ကိုဗစ်–နိုင်တင်းလို့ခေါ်တဲ့ ရောဂါဖြစ်ပွားနေချိန်မှာတော့ မလုပ်ဘဲနေကြရမယ့် အရာတွေ ရှိလာပါတယ်။ မမလက်လှမ်းမီသလောက် ကလေးတို့အတွက် စုစည်းထားတာလေးတွေ ပြောပြပေးမယ်နော်။**


### ခြောက်ပေခွာပါ

လူတစ်ယောက်နဲ့တစ်ယောက် ခြောက်ပေအထိ ကွာဝေးပြီးနေမှ ရောဂါပိုးတွေကို ကာကွယ်နိုင်မယ်တဲ့ ကလေးတို့ရေ။ အထူးသဖြင့် အိမ်ကို ဝင်ထွက်လာတဲ့သူတွေ ရှိခဲ့မယ်ဆိုရင် အနည်းဆုံးခြောက်ပေလောက် ကွာပြီးမှ စကားပြော စေချင်ပါတယ်။ ဒါမှသာ ရောဂါပိုးတွေက ကလေးတို့ဆီ မကူးနိုင်မှာပေါ့။

### ပွေ့ဖက်နှုတ်ဆက်တာမလုပ်ဖို့လို

တစ်ယောက်နဲ့တစ်ယောက် ချစ်ခင်တဲ့အထိမ်းအမှတ်နဲ့ ပွေ့ဖက်တာတွေကိုလည်း ဒီကာလမှာမလုပ်ဖို့ လိုပါတယ်။ မမတို့အားလုံးက တစ်ယောက်ကိုတစ်ယောက်ရောဂါတွေ ကူးစက်မကုန်အောင် ပွေ့ဖက်တာ၊ နမ်းရှုံ့တာနဲ့ လက်ဆွဲနှုတ်ဆက်တာမျိုးကို ရှောင်ကြဉ်ဖို့ လိုတာပေါ့ကွယ်။






### ဆူဆူညံညံမလုပ်နဲ့

ကိုဗစ်–နိုင်တင်းရောဂါကြောင့် နေရာတော်တော်များများမှာ အသွားအလာတွေ ကန့်သတ်ထားကြတယ်။ ကလေးတို့လည်း အိမ်မှာပဲ နေနေကြရတယ်မဟုတ်လား။ အလုပ်တွေလည်း ပိတ်ထားကြသလို၊ စီးပွားရေးလုပ်ငန်းတွေလည်း ရပ်သွားကြတာမို့ မေမေ ဖေဖေတို့ရော၊ အိမ်နီးနားချင်းတွေရော၊ ဆွေမျိုးတွေရော အားလုံးက စိတ်တွေ ရှုပ်နေကြမယ်လို့ မမတော့ထင်ပါတယ်။ ကလေးတို့က ဆူဆူညံညံနဲ့ လူကြီးတွေကို စိတ်အနှောင့်အယှက် မပေးမိစေဖို့ သတိပြုဖို့လိုပါတယ်နော်။

### လုံခြုံဖို့သာအဓိက

ကလေးတို့ရေ ရောဂါပိုးကြောင့် ကမ္ဘာပေါ်မှာ လူပေါင်းများစွာ သေကျေကြပြီး ကူးစက်ခံရသူတွေလည်း သိန်းချီရှိနေပြီပေါ့။ ပြင်းထန်လှတဲ့ ရောဂါကို တွန်းလှန်နိုင်ကြဖို့ ဆရာဝန်တွေကလည်း အကြိတ်အနယ် ကြိုးစားကုသပေးနေတာပေါ့။ ကလေးတို့၊ မမတို့က အိမ်မှာနေပြီး ကိုယ့်ကျန်းမာရေးကို အထူးဂရုပြု နေထိုင်ပေးခြင်းနဲ့ ကမ္ဘာကြီးကိုလည်း ကာကွယ်ပေးရာရောက်သလို ကလေးတို့ချစ်တဲ့ မိသားစုကိုလည်း ကာကွယ်ပြီးသားဖြစ်တာမို့ တီဗွီနဲ့ သတင်းစာတွေမှာပါတဲ့ ကိုဗစ်–နိုင်တင်းရောဂါမဖြစ်ပွားဖို့ နေနည်းထိုင်နည်းတွေကို သေသေချာချာ ကြည့်ရှုနေထိုင်ကြပါလို့ မမက သတိပေးလိုက်ပါတယ်နော်။ ။

# ပင်လောင်းမြို့နယ် ပြည်သူ့အားကစားကွင်း၌ ယာယီပျံကျဈေးဖွင့်လှစ်



**ပင်လောင်း မေ ၁၈**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ကိုဗစ်-၁၉ ကာကွယ်ရေး၊ ထိန်းချုပ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် မြို့မဈေးကို မေ ၃၀ ရက်အထိ ယာယီပိတ်သိမ်းထားခြင်းကြောင့် စားသုံးသူပြည်သူများ၊ ပျံကျဈေးသည်များ စားသောက်ကုန်ရောင်းဝယ်ရာ၌ အဆင်ပြေစေရန် ယနေ့နံနက် ၆ နာရီက မြို့နယ်ပြည်သူ့အားကစားကွင်း၌ ယာယီဈေးကို ဖွင့်လှစ်ပေးသည်။

အဆိုပါ ယာယီဈေးအဝင်ပေါက်တွင် မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးဌာန၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီတို့မှ ကျန်းမာရေး စောင့်ရှောက်မှုပေးသည့်အနေဖြင့် ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ နှာခေါင်းစည်းများ၊ ကိုဗစ်-၁၉ ကာကွယ်ရေး၊ ထိန်းချုပ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ မြန်မာနှင့်ပအိုဝ်းဘာသာဖြင့် ရေးသားထားသည့် ကိုဗစ်-၁၉ ကာကွယ်ရေး၊ ထိန်းချုပ်ရေး အသိပညာပေး ဗီနိုင်းများ ပြသပေးလျက်ရှိပြီး ယာယီပိတ်ထားသည့်မြို့မဈေး၏ ပုံမှန်ငါးရက်လျှင်တစ်ဈေး ဖွင့်လှစ်ရောင်းချသည့်ရက်မှအပ ကျန်ရက်များတွင် ယာယီဈေးကို လေးရက်ဖွင့် တစ်ရက်ပိတ်စနစ်ဖြင့် နေ့စဉ်နံနက် ၆ နာရီမှ မွန်းတည့် ၁၂ နာရီအထိသာ ရောင်းချခွင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ရောင်းဝယ်မှုများ ပြုလုပ်ရမည် ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ပုလဲမြို့ ပြည်သူ့အားကစားကွင်း၌ မေ ၁၉ရက်မှ စတင်၍ ယာယီဈေး ဖွင့်လှစ်ရောင်းချမည်

**ပုလဲ မေ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်၌ ကိုဗစ်-၁၉ ထိန်းချုပ်ရေး အရေးပေါ်တုံ့ပြန်ရေးကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်း၍ ပုလဲမြို့ ပြည်သူ့အားကစားကွင်း၌ မေ ၁၉ ရက်မှ စတင်၍ ယာယီဈေး ဖွင့်လှစ်ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင် ဦးထွန်းက ပြည်သူ့အားကစားကွင်းအလယ်တွင် ကုန်စိမ်း၊ ကုန်ခြောက်ဆိုင်များအတွက် တစ်ဆိုင်နှင့်တစ်ဆိုင် ကျောချင်းကပ် ကိုးပေကွာရောင်းချရန် အကွက်များ သတ်မှတ်ပေးခြင်း၊ ဈေးဝယ်မည့်ပြည်သူများ သွားလာရန် ၁၅ ပေ လျှောက်လမ်းထားရှိပြီး သုံးပေအကွာမှ ဝယ်ယူနိုင်ရန်အကွက်များ သတ်မှတ်ပေးခြင်း၊ ကွင်းအဝင်လက်ဝဲဘက် ခြံစည်းရိုးနှင့် ကပ်လျက်တွင် အကြော်ဆိုင်များ၊ အသား၊ ငါးဆိုင်များ ရောင်းချနိုင်ရန်နှင့် ကွင်းအရှေ့ဘက်ဆုံးတွင် မုန့်ဟင်းခါး၊ ခေါက်ဆွဲ၊ ထမင်းကြော်ဆိုင်များ ရောင်းချနိုင်ရန်အတွက် အကွက်များ သတ်မှတ်ပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ပုလဲမြို့ မြို့မဈေးကို မေ ၁၉ ရက်မှ စတင်၍ ပြည်သူ့အားကစားကွင်းအတွင်းသို့ ယာယီဈေးပြောင်းရွှေ့ဖွင့်လှစ်ခြင်း၊ ဈေးသည်များမှာ နှာခေါင်းစည်းနှင့် လက်အိတ်များ တပ်ဆင်ထားခြင်း မရှိပါက ရောင်းချခွင့်မပြု၊ ဈေးဝယ်လာသည့်ပြည်သူများက နှာခေါင်းစည်းတပ်ဆင်ထားခြင်း မရှိပါက ယာယီဈေးအတွင်းသို့ ဝင်ရောက်ခွင့်မပြု၊ စက်ဘီး/ဆိုင်ကယ်များကို သတ်မှတ်နေရာများတွင်သာ အပ်နှံရမည်၊ ဈေးသည်များအနေဖြင့် မိမိရောင်းချသည့်နေရာ ပတ်ဝန်းကျင်သန့်ရှင်းမှုရှိစေရေးကို အလေးထားရမည်၊ သတ်မှတ်စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည် စသည့် ကြေညာချက်များကို မြင်သာသည့်နေရာများတွင် ကပ်ထားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**



# ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေး ယာယီပျံကျဈေးသည်များ ရွှေကူမြို့နယ်ပြည်သူ့အားကစားကွင်းအတွင်းသို့ ပြောင်းရွှေ့ရောင်းချ

**ရွှေကူ မေ ၁၈**

ကချင်ပြည်နယ် ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှုမရှိစေရေး ကြိုတင်ကာကွယ်သည့်အနေဖြင့် ယာယီပျံကျဈေးသည်များအား ယမန်နေ့မှစတင်၍ မြို့နယ် ပြည်သူ့အားကစားကွင်းအတွင်းသို့ ပြောင်းရွှေ့ နေရာချထားရောင်းချလျက်ရှိသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ယာယီ ပျံကျဈေးရောင်းသူများနှင့် ဈေးဝယ်သူများအား နှာခေါင်းစည်းတပ်ဆင်ပြီးမှသာ ရောင်းဝယ်စေခြင်း၊ ယာယီပျံကျဈေးသို့ ဝင်ရောက်မည်ဆိုပါက လက်ဆေးရန်၊ စက်ဘီး၊ ဆိုင်ကယ်၊ ကားများဖြင့် ယာယီပျံကျဈေးသို့ ဝင်ရောက်ခြင်းမပြုစေဘဲ သတ်မှတ်နေရာတွင် အပ်နှံထားရှိစေခြင်း၊ အသား၊ ငါး ရောင်းချသည့်ဈေးသည်များ လက်အိတ်၊ နှာခေါင်းစည်း၊ ရင်ကာများ ဝတ်ဆင်ထားရှိစေခြင်း၊ ဈေးရောင်းချသည့် ဈေးသည်များ မိမိရောင်းချသည့်နေရာအား သန့်ရှင်းအောင် ဆောင်ရွက်ရန်နှင့် အမှိုက်များကို သတ်မှတ်ထားသည့် အမှိုက်ပုံးထဲသို့ စွန့်ပစ်စေခြင်း၊ ယာယီပျံကျဈေးချိန်ကို နံနက် ၅ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျန်းမာရေးအသိအမြင်ဖြင့် သတ်မှတ်နေရာများ ချထားကာ ဖွင့်လှစ်ရောင်းချစေပြီး ညနေဈေးများအား ဖွင့်လှစ်ရောင်းချခွင့်မပြုကြောင်း သိရသည်။

**ကျော်မျိုးအောင်(ပြန်/ဆက်)**




ရွှေကူမြို့ ပျံကျဈေးအဝင်နေရာ၌ လက်ဆေးရန် ဆောင်ရွက်ပေးထားစဉ်။

# ကွန်ဟိန်းမြို့၌ ပျံကျဈေးအား မဟာကမ္ဘောဇပြည်ငြိမ်းအေးစေတီတော်ခြေရင်း အားကစားကွင်း၌ ယာယီရောင်းချခွင့်ပေး

**ကွန်ဟိန်း မေ ၁၈**

ရှမ်းပြည်နယ်တောင်ပိုင်း ကွန်ဟိန်းမြို့၌ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် မြို့မဈေးအတွင်း လူစုလူဝေးမဖြစ်ပေါ်စေရန် ပျံကျဈေးသည်များအား မဟာကမ္ဘောဇပြည်ငြိမ်းအေးစေတီတော်ခြေရင်း အားကစားကွင်းမြေနေရာ၌ ယာယီရောင်းချခွင့် ပေးလျက်ရှိသည်။



အဆိုပါဆောင်ရွက်မှုတွင် ပျံကျဈေးသည် တစ်ဦးလျှင် ခြောက်ပေခြား၍ နေရာများစီစဉ်ပေးထားပြီး ယာယီဈေးကို မေ ၁၈ ရက်မှ ၃၀ ရက် အထိ နေ့စဉ် နံနက် ၅ နာရီ မှ နံနက် ၁၀ နာရီအထိသာ ရောင်းချခွင့်ပြုမည်ဖြစ်သည်။

ဈေးရောင်းသူဈေးဝယ်သူများကလည်း နှာခေါင်းစည်းများ တပ်ဆင်ခြင်း၊ ကျန်းမာရေး အသိပညာပေး နှိုးဆော်ချက်များအား လိုက်နာ၍ စနစ်တကျ ဖွင့်လှစ်ရောင်းချလျက်ရှိကြောင်း သိရသည်။

**ပြည့်စန္ဒီမြင့်(ပြန်/ဆက်)**

# ပင်လုံမြို့ မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်ဝင်းအတွင်း၌ ပျံကျဈေးသည်များအား ယာယီရောင်းချခွင့်ပေး

**ပင်လုံ မေ ၁၈**

လွိုင်လင်မြို့နယ် ပင်လုံမြို့တွင် ကိုဗစ်-၁၉ ထိန်းချုပ်၊ ကာကွယ်ရေးအတွက် ပင်လုံမြို့စည်ပင်သာယာရေးအဖွဲ့မှ ဟင်းသီးဟင်းရွက်များ ပြန်လည်ရောင်းချဝယ်ယူနိုင်ရေး ပင်လုံမြို့ မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်ဝင်းအတွင်း၌ ယနေ့နံနက်ပိုင်းကစတင်၍ ယာယီဈေးသတ်မှတ်ရောင်းချခွင့်ပြုလျက်ရှိသည်။

သတ်မှတ်နေရာတွင် နံနက် ၅ နာရီမှ မွန်းတည့် ၁၂ နာရီအထိသာ ရောင်းချဝယ်ယူခွင့်ပြုမည်ဖြစ်ပြီး ဈေးရောင်းချသည့် ဈေးသည်များက လက်အိတ်ဝတ်ဆင်ခြင်း၊ နှာခေါင်းစည်းများတပ်ဆင်၍ ရောင်းချရန်၊ ဈေးဝယ်များကလည်း လက်အိတ်ဝတ်ဆင်ခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်၍ ဝယ်ယူကြရန်နှင့် အစုလိုက်မဟုတ်ဘဲ တစ်ဦးချင်းသာ ဝယ်ယူကြရန် ပြည်သူများ ဈေးဝယ်နိုင်ရန်အတွက် အိမ်တစ်အိမ်လျှင် ဈေးဝယ်ကတ်တစ်ခုစီ ထုတ်ပေးထားပြီး ဈေးဝယ်ခွင့်ကတ်ဖြင့်သာ နေအိမ်ပြင်ပသို့ ထွက်ခွာကြရန် စည်းကမ်းချက်များ ထုတ်ပြန်ထားသည်။

**နန်းမြင့်မြင့်ဆွေ**

# မတ္တရာမြို့နယ်၌ ယာယီပျံကျဈေး နေရာပြောင်းရွှေ့ဖွင့်လှစ်

**မတ္တရာ မေ ၁၈**

ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်ရေး လူစုလူဝေးများ မဖြစ်ပေါ်စေရေးအတွက် မြို့မဈေးဝန်းကျင်ရှိ ပျံကျဈေးသည်များအား ဗိုလ်ချုပ်အောင်ဆန်းလမ်းမပေါ်တွင် ယနေ့နံနက်ပိုင်းကစတင်၍ ယာယီပြောင်းရွှေ့ဖွင့်လှစ်သည်။

ယာယီပျံကျဈေးတွင် လာရောက်ရောင်းဝယ်သူအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များအတိုင်း နှာခေါင်းစည်းများ၊ လက်အိတ်များ ဝတ်ဆင်အသုံးပြုပြီးမှ ရောင်းချခွင့်၊ ဝယ်ယူခွင့်များ ရရှိမည်ဖြစ်သည်။

ဈေးဝယ်သူများနှင့် လမ်းအသုံးပြုသူများအား နှာခေါင်းစည်းတပ်ဆင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့မှ အသိပေးဆောင်ရွက်လျက်ရှိပြီး နှာခေါင်းစည်းများ မပါရှိသူများကို မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် အဝတ်နှာခေါင်းစည်းများကို ဖြန့်ဝေပေးလျက်ရှိသည်။ ဈေးရောင်းချသူများ သုံးရေအဆင်ပြေရေးအတွက် စည်ပင်ရေသယ်ယာဉ်ဖြင့် ရေများဖြန့်ဝေပေးလျက်ရှိသည်။

အဆိုပါ ယာယီပျံကျဈေးကို ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်နေသည့် ကာလအတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များအတိုင်း ဖွင့်လှစ်ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်

# သီတဂူသာသနာပြုအဖွဲ့၏ စားသောက်ကုန်များအလှူတော်ပွဲ တက်ရောက်



**မုံရွာ မေ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တိုင်းဒေသကြီးဥပဒေချုပ် ဦးခင်မောင်လှ၊ ခရိုင်/ မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများသည် ယမန်နေ့က စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး အပြည်ပြည်ဆိုင်ရာ သီတဂူဝိပဿနာ အကယ်ဒမီကျောင်း၌ သီတဂူဆရာတော် အရှင်ဉာဏိဿရအမှူးပြုသော သီတဂူသာသနာပြုအဖွဲ့နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မန္တလေးမြို့ မလွန်ဈေးဆန်အလှူအသင်းကြီးတို့ ပူးပေါင်း၍ ပြုလုပ်သော စစ်ကိုင်းမင်းကွန်း မင်းဝံတောင်ရိုးကြီးသုံးရပ်ရှိ ရဟန်း၊ သာမဏေ၊ သီလရှင်နှင့် တိုင်းဒေသကြီးအတွင်းရှိ ဘိုးဘွားရိပ်သာ၊ ပရဟိတဂေဟာ၊ အမျိုးသမီးဂေဟာ၊ မသန်စွမ်းဂေဟာတို့ကို ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ပဲ လှူဒါန်းပွဲသို့ တက်ရောက်လှူဒါန်းသည်။ (ယာပုံ)

ယနေ့ ၁၃၈၂ ခုနှစ် သီတဂူ နှစ်ဦး ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ပဲအလှူတော်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျောင်းပေါင်း ၈၅၁ ကျောင်းတို့မှ ရဟန်းသာမဏေ ၄၆၇၈၊ သီလရှင် ၆၀၀၀ ၊ အဘိုးအဘွား၊ မသန်စွမ်း၊ အမျိုးသမီးဂေဟာ ၂၆၃၃ ခုတို့မှ စုစုပေါင်းအလှူခံပုဂ္ဂိုလ်ပေါင်း ၁၃၃၁၁ ဦးအတွက် သီတဂူဆရာတော်ကြီးက အမေရိကန်ဒေါ်လာ တစ်သောင်းနှင့် ဆန်တင်းပေါင်း ၁၅၂၀၀ အတွက် တန်ဖိုးငွေကျပ် ၃၁၆၀၀၀၀၀၀ ၊ ဆီပိဿာပေါင်း ၁၆၂၀၀ အတွက် တန်ဖိုးငွေကျပ် ၁၂၀၈၀၀၀၀ တို့ကို စုပေါင်းလှူဒါန်းခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

---

## ရှမ်းပြည်နယ်အစိုးရအဖွဲ့က မိုးနဲမြို့နယ် ကိုဗစ်-၁၉ ကာကွယ်ရေးအတွက်အလှူငွေနှင့် အထောက်အကူပြုဆက်စပ်ပစ္စည်းများ လှူဒါန်း

**မိုးနဲ မေ ၁၈**

ရှမ်းပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်၊ ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးစိုင်းရဲန်တစ်လုံးနှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းက မိုးနဲမြို့ပြည်သူ့ဆေးရုံသို့ ရောက်ရှိခဲ့သည်။

ပြည်နယ်ဝန်ကြီးများနှင့် အဖွဲ့သည် ပြည်သူ့ဆေးရုံရှိ ရောဂါထိန်းချုပ်ရေးသီးခြားခွဲထားမည့်အခန်းများအား ကြည့်ရှုစစ်ဆေးပြီး ရှမ်းပြည်နယ်ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီနှင့် ကမ္ဘောဇဘဏ်လီမိတက်တို့လှူဒါန်းသည့် ကိုဗစ်-၁၉ ကြိုတင် ကာကွယ်ရေးအတွက် လှူဒါန်းသည့် အလှူငွေကျပ် ငါးသိန်းနှင့် ရောဂါကာကွယ်ရေးဝတ်စုံ ၅၀ ၊ နှာခေါင်းစည်းအခု ၁၀၀၀၊ N-95 နှာခေါင်းစည်း ၁၀၀၊ မျက်မှန် ၁၀ ခု၊ လည်ရှည်ဖိနပ် ၁၀ ရံ၊ အပူချိန်တိုင်းကိရိယာ နှစ်ခု၊ လက်အိတ်အခု ၃၀၀၊ လက်အိတ်ရှည် ၁၀ ခု၊ လက်သန့်ဆေးရည် ၁၀ ဘူး၊ ကြက်ဥအလုံး၂၀၀၀၊ ခရမ်းသီးအိတ်ကြီး နှစ်အိတ်၊ ခရမ်းချဉ်သီးသေတ္တာရှစ်လုံး စသည့်စားနပ်ရိက္ခာများကို ထောက်ပံ့ပေးအပ်ခဲ့ရာ တာဝန်ရှိသူများက လက်ခံယူခဲ့သည်။ (ဝဲပုံ)



ဆက်လက်၍ ပြည်နယ်ဝန်ကြီးများနှင့် အဖွဲ့ဝင်သည် မြို့အဝင်ဂိတ်တွင် မြို့နယ်ပူးပေါင်းအဖွဲ့မှ ကျန်းမာရေးစစ်ဆေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်နယ်အစိုးရအဖွဲ့၊ ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီနှင့် ကမ္ဘောဇဘဏ်လီမိတက်တို့မှ ရှမ်းပြည်နယ်အတွင်း ခရိုင် / မြို့နယ်များအတွက် ဆန်အိတ်နှင့် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးအတွက် ဆက်စပ်ပစ္စည်းများကိုလည်း လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

---

## ရေရှားပါးသည့် ဒေသခံပြည်သူများထံ သောက်သုံးရေများလှူဒါန်းပေး

**မကွေး မေ ၁၈**

မကွေးတိုင်းဒေသကြီးအတွင်း အပူချိန်မြင့်မားမှုနှင့်အတူ သောက်သုံးရေကန်များ၌ ရေလျော့ပါးခန်းခြောက်ခြင်းများ ဖြစ်ပေါ်လျက်ရှိပြီး ရေရှားပါးသည့် ဒေသနေပြည်သူများ၏တောင်းဆိုချက်အရ ရေလှူဒါန်းမှုများကို လုပ်ဆောင်ပေးလျက်ရှိကြောင်း တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။

"ဒေသခံတွေရဲ့ တောင်းဆိုမှုအရ သူတို့ဒေသမှာ ရေရှားပါးပြတ်လပ်နေတယ်ဆိုရင် သွားလှူပေးပါတယ်။ ခရိုင်ရုံးစိုက်တဲ့နေရာတွေမှာလည်း တောင်းဆိုမှုတွေရှိလို့ သွားလှူပေးနေတာတွေရှိပါတယ်။ ရေလိုအပ်ရင် ဖုန်းဆက်အကူအညီတောင်းနိုင်ပါတယ်''ဟု တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဦးမြင့်စိုးက ပြောသည်။

တိုင်းဒေသကြီး ဦးစီးမှူး၏ ဖုန်းနံပါတ်မှာ ၀၉-၅၆၈၀၄၆၅ ဖြစ်ပြီး သောက်သုံးရေ လိုအပ်ချက်ရှိသည့် ဒေသများအနေဖြင့် တိုက်ရိုက်ဆက်သွယ်အကူအညီ တောင်းခံနိုင်ကြောင်း၊ လတ်တလောတွင် ရေလိုအပ်ချက်ရှိဒေသများ၏ တောင်းဆိုချက်အရ သောက်သုံးရေလှူဒါန်းမှု အကြိမ်ပေါင်း (၄၅) ကြိမ်၊ လူဦးရေ ၂၅၁၀၄ ဦး၊ အိမ်ထောင်စု ၅၂၇၅ စု၊ ရေဂါလန်ပေါင်း ၉၆၆၀၀၀၊ ကုန်ကျငွေကျပ် ၅၈၁၀၀၀၀ လှူဒါန်းထားပြီးဖြစ်ကြောင်း တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။

**ဇေယျာတု(မကွေး)**

---

# ချင်းပြည်နယ်လူမှုရေးဝန်ကြီး ကျီခါးတိုက်နယ်ဆေးရုံ ကြည့်ရှုစစ်ဆေး

**ကျီခါး မေ ၁၈**

ချင်းပြည်နယ် ကျီခါးမြို့သို့ရောက်ရှိနေသည့် ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခမ်ခန့်ထန်၊ တာဝန်ရှိသူများနှင့်အတူ မေ ၁၆ ရက်က ကျီခါးတိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး ပြည်သူ့ကျန်းမာရေး လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဆေးရုံ၌ ဆေးကုသမှုခံယူနေကြသော လူနာများအား နှစ်သိမ့်အားပေးခဲ့သည်။ (ယာပုံ)

ထိုသို့စစ်ဆေးဆောင်ရွက်ရာတွင် ကျီခါးတိုက်နယ်ဆေးရုံမှ ပြည်သူ့ကျန်းမာရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများ၊ ဆေးရုံသုံးပစ္စည်းထားရှိမှုအခြေအနေများ၊ Isolation Room ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ မီးရရှိရေးဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် အရေးပေါ်လူနာဆောင် ပြင်ဆင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဆေးရုံတာဝန်ခံ ဒေါက်တာ ထန်ဆန်းက အဆိုပါလုပ်ငန်း ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ရာ ပြည်နယ်လူမှုရေးဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီးက ကျီခါးတိုက်နယ်ဆေးရုံ၌ ဆေးကုသမှုခံယူနေကြသော လူနာများအား နှစ်သိမ့်အားပေးခဲ့ပြီး လူနာတစ်ဦးချင်းအလိုက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဆလိုင်းလိန်းမာန် (ပြန်/ဆက်)**



---

## မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ အသက်ရှူအထောက်အကူပြုကိရိယာတပ်ဆင်

**မိတ္ထီလာ မေ ၁၈**

မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ပတ္တမြားသော့ အထွေထွေရောင်းဝယ်ရေးမှ လှူဒါန်းသည့် အသက်ရှူအထောက်အကူပြုကိရိယာတပ်ဆင် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်လျက်ရှိသော အလှူငွေနှင့် ကျန်းမာရေး အထောက်အကူပြုပစ္စည်းများကို အလှူရှင်စေတနာရှင်များက မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ လာရောက်လှူဒါန်းပေးလျက်ရှိရာမှ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ သံသယလူနာများရှိလာပါက ထားရှိရန်အတွက် သီးသန့်အဆောင်ကို အလှူရှင်စေတနာရှင်များ၏ လှူဒါန်းမှုဖြင့် ပြင်ဆင်ဆောင်ရွက်ထားရှိသည့်အပြင် လူနာများ အသက်ရှူသွင်းရာ၌ အခက်အခဲ ဖြစ်ပေါ်လာပါက အသက်ရှူအထောက်အကူပြုကိရိယာ အကူအညီ ရယူဆောင်ရွက်နိုင်စေရန်အတွက် ပတ္တမြားသော့အထွေထွေရောင်းဝယ်ရေးက လှူဒါန်းသည့် အသက်ရှူအထောက်အကူပြုကိရိယာ တစ်ခုကို မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ တပ်ဆင်ထားရှိပြီးဖြစ်သည်။ ထို့အပြင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ လှူဒါန်းသည့် အသက်ရှူအထောက်အကူပြုကိရိယာ နှစ်ခုကိုလည်း ဆက်လက်တပ်ဆင်သွားရန် ဆောင်ရွက်လျက်ရှိကြောင်း မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှဆေးရုံအုပ်ကြီးဒေါက်တာ ညွှန့်စိန်က ပြောကြားသည်။



**သိန်းမြင့်ကျော်(မိတ္ထီလာ)**

---

## စေတုတ္တရာမြို့တွင် သက်ကြီးရွယ်အို အဘိုးအဘွားများအား ထောက်ပံ့ငွေများပေးအပ်

**စေတုတ္တရာ မေ ၁၈**- မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့၌ မြန်မာနှစ်သစ်ကူး နှစ်ဆန်း ၁ ရက်နေ့က လွှတ်တော်ကိုယ်စားလှယ်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ သက်ကြီးရွယ်အိုအဘိုးအဘွားများအား အိမ်တိုင်ရာရောက်သွားရောက်၍ ထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းသည်။

အဆိုပါ ထောက်ပံ့ငွေများကို တိုင်းဒေသကြီးအစိုးရ၏ထောက်ပံ့ငွေဖြင့် ပေးအပ်လှူဒါန်းခြင်းဖြစ်ပြီး စေတုတ္တရာမြို့ပေါ်ရှိ အသက် ၈၀ နှစ်နှင့်အထက်ရှိ အဘိုးအဘွား ၁၁၅ ဦးအား တစ်ဦးလျှင်ထောက်ပံ့ငွေကျပ်ငါးထောင်နှုန်းဖြင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများကအဘိုးအဘွားများထံသို့ အိမ်တိုင်ရာရောက်သွားရောက်၍ ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ခင်သန်းလှိုင်(ပြန်/ဆက်)**



တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ မြို့ကျက်သရေဆောင်လေးကျွန်းဆီမီးစေတီတော် ရင်ပြင်တွင် ဧပြီ ၁၇ ရက်က မီးသတ်ဦးစီးဌာနမှ သန့်ရှင်းရေးနှင့် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်စဉ်။

မြိတ်(ပြန်/ဆက်)

## ပူတာအိုမြို့နယ် သက်ကြီးဘိုးဘွားများအား အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ အိမ်တိုင်ရာရောက် လှူဒါန်း

**ပူတာအို ဧပြီ ၁၈**

ကချင်ပြည်နယ် ပူတာအိုမြို့နယ်တွင် မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ် နှစ်ဆန်း ၁ ရက်နေ့တွင် မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းစဉ်လာအရ ဆရာတော်၊ သံဃာတော်များအား ဆွမ်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် မြို့ပေါ်ရပ်ကွက်များရှိ သက်ကြီး ဘိုးဘွားများအား ထောက်ပံ့ပစ္စည်းများပေးအပ်လှူဒါန်းခြင်းကို နှစ်စဉ်ကျင်းပလျက်ရှိရာ ယခုနှစ်တွင်လည်း အစဉ်အလာမပျက်စေရေးအတွက် နဝကမ္မအလှူငွေလှူဒါန်းခြင်းနှင့် သက်ကြီးဘိုးဘွားများအား ထောက်ပံ့ပစ္စည်းများကို အိမ်တိုင်ရာရောက် ထောက်ပံ့လှူဒါန်းခဲ့သည်။



မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်စင် ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ ဒေသခံလုပ်ငန်းရှင် စေတနာရှင်အလှူရှင်များ စုပေါင်းလှူဒါန်းထားသော အလှူငွေများကို မြို့ပေါ်ရပ်ကွက်ရှိ ဘုန်းကြီးကျောင်းငါးကျောင်းနှင့် သီလရှင်ကျောင်းတစ်ကျောင်းတို့အား တစ်ကျောင်းလျှင် နဝကမ္မအလှူငွေကျပ် ၅၀၀၀၀ စီနှင့် မြို့ပေါ်ရပ်ကွက်(၁၁)ရပ်ကွက်ရှိ အသက်အကြီးဆုံး ဘိုးဘွား ၅၅ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ တန်ဖိုးရှိ ဆန်၊ ဆီ၊ ကြက်သွန်နီ၊ ကွေကာအုပ်ထုပ်ကြီး၊ ကြက်ဥတို့ကို အိမ်တိုင်ရာရောက် ထောက်ပံ့လှူဒါန်းခဲ့ခြင်း ဖြစ်သည်။

အိမ်တိုင်ရာရောက်ထောက်ပံ့လှူဒါန်းရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိမ်းလေး၊ ခရိုင်သာသနာရေးမှူး ဦးဝင်းရွှေနှင့်အတူ အစဉ်အလာမပျက်စေရေးအတွက် စုစုပေါင်းလှူဒါန်းငွေကျပ် ၁၁၂၅၀၀၀ တို့ကိုလှူဒါန်းပေးခဲ့ခြင်းဖြစ်ပြီး မြို့ပေါ်ရပ်ကွက်များမှ ထောက်ပံ့လှူဒါန်းရန် ကျန်ရှိသည့် ဘိုးဘွားများအား သက်ဆိုင်ရာ ရပ်ကွက် အုပ်ချုပ်ရေးမှူးများမှ တစ်ဆင့် အိမ်တိုင်ရာအရောက် ပေးပို့ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

ဖုန်ကန်(ပူတာအို)

## ကြို့ပင်ကောက်မြို့နယ် သွားလာနေကြသူများအား နှာခေါင်းစည်းတပ်ဆင်သွားလာကြရန် အသိပညာပေး

**ကြို့ပင်ကောက် ဧပြီ ၁၈**

ကြို့ပင်ကောက်မြို့နယ်တွင် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ စည်ပင်သာယာဈေးအနီးပတ်ဝန်းကျင်တွင် အကြောင်းအမျိုးမျိုးကြောင့် မဖြစ်မနေသွားလာနေကြသော ဒေသခံပြည်သူများအား နှာခေါင်းစည်း တပ်ဆင်သွားလာကြရန် အသိပညာပေးခြင်းကို ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးစေတနာ့ဝန်ထမ်းအဖွဲ့က ယနေ့နံနက်ပိုင်းတွင် ဆောင်ရွက်ခဲ့သည်။

ကြို့ပင်ကောက်မြို့နယ် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးစေတနာ့ဝန်ထမ်းအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက "အကြောင်းအမျိုးမျိုးကြောင့် မဖြစ်မနေသွားလာနေရတဲ့ ပြည်သူတွေရှိတယ်။ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်းမတပ်ဘဲ သွားလာနေတဲ့သူတွေကို တစ်ခုကိုငွေကျပ် ၅၀၀ ကျပ်နှုန်းနဲ့ဝယ်ယူတပ်ဆင်ပြီး သွားလာစေပါတယ်။ အနေးယာဉ်မောင်းနှင်သူတွေကိုတော့ အခမဲ့ဝေပေးပါတယ်။ မနေ့ကတော့ နှာခေါင်းစည်း အခုလေးရာကုန်တယ်။ နောက်နေ့တွေမှာလည်း ဒီအစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားမှာပါ" ဟုပြောသည်။

ဇေယျာထွန်း(ကြို့ပင်ကောက်)

## (၃၈)ကြိမ်မြောက် နွားဘေးမဲ့ပွဲမှ နွားအကောင် ၃၀ ကို ဒီပဲယင်းကွဲကျေးရွာ နွားဘေးမဲ့ခြံသို့ ပို့ဆောင်ပေးသွားမည်

**မုံရွာ ဧပြီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အလယ်ရပ်ကွက် ချမ်းသာကြီးမြတ်စွာဘုရား ဂေါပကအဖွဲ့က ကြီးမှူး ကျင်းပသည့် (၃၈) ကြိမ်မြောက် နွားဘေးမဲ့ပွဲတော်မှ အသက်ကယ်ရရှိသော နွားများအား ဧပြီ ၂၂ ရက်တွင် စစ်ကိုင်းမြို့နယ် ဒီပဲယင်းကွဲကျေးရွာရှိ နွားဘေးမဲ့ခြံသို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း ချမ်းသာကြီးမြတ်စွာဘုရားဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးတင့်လွင်ထံမှ သိရသည်။




"အခုလက်ရှိအချိန်က လူစုလူဝေးဖြစ်ဖို့ လုံးဝမဖြစ်တဲ့အခြေအနေဖြစ်တာကြောင့် ဘေးမဲ့ပေးမယ့်နွားတွေကို ဘုရားဝင်းအတွင်းမှာ မထားတော့ဘူး၊ စက်မှုဇုန်ထဲက နေရာတစ်ခုကိုငှားပြီး ထားတယ်။ နွားတွေလာအပ်ရင်လည်း လူစုလူဝေးနဲ့မလာဖို့ မှာထားရတယ်။ မြို့ထဲကိုတော့ လှည့်လည်ပြသခြင်း မပြုတော့ဘူး။ ဧပြီ ၂၂ ရက်မှာ မန္တလေးမြို့ တောင်စလင်းတိုက် ဘဒ္ဒန္တဥူးတိက္ခ ဦးစီးတည်ထောင်ထားတဲ့ စစ်ကိုင်းမြို့နယ် ဒီပဲယင်းကွဲကျေးရွာက နွားဘေးမဲ့ခြံကို ပို့ဆောင်ပေးသွားမှာ ဖြစ်ပါတယ်။ အခုနှစ်ကတော့ ကိုဗစ်-၁၉ ရောဂါဖြစ်နေတာဆိုတော့ သတိပြုလုပ်ကိုင်ရတယ်။ ဒီနှစ်ကတော့ အခက်အခဲတွေနဲ့ လုပ်ဆောင်ရပေမယ့် အောင်မြင်ခဲ့တော့ ကြိုးစားရကျိုးနပ်သွားတယ်"ဟု ၎င်းက ပြောသည်။

**နွားဘေးမဲ့ခြံသို့ ပို့ဆောင်ပေး**

ချမ်းသာကြီး မြတ်စွာဘုရားဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် (၃၈)ကြိမ်မြောက် နွားဘေးမဲ့ပွဲတော်ကြီးတွင် ချမ်းသာကြီးဂေါပကအဖွဲ့နှင့် အလှူရှင်များ၏ စုပေါင်းလှူဒါန်းငွေကျပ် ၁၃၈ သိန်းဖြင့် နွားအကောင်ရေ ၂၀ နှင့် တစ်ဦးချင်း ကယ်တင်လှူဒါန်းသည့် နွားအကောင် ၁၀ ကောင် စုစုပေါင်းအကောင် ၃၀ ကို ဧပြီ ၂၂ ရက်တွင် စစ်ကိုင်းမြို့နယ် ဒီပဲယင်းကွဲကျေးရွာရှိ နွားဘေးမဲ့ခြံသို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဝင်းဦး(ဇေယျာတိုင်း)

## ကရသူရိမြို့၌ မီးဘေးသင့်အိမ်ထောင်စုအား ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့

**ကရသူရိ ဧပြီ ၁၈**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ကရသူရိမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ မီးဘေးသင့်အိမ်ထောင်စုတစ်စုမှ လူဦးရေငါးဦးအတွက် ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ခြင်းကို ယနေ့နံနက်ပိုင်းက ပေးအပ်သည်။

ထောက်ပံ့ပေးအပ်ခြင်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးတင်မောင်မောင်ဝင်းနှင့်အဖွဲ့က မီးဘေးသင့်အိမ်ထောင်စုတစ်စုမှ လူဦးရေငါးဦးအတွက် ဆန်ဖိုးရန်ပုံငွေကျပ် ၁၀၅၀၀၊ အိမ်ဆောက်ပစ္စည်းအတွက် ငွေကျပ်တစ်သိန်းနှင့် ကယ်ဆယ်ရေးပစ္စည်း ၁၈ မျိုးကို မြို့အုပ်ချုပ်ရေးမှူးနှင့် တကွ မီးဘေးသင့်မိသားစုထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါမီးဘေးသင့်မိသားစုသည် ကျောက်ထနောင်းကျေးရွာ ရွှေမြေရတနာ ဆီအုန်းကုမ္ပဏီအပိုင် ချောင်းရှစ်ဖျာဆီအုန်းဝန်းအနီးတွင် နေထိုင်သူဖြစ်ပြီး ဧပြီ ၁၂ ရက်က မီးဖိုအတွင်းရှိ မီးကြွင်း၊ မီးကျန်မှ မီးကူးစက်လောင်ခဲ့၍ နေအိမ်တဲတစ်လုံး ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

စိုးဝင်း(ပြန်/ဆက်)

## ကျွန်းလှမြို့နယ်၌ အခြေခံစားသောက်ကုန်ပစ္စည်း ငါးမျိုးဖြန့်ဝေမှုပြီးစီး

**ကျွန်းလှ ဧပြီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စု ၇၅၇၃ စုကို နိုင်ငံတော်မှထောက်ပံ့သော တစ်အိမ်ထောင်လျှင် ဆန်ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ကြက်သွန်နီတစ်ပိဿာ၊ ပဲတစ်ပိဿာ၊ စားသောက်ကုန်ပစ္စည်းငါးမျိုးကို ဖြန့်ဝေထောက်ပံ့ပြီးဖြစ်ကြောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါထောက်ပံ့ပစ္စည်းများကို လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီများ၊ ဌာနဆိုင်ရာများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများ ပူးပေါင်းပြီး အိမ်တိုင်ရာရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

## ကလိန်အောင်မြို့နယ် ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စုများအတွက် အခြေခံစားသောက်ကုန်ပစ္စည်းငါးမျိုး ဖြန့်ဝေ

**ကလိန်အောင် ဧပြီ ၁၈**

တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့ ကျောက်ရှပ်ကျေးရွာ၌ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများအတွက် နိုင်ငံတော်မှထောက်ပံ့ပေးသည့် အခြေခံစားသောက်ကုန်ပစ္စည်းငါးမျိုးကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက အိမ်တိုင်ရာရောက် ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ ဖြန့်ဝေပေးရာတွင် ကလိန်အောင်မြို့ ကျောက်ရှပ်ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး ဦးမောင်စိုးနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကလိန်အောင်မြို့ ကျောက်ရှပ်ကျေးရွာ၌ အိမ်ထောင်စု ၁၆၀ အနက် ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစားအိမ်ထောင်စု ၁၀၃ စုအတွက် အိမ်ထောင်စု တစ်စုလျှင် ဆန်ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲတစ်ပိဿာ၊ ကြက်သွန်နီတစ်ပိဿာတို့အား အိမ်တိုင်ရာရောက်ဖြန့်ဝေပေးအပ်ကြကြောင်း သိရသည်။

မိုးမိုးခိုင်

## ကလေးအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့်လွတ်မြောက်လာသည့် အကျဉ်းသားများအား ဂန့်ဂေါ၌ ကျန်းမာရေးစစ်ဆေးပေး

**ဂန့်ဂေါ ဧပြီ ၁၈**

ကလေးအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွတ်မြောက်လာသည့် အကျဉ်းသား ၄၈ ဦးအား ဂန့်ဂေါမြို့ သာသနာ့ဗိမာန်တော်ကြီး၌ ယမန်နေ့တွင် သက်ဆိုင်ရာတာဝန်ရှိသူများက မုန့်၊ သောက်ရေသန့်ဘူးများနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါ အကျဉ်းသားများထဲမှ ဂန့်ဂေါမြို့ကျောတိုက်ရပ်ကွက်နေ တစ်ဦး၊ ပိုဦးကျေးရွာနေ တစ်ဦးနှင့် မင်းရွာကျေးရွာနေ တစ်ဦးတို့အား သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် နယ်ထိန်းများက အိမ်တိုင်ရာရောက် ပို့ဆောင်ပေးခဲ့ကြောင်းနှင့် ကျောမြို့နေ သုံးဦး၊ ထီးလင်းမြို့နယ် ရေမျက်နီကျေးရွာနေ တစ်ဦးစုစုပေါင်း ဂန့်ဂေါခရိုင်မှ ခုနစ်ဦးဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဆိပ်ဖြူမြို့မှ တစ်ဦးအား ဂန့်ဂေါမြို့နယ် အုပ်ချုပ်ရေးမှူးကားဖြင့် ကျောက်ထုမြို့ ရဲစခန်းသို့ပို့ဆောင်ပေးခဲ့ပြီး ထိုသူအား ဆက်လက်၍ သက်ဆိုင်ရာက လာကြိုမည်ဖြစ်ကြောင်း၊ ဂန့်ဂေါခရိုင် ခုနစ်ဦးနှင့် ကျန်ရှိသည့် ၄၁ ဦးအား သက်ဆိုင်ရာဒေသများသို့ မော်တော်ယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်မင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်အေး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အော်ရွှန်းနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် မိမိနေထိုင်ရာဒေသတွင် အများအကျိုးကိုပူးပေါင်းဆောင်ရွက်ကြရန် ဆုံးမစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

ထင်အောင်နိုင်(ပြန်/ဆက်)

## ဒလမြို့နယ် သက်ကယ်ကွင်းကျေးရွာ တောင်မြောက်ဆက်သွယ်ရေး သံကူကွန်ကရစ် ချောင်းကူးတံတားအသစ် ဖွင့်လှစ်

**ရန်ကုန် ဧပြီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် တုံးတင်ကန်(တောင်)ကျေးရွာအုပ်စု သက်ကယ်ကွင်းကျေးရွာ၌ ရဟန်းရှင်လူ၊ အများပြည်သူများ သွားလာရေး လွယ်ကူအဆင်ပြေ ချောမွေ့စေရေးအတွက် တောင်မြောက်ဆက်သွယ်ရေး သံကူကွန်ကရစ်ချောင်းကူး တံတားအသစ် တည်ဆောက်ပြီးစီး၍ ယနေ့နံနက်ပိုင်းက ဖွင့်လှစ်သည်။

ယခင်က သစ်သားတံတားနှင့် တည်ဆောက်ခဲ့သည်မှာ နှစ်ကာလကြာမြင့်ပြီး ပျက်စီးလျက်ရှိရာ တံတားပေါ်မှ ရဟန်းသံဃာတော်များ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ နေ့စဉ်ဖြတ်သန်းသွားလာရာတွင် အခက်အခဲများဖြစ်ပေါ်ခဲ့ကြောင်း၊ အများပြည်သူ သွားလာရေးအဆင်ပြေချောမွေ့စေရန် တံတားအသစ် တည်ဆောက်မှုအတွက် လိုအပ်လျက်ရှိရာ ယခုလို လှူဒါန်းပေးနိုင်မှုကြောင့် အတိုင်းမသိ ဝမ်းသာပီတိဖြစ်မိကြောင်း အလှူရှင် ဦးအောင်မြင့်ကျော်က ပြောသည်။



ဒလမြို့နယ် သက်ကယ်ကွင်းကျေးရွာ၌ ဆောက်လုပ်ပြီးစီးခဲ့သော ချောင်းကူးတံတားသစ်ကို တွေ့ရစဉ်။

တည်ဆောက်ပြီးစီးသည့်တံတား အမျိုးအစားမှာ သံကူကွန်ကရစ် တံတားဖြစ်ပြီး အလျားပေ ၁၀၀၊ အကျယ် ၁၀ ပေ ရှိရာ အလှူရှင် မိသားစုတို့က စုစုပေါင်းငွေကျပ် သိန်း ၄၀၀ အကုန်အကျခံ၍ တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။


အဆိုပါသက်ကယ်ကွင်း ကျေးရွာ၌ အိမ်ခြေ ၂၆၀၊ အိမ်ထောင်စု ၃၀၀ ကျော်ရှိပြီး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၀၀ ခန့်ရှိရာ ဒေသခံပြည်သူအများစုမှာ ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်သူများဖြစ်ကြောင်း သိရသည်။

**နိုင်လင်းကျော်(ပြန်/ဆက်)**

## ပန်လုံမြို့၌ မြို့လုံးကျွတ်ပိုးသတ်ဆေးရည်ဖျန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်းဆောင်ရွက်

**ပန်လုံ ဧပြီ ၁၈**

“ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ပန်လုံမြို့တွင် ကိုဗစ် – ၁၉ ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းအနေဖြင့် မြို့လုံးကျွတ် ပိုးသတ်ဆေးရည်ဖျန်းခြင်းနှင့် ပြည်သူများအား ကျန်းမာရေး စစ်ဆေးခြင်းကို ပန်လုံမြို့အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ နယ်မြေခံတပ်မှ တပ်ရင်းမှူးနှင့် ဆေးတပ်ဖွဲ့ဝင်များ၊ နယ်မြေခံ မီးသတ်တပ်ဖွဲ့စခန်းမှ တာဝန်ခံနှင့်တပ်ဖွဲ့ဝင်များသည် ယမန်နေ့မှစ၍ စတင်ဆောင်ရွက်လျက်ရှိသည်။ (ဝဲပုံ)



ပန်လုံမြို့ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများရှိ လူနေအိမ်များ၊ မြို့တွင်းလမ်းမများကို ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်ပြီး ဆေးတပ်ဖွဲ့မှ ပြည်သူတစ်ဦးချင်းအား ကိုယ်အပူချိန်တိုင်းတာခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ပိုးသတ်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်းကို ဧပြီ ၁၇ ရက်မှ ၁၉ ရက်အထိ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ခင်မေဦး(ပြန်/ဆက်)**

## ရွှေဘိုမြို့၌ ပင်စင်ထုတ်ယူရာတွင် တိုကင်စနစ်ဖြင့် လူဦးရေသတ်မှတ်၍ ဧပြီ ၂၁ ရက်မှ မေ ၂၀ ရက်အထိ ထုတ်ပေးမည်

**ရွှေဘို ဧပြီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်ထုတ်ယူရာတွင် လူစုလူဝေး မဖြစ်စေရေး တိုကင်စနစ်ဖြင့် လူဦးရေသတ်မှတ်၍ ဧပြီ ၂၁ ရက်မှ မေ ၂၀ ရက်အထိ ထုတ်ပေးမည်ဖြစ်ကြောင်း ရွှေဘိုခရိုင်စီးပွားရေးဘဏ်မှ ခရိုင်မန်နေဂျာ ဦးမြင့်အောင်ထံမှ သိရသည်။

ပင်စင်ထုတ်ပေးရာတွင် ပင်စင်ထုတ်ယူမည့် မိဘပြည်သူများအနေဖြင့် တစ်ဦးနှင့် တစ်ဦးခြောက်ပေအကွာ နေရာကျယ်ကျယ်ဝန်းဝန်းဖြင့် စိတ်အေးချမ်းသာစွာ ထုတ်ယူနိုင်ရေးအတွက် မြန်မာ့စီးပွားရေးဘဏ်နှင့်ကပ်လျက် အမက သခွတ္တော စာသင်ကျောင်းတွင် ပင်စင်စားများအတွက် သီးခြားငွေကောင်တာထားရှိပြီး ထုတ်ပေးမည်ဖြစ်ကြောင်းနှင့် လူစုလူဝေး မဖြစ်စေရန် တိုကင်စနစ်ဖြင့် လူဦးရေသတ်မှတ် ဆောင်ရွက်မည်ဖြစ်သောကြောင့် ဧပြီ ၂၀ ရက်မှစ၍ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း တိုကင်နံပါတ်စာရင်းပေးသွင်းနိုင်ကြောင်း၊ အသက်အရွယ်ကြီးသူ ပင်စင်စားများက ကိုယ်တိုင်မထုတ်ယူဘဲ မိမိ၏ မိသားစုဝင်တစ်ဦးဦးအား ကိုယ်စားလှယ်ဖြင့် လာရောက်ထုတ်ယူကြရန်နှင့် ဧပြီ ၂၁ ရက် နံနက် ၇ နာရီမှ စတင်ကာ ပင်စင်လစာများကို ထုတ်ပေးမည်ဖြစ်ကြောင်း ခရိုင်မန်နေဂျာက ပြောသည်။

ပင်စင်ထုတ်ယူရာတွင် နှာခေါင်းစည်းများ တပ်ဆင်ကြရန်၊ ယခင်လတွင် ဆောင်ရွက်သကဲ့သို့ ဆပ်ပြာဖြင့် လက်ဆေးခြင်း၊ ကိုယ်အပူချိန် တိုင်းတာခြင်းများ ဆောင်ရွက်ပြီးမှ ထုတ်ယူကြရန်နှင့် မိမိ၏ ပင်စင်လစာများကို စာရင်းရှင်စာရင်း၊ ငွေစုဘဏ်စာရင်းနှင့် ATM စာရင်းများသို့ စာရင်းပြောင်း၍ လည်းကောင်း၊ MMM မြန်မာမိုဘိုင်းမန်းနီးဖြင့် လွှဲပို့၍လည်းကောင်း ထုတ်ယူလိုပါကလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ရွှေဘိုဘဏ်မှ ပင်စင်ထုတ်ယူသူ ၄၃၀၀ ခန့်ရှိကြောင်း သိရသည်။

**ထွန်းမြင့်အောင်(ရွှေဘို)**

## ကျောက်မဲမြို့ ဗဟိုဈေးကြီးတွင် ကိုဗစ်–၁၉ ကာကွယ်ရေး အသိပညာပေး

**ကျောက်မဲ ဧပြီ ၁၈**

ကျောက်မဲမြို့မ ဗဟိုဈေးကြီးတွင် ကိုဗစ်–၁၉ ကာကွယ်ရေးအသိပညာပေး အစီအစဉ်တစ်ရပ်ကို ယမန်နေ့က ဆောင်ရွက်သည်။

လာရောက်ဈေးဝယ်ကြသူများအား အပူချိန်တိုင်းတာခြင်း၊ ဆေးရုံသုံး နှာခေါင်းစည်းများ အခမဲ့ဝေခြင်း၊ အသိပညာပေးဟောပြောခြင်းများကို ဆောင်ရွက်ပေးခဲ့ကြသည်။ ယခုကဲ့သို့ ကိုဗစ်–၁၉ ကာကွယ်ရေး အစီအစဉ်များကို ဆက်လက်လုပ်ဆောင်မည်ဖြစ်ပြီး ကျောက်မဲမြို့မဈေးကြီး ပတ်လည်တွင်လည်း လက်ဆေးကန်များကို စနစ်တကျထားရှိပေးထားကြောင်း သိရသည်။

**မိုင်းထွန်း(ပြန်/ဆက်)**

## ကိုဗစ် – ၁၉ ကာကွယ်နိုင်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ဆီဆိုင် ဧပြီ ၁၈**

ကိုဗစ် – ၁၉ ကူးစက်ပျံ့နှံ့မှုကို ကာကွယ်ရန်အတွက် လူအများနှင့်ထိတွေ့မှုကို တတ်နိုင်သမျှ လျှော့ချရန်အတွက် ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဗျားရယ်နှင့် ဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းက ကိုဗစ် – ၁၉ ကာကွယ်နိုင်ရေးအတွက် အသိပညာပေးလက်ကမ်း စာစောင်များ ဖြန့်ဝေပေးခဲ့သည်။

လက်ကမ်းစာစောင်များဖြန့်ဝေရာတွင် လမ်းသွားလမ်းလာများ၊ ပျံကျဈေးသည်များ၊ အနေးယာဉ်မောင်းသူများထံသို့ သွားရောက်၍ “နေ့စဉ်ဘဝမှာ ခပ်ခွာခွာနေပါ” နှင့် “ကိုရိုနာဗိုင်းရပ်စ်ရောဂါ (Covid–19) ကာကွယ်ဖို့ မောင်တို့မယ်တို့ လိုက်နာစို့” စသည့်လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

## ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် အထောက်အကူပြုပစ္စည်းများ လှူဒါန်း

**တနင်္သာရီ ဧပြီ ၁၈**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ကမ်းရိုးတန်းစစ်ဌာနချုပ်မှ ပေးပို့လှူဒါန်းသည့် ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးအပ်လှူဒါန်းပွဲကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ရုံးခန်းမအတွင်း ယနေ့နံနက်ပိုင်းက ပြုလုပ်ခဲ့ရာ ကမ်းရိုးတန်းစစ်ဌာနချုပ် (ကိုယ်စား) ဒုတိယဗိုလ်မှူးကြီးဝင်းသူထက်က လွှဲပြောင်းပေးအပ်ရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအောင်သိုက်ထွန်းက လက်ခံယူသည်။ **(အောက်ပုံ)**

အဆိုပါ လှူဒါန်းသောပစ္စည်းများမှာ ရောဂါကာကွယ်ရေးဝတ်စုံ အစုံ ၂၀၊ ဆေးရုံသုံး နှာခေါင်းစည်း အခု ၃၀၀၊ N–95 နှာခေါင်းစည်း အခု ၃၀ နှင့် ဆေးရုံသုံးလက်အိတ် ၂၀ တို့ဖြစ်သည်။

**နန်းသာရီ–ထိန်ဝင်း(ပြန်/ဆက်)**




## လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ အကူအညီရယူဆောင်ရွက်ရန်လိုအပ်ပါက လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တောင်သူလယ်သမားများ နွေနှင့်မိုးစပါးစိုက်ပျိုး ထွန်ယက်ခြင်းနှင့် ထွက်ရှိလာသော သီးနှံများ ရိတ်သိမ်းခြွေလှေ့ချိန်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန သမဝါယမဦးစီးဌာနမှ လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ပျဉ်းမနားမြို့နယ်တွင် သမဝါယမအသင်းစုချုပ်၏ လယ်ယာဝန်ဆောင်မှုအသင်းနှင့် လယ်ဝေးမြို့နယ်တွင် လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများမှ လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ တောင်သူဦးကြီးများအနေဖြင့် မိမိတို့၏လယ်ယာလုပ်ငန်းများမှထွက်ရှိလာမည့် စပါးများ ရိတ်သိမ်းခြွေလှေ့လိုလျှင် လည်းကောင်း၊ ရာသီအမီစိုက်ပျိုးနိုင်ရေးအတွက် ထွန်ယက်မှုများ ပြုလုပ်လိုလျှင်လည်းကောင်း ဝန်ဆောင်မှုသမဝါယမအသင်းများမှ သင့်လျော်သောဈေးနှုန်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသဖြင့် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါကြောင်း အသိပေး နှိုးဆော်အပ်ပါသည် –

**ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ**

| | |
|---|---|
| ဒုတိယညွှန်ကြားရေးမှူး | – ၀၉–၂၆၂၇၅၈၃၆၅ / ၀၉–၇၉၆၉၂၉၈၁၈ |
| လက်ထောက်ညွှန်ကြားရေးမှူး | – ၀၉–၂၅၆၀၈၈၅၂၅ |
| ဦးကျော်ဆန်း (အတွင်းရေးမှူး) | – ၀၉–၄၂၀၇၅၀၁၈၄ |
| အသင်းစုချုပ်လယ်ယာဝန်ဆောင်မှု ကော်မတီ (ပျဉ်းမနား) | |
| ဦးသန်းနွဲ့(အတွင်းရေးမှူး) | – ၀၉–၇၉၈၃၄၃၆၂၂ |
| လယ်ဝေးမြို့နယ်သမဝါယမအသင်းစု | |
| ဦးစိုးဝင်းသန်း (အတွင်းရေးမှူး) | – ၀၉–၇၉၉၁၉၉၄၄၅ / ၀၉–၄၂၀၇၇၀၁၁၅ |
| လယ်ဝေးမြို့နယ်လယ်ယာဝန်ဆောင်မှု အသင်း | |

**သမဝါယမဦးစီးဌာန**

# ချင်းပြည်နယ်အစိုးရအဖွဲ့ ပလက်ဝမြို့ရှိ နေရပ်စွန့်ခွာသူများအတွက် ဆန်အိတ်စုစုပေါင်း ၈၃၀ နှင့် အခြားစားနပ်ရိက္ခာများပို့ဆောင်

**ဆမီး မေ ၁၈**

ချင်းပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးစိုးထက် ဦးဆောင်သည့်အဖွဲ့သည် ချင်းပြည်နယ် ပလက်ဝမြို့နယ် ဆမီးမြို့သို့ သွားရောက်၍ ပလက်ဝမြို့ နေရပ်စွန့်ခွာသူများအတွက် မေ ၁၆ ရက်က ဆန်အိတ် စုစုပေါင်း ၈၃၀ နှင့် အခြားလိုအပ်လျက်ရှိသည့် စားနပ် ရိက္ခာများကို မော်တော်ယာဉ် ၁၀ စီးဖြင့် ဆမီးမြို့မှ တစ်ဆင့် ပို့ဆောင်ပေးခဲ့သည်။

ချင်းပြည်နယ် ပလက်ဝမြို့တွင် တိုက်ပွဲများ ဖြစ်ပွားခြင်းကြောင့် ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရ၊ INGO အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် အခြားအလှူရှင်များက ပလက်ဝမြို့ရှိ နေရပ်စွန့်ခွာသူများအတွက် လှူဒါန်းထားသည့် စားနပ်ရိက္ခာများသည် လုံခြုံရေးအခြေအနေများကြောင့် ပလက်ဝမြို့သို့ ပို့ဆောင်မရဘဲ ဆမီးမြို့၌ သောင်တင်လျက်ရှိသည်။ သို့ဖြစ်၍ ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှု ဝန်ကြီးဦးဆောင်၍ ဆမီးမြို့၌ သောင်တင်နေသည့် စားနပ်ရိက္ခာများကို ပလက်ဝမြို့ နေရပ်စွန့်ခွာသူများအတွက် ပို့ဆောင်ပေးခြင်း ဖြစ်သည်။

"ပလက်ဝမြို့မှာရှိတဲ့ ဌာနဆိုင်ရာ ဝန်ထမ်းတွေနဲ့ နေရပ်စွန့်ခွာသူတွေအကုန်လုံး စားနပ်ရိက္ခာနဲ့ ပတ်သက်ပြီး အခက်အခဲကြုံတွေ့နေကြပါတယ်။ ပလက်ဝမြို့မှာ နေရပ်စွန့်ခွာနေတဲ့ သူတွေအတွက် ပို့ဆောင်ပေးတဲ့ စားနပ်ရိက္ခာတွေဟာ ပလက်ဝမြို့ကိုပို့မရဘဲ ဆမီးမြို့မှာပဲ အကုန်လုံးသောင်တင်နေတယ်။ ပလက်ဝမြို့ကို စားနပ်ရိက္ခာတွေ အမြန်ဆုံးရောက်နိုင်အောင် ယာဉ်မောင်းတွေရဲ့ အကူအညီနဲ့ ပို့ဆောင်နိုင်အောင် လာရောက်စီစဉ်ပေးခြင်း ဖြစ်ပါတယ်" ဟု ပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ် နှင့်စက်မှုလက်မှုဝန်ကြီးက ပြောကြားသည်။

ပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးဆောင်သည့်အဖွဲ့သည် မေ ၁၅ ရက်မှ ၁၇ ရက်အထိ သုံးရက်ကြာ ဆမီးမြို့သို့ သွားရောက်၍ ဆမီးမြို့ရှိ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အရပ်ဘက်အဖွဲ့အစည်းများကို ဆမီးမြို့ စည်ပင်သာယာရေးညှိရုံးသာ အစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး ချင်းပြည်နယ်အသီးသီးရှိ နေရပ်စွန့်ခွာသူများ၏ အခြေအနေများ၊ ပြည်နယ်အစိုးရမှ နေရပ်စွန့်ခွာများအတွက် စီစဉ်ဆောင်ရွက်ထားမှု အခြေအနေများနှင့် စိမ်ခန့်ခွဲမှု အခြေအနေများ၊ ဆမီးမြို့ရှိ နေရပ်စွန့်ခွာသူများ၏ အခြေအနေများ၊ စားဝတ်နေရေးအခြေအနေများ၊ မိုးရာသီကာလအတွက် ကြိုတင်ပြင်ဆင်ရမည့်အကြောင်းအရာများနှင့် အခြားလိုအပ်ချက်များကို အပြန်အလှန်ဆွေးနွေးကြကာ ပလက်ဝမြို့နေရပ်စွန့်ခွာသူများနှင့် ဆမီးမြို့နေရပ်စွန့်ခွာသူများအတွက် နေရပ်စွန့်ခွာစခန်းအသစ်များ ဆောက်လုပ်နိုင်ရန်အတွက် ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးက စရန်ငွေကျပ်သိန်း ၃၀၀ ကို ပေးအပ်ရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံယူသည်။

ချင်းပြည်နယ်တွင် နေရပ်စွန့်ခွာသူ စုစုပေါင်း တစ်သောင်းကျော်ရှိပြီး ချင်းပြည်နယ် ပလက်ဝမြို့၊ ဆမီးမြို့နှင့် ထန်တလန်မြို့တို့တွင် နေရပ်စွန့်ခွာစခန်းများထားရှိပြီး ပလက်ဝမြို့တွင် နေရပ်စွန့်ခွာသူ စုစုပေါင်းသုံးထောင်ကျော်နှင့် ဆမီးမြို့တွင် နေရပ်စွန့်ခွာသူ စုစုပေါင်းသုံးထောင်ခန့်ရှိကြောင်း သိရသည်။

**ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**



ပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးစိုးထက် ပလက်ဝမြို့သို့ ပို့ဆောင်မည့် ရိက္ခာဆန်များအား ကြည့်ရှုစစ်ဆေးစဉ်။

# ကချင်ပြည်နယ်အစိုးရအဖွဲ့က မိုးကောင်းမြို့နယ်နေပြည်သူများအတွက် ရောဂါကာကွယ်ရေးသုံးပစ္စည်းများလှူဒါန်း

**မိုးကောင်း မေ ၁၈**

ကချင်ပြည်နယ် ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးဝေလင်း ဦးဆောင်မှုဖြင့် မိုးကောင်းမြို့နယ် ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ရောဂါကာကွယ်ရေးသုံး ပစ္စည်းများလှူဒါန်းမှုကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

လှူဒါန်းပေးအပ်ပွဲတွင် ပြည်နယ် ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးက ကာကွယ်ရေးပစ္စည်း လှူဒါန်းမှုနှင့်ပတ်သက်၍ ရှင်းလင်းပြီး တာဝန်ရှိသူများနှင့်အတူ မြို့နယ် ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီကို ရောဂါကာကွယ်ရေးဝတ်စုံ အစုံ ၁၀၀၊ နှာခေါင်းစည်း ၁၃၀၀၀၊ လက်အိတ် အစုံ ၅၀၀၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၇၉၁၀၀၀၀ တန်ဖိုးရှိ ကာကွယ်ရေးပစ္စည်းများ လှူဒါန်းရာ ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံယူခဲ့သည်။

အလားတူ နံနက်ပိုင်းကလည်း ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့သည် သုံးပေအကွာ စားသောက်ကုန်ရောင်းချနေသည့် နံနက်ခင်းဈေး၌ နှာခေါင်းစည်း မတပ်ထားသော ဈေးဝယ်သူရောင်းသူများအား နှာခေါင်းစည်းများ လိုက်လံပေးဝေခဲ့ပြီး (ဝဲပုံ) မိုးကောင်းမြို့နယ်ရှိ နေရပ်စွန့်ခွာစခန်းများသို့ ပြည်နယ် အစိုးရကိုယ်စားထောက်ပံ့ပေးအပ်ရာ ကျွန်းတောရပ်ကွက် အနောက်နှစ်ခြင်း အသင်းတော်ရှိ နေရပ်စွန့်ခွာစခန်းကို ဆန် ၁၂ အိတ်၊ နောင်ကိုင်တော်ရပ်ကွက် မဟောင်နှစ်ခြင်းအသင်းတော်ရှိ နေရပ်စွန့်ခွာစခန်းကို ဆန် ၁၂ အိတ်နှင့် နတ်ကြီးကုန်း မူကြိုကျောင်းဝန်းရှိ နေရပ်စွန့်ခွာစခန်းအား ဆန်ခုနစ်အိတ်တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းလွင်ဦး(မိုးကောင်း)**



# ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ကုသရေးလုပ်ငန်းများတွင် အသုံးပြုသည့် ကျန်းမာရေးအကာအကွယ်သုံးပစ္စည်းများ လှူဒါန်း

**မိုင်းပျဉ်း မေ ၁၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့နယ် ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး ဗညားဝင်း ဦးဆောင်သော တပ်ရင်းတပ်ဖွဲ့မှ တပ်ရင်းမှူးများ၊ အရာရှိများ၊ ဆေးဘက်ဆိုင်ရာ ဆရာဝန်များက ယမန်နေ့က ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ကုသရေး လုပ်ငန်းများတွင် အသုံးပြုနိုင်ရန် ကျန်းမာရေးအကာအကွယ်သုံးပစ္စည်းများ လှူဒါန်းခြင်းအခမ်းအနားကို အဆိုပါရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ စိုင်းစိုးဟိန်းက မြို့နယ်တွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ကုသရေးလုပ်ငန်းများတွင် အသုံးပြုသည့် ရောဂါကာကွယ်ရေးဝတ်စုံအစုံ ၂၀၀၊ ဆေးရုံသုံးနှာခေါင်းစည်းအခု ၆၀၀၊ နှာခေါင်းစည်း ၁၇၅ ခု၊ လက်အိတ် ၂၅ ခု၊ မျက်မှန် ၁၀ ခုတို့ကို ဗိုလ်မှူးကြီး ဗညားဝင်းက လှူဒါန်းပေးအပ်ခဲ့ရာ မြို့နယ်ဆရာဝန်ကြီးက လက်ခံယူခဲ့သည်။

**မေမွန်ထွဋ်(ပြန်/ဆက်)**

ဇီဝမျိုးစုံ ကြွယ်စေဖို့၊
သဘာဝတောတွေ ထိန်းသိမ်းစို့။

## Facility Quarantine (၂၁)ရက်နှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်း Home Quarantine ကာလ (၇)ရက် ဆောင်ရွက်သွားရေး လိုက်နာဆောင်ရွက်ရန် အသိပေးထုတ်ပြန်ခြင်း

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အနေဖြင့် နိုင်ငံတကာမှ လာရောက်သည့်ခရီးသည်များနှင့် COVID-19 ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့သူများထံမှ အခြားသူများသို့ ရောဂါကူးစက်မှု မရှိစေရေးအတွက် လက်ရှိတွင် Facility Quarantine (၁၄)ရက်အား ထားရှိပြီးပါက မိမိနေအိမ်သို့ ပြန်လည်သွားရောက်မည့်သူများအတွက် နောက်ထပ်(၁၄)ရက် နေအိမ်တွင်သီးခြားနေထိုင်ရန် အကြံပြုတိုက်တွန်းချက်များ ထုတ်ပြန်ထားပြီး ဖြစ်ပါသည်။

၂။ COVID-19 ရောဂါရှိသူများမှ ရောဂါပိုးစွန့်ထုတ်သည့်ကာလမှာ ရောဂါလက္ခဏာမပြမီ (၂)ရက်မှ ရောဂါလက္ခဏာပြပြီး (၂၈)ရက်အထိ ရှိကြောင်းနှင့် အဆိုပါကာလအတွင်း အခြားသူများသို့ ရောဂါကူးစက်နိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ထားပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ပြုလုပ်ခဲ့သည့် သုတေသနစာတမ်းများအရ Quarantine (၂၁)ရက် တိတိကျကျနှင့် စနစ်တကျထားရှိပါက ရောဂါကူးစက်မှုအား(၉၈.၇%)အထိ ထိန်းချုပ်နိုင်ကြောင်း လေ့လာတွေ့ရှိရသည့်အပြင် ဒေသတွင်း နိုင်ငံအချို့တွင်လည်း Quarantine ကာလအား ဆေးရုံ/ သတ်မှတ်နေရာများတွင် နေထိုင်ရမည့် ကာလနှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်း ကာလစုစုပေါင်းအား (၂၈)ရက်အထိ သတ်မှတ်ထားကြောင်း တွေ့ရှိရပါသည်။ အထူးသဖြင့် အထက်ပါ Quarantine (၂၈)ရက်ထားရှိမှုများအား ဓာတ်ခွဲစစ်ဆေးမှု အကန့်အသတ်ဖြင့် ဆောင်ရွက်နိုင်သည့် နိုင်ငံများတွင် ဆောင်ရွက်ကြောင်း တွေ့ရှိရပါသည်။

၃။ လက်ရှိအနေဖြင့်လည်း မြန်မာနိုင်ငံအတွင်း COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၈)ဦးအနက် နိုင်ငံတကာမှ ပြန်လည်ရောက်ရှိလာသည့် ခရီးသွားများ (Imported cases) များ၊ ၎င်းတို့နှင့် အနီးကပ်ထိတွေ့သူများတွင်သာ အဓိကကူးစက်ရောဂါ ဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ ဓာတ်ခွဲစစ်ဆေးချက် များနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် Contact Tracing ဆောင်ရွက်ခဲ့သည့် တွေ့ရှိချက်များအရ အချို့သော Confirmed လူနာများနှင့် အသွားအလာ ပိတ်ပင်ကန့်သတ်ခြင်းပြီးစီးသည့် နောက် (၁၄)ရက်ကျော်သည်အထိ လူအချို့တွင် ဓာတ်ခွဲစမ်းသပ်စစ်ဆေးရာ ရောဂါပိုး ဆက်လက်တွေ့ရှိနေသေးကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၄။ သို့ဖြစ်၍ နိုင်ငံအတွင်း ရောဂါပျံ့နှံ့မှုအား ထိန်းချုပ်ရေးဆောင်ရွက်ရာတွင် သေချာမှုရှိစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ယခင် Facility Quarantine အသွားအလာ ပိတ်ပင်ကန့်သတ်ခြင်း (၁၄)ရက် ကာလအစား ယခု Community Based Facility Quarantine/ Hotel Quarantine (၂၁)ရက်နှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်း Home Quarantine ကာလ (၇)ရက်၊ စုစုပေါင်း (၂၈)ရက် ဆောင်ရွက်သွားကြပါရန် အသိပေးထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## အခြေခံစားသောက်ကုန် ငါးမျိုးကို ပုလဲမြို့နယ်ရှိ ကျေးရွာ ၂၄ ရွာက နိုင်ငံတော်သို့ ပြန်လည်လှူဒါန်း

**ပုလဲ မေ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာများမှ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် နိုင်ငံတော်အစိုးရက ထောက်ပံ့သည့် အခြေခံစားကုန်ပစ္စည်း ငါးမျိုးကို ဖြန့်ဝေပြီးစီးပြီဖြစ်ကြောင်းနှင့် မြို့နယ်အတွင်းရှိ ကျေးရွာ ၂၄ ရွာ အနေဖြင့် ထောက်ပံ့သည့် အခြေခံစားကုန်ပစ္စည်း ငါးမျိုးကို နိုင်ငံတော်အစိုးရသို့ ပြန်လည်လှူဒါန်းခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ပုလဲမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်က "နိုင်ငံတော်ကနေ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စု တစ်စုလျှင် ဆန် ၈ ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲ တစ်ပိဿာ၊ ကြက်သွန်နီ တစ်ပိဿာကို အခမဲ့ ထောက်ပံ့ပေးခဲ့ရာမှာ ပုလဲမြို့နယ်အတွင်းမှာ အခြေခံလူတန်းစား အိမ်ထောင်စု ၁၀၂၀၃ စု အတွက် ရပ်ကွက်/ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးများနဲ့ ရပ်မိရပ်ဖများထံကို မေ ၁၃ ရက်က လွှဲပြောင်းပေးအပ်ခဲ့ပြီး သက်ဆိုင်ရာအိမ်ထောင်စုတွေကို အိမ်တိုင်ရာရောက် ဖြန့်ဝေပြီးစီးခဲ့ပြီ ဖြစ်ပါတယ်။ အဲဒီအနက် ပုလဲမြို့နယ်က ကျေးရွာ ၂၄ ရွာက အခြေခံစားသောက်ကုန် ငါးမျိုးကို နိုင်ငံတော်အစိုးရကို ပြန်လည်လှူဒါန်းပေးခဲ့ပြီး အဲဒီ ကျေးရွာတွေမှာရှိတဲ့ အခြေခံလူတန်းစား အိမ်ထောင်စုများအတွက်ကိုတော့ ဆရာတော်များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများနှင့် ရပ်မိ ရပ်ဖများက ပူးပေါင်းပြီး ထောက်ပံ့လှူဒါန်းပေးမှာဖြစ်တယ်လို့လည်း သိရပါတယ်။

"ပြန်လည်လှူဒါန်းခဲ့တဲ့ ပစ္စည်းတွေကို စနစ်တကျ ထိန်းသိမ်းထားရှိပြီး ရပ်ကွက်/ကျေးရွာများအတွင်းက ပုံမှန်ဝင်ငွေမရှိတဲ့ အခြေခံလူတန်းစား အိမ်ထောင်စုစာရင်း ကောက်ယူရာမှာ ကျန်ရှိခဲ့တဲ့ အိမ်ထောင်စုများနှင့် သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်ရင် ဖြစ်ပွားတဲ့ဒေသက အိမ်ထောင်စုများထံကို အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့ပေးနိုင်ခွင့်ရရှိရေး အတွက်လည်း ခရိုင်အဆင့် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ တင်ပြထားပါတယ်"ဟု ပြောကြားသည်။

**မင်းခန့်စိုး(ဇေယျာမြေ)**



ပုလဲမြို့နယ်မှ ရွာတစ်ရွာ၌ စားသောက်ကုန်ငါးမျိုး ဖြန့်ဝေထောက်ပံ့ပေးစဉ်။

## ဝေါမြို့မဈေး၌ ဈေးသူ ဈေးသားများနှင့် ဈေးဝယ်များအတွက် စည်းကမ်းချက်များ ထုတ်ပြန်ထား

**ဝေါ မေ ၁၈**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် စည်ပင်သာယာရေးကော်မတီသည် ဝေါမြို့မဈေးရှိ ဈေးဝယ်နှင့် ဈေးရောင်းများအား ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးအသိပညာပေးခြင်းနှင့် ဈေးသူ ဈေးသားများ၊ ဈေးဝယ်များအနေဖြင့် နှာခေါင်းစည်း တပ်ဆင်ထားမှုရှိမရှိ၊ လက်ဆေးခြင်းရှိမရှိကို ဈေးဝင်ပေါက်များ၌ စောင့်ကြည့်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဝေါမြို့မဈေးကို မေ ၁၈ ရက်က ပြန်လည်ဖွင့်လှစ်ပြီး နေ့စဉ် နံနက် ၆ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဈေးရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း၊ အသား၊ ငါးတန်းနှင့် ပျံကျဈေးရောင်းသူများအနေဖြင့် နံနက် ၆ နာရီမှ နံနက် ၉ နာရီအထိ ပုံမှန်ဖွင့်လှစ်ရောင်းချနိုင်ကြောင်း၊ ဈေးရောင်းသူများအား နှာခေါင်းစည်းတပ်ရန်၊ လက်အိတ်ဝတ်ရန် စည်းကမ်းထုတ်ထားပြီး ဈေးဝယ်သူများအနေဖြင့် နှာခေါင်းစည်း မပါပါက ဈေးအတွင်းသို့ ဝင်ခွင့်မရှိဟု စည်းကမ်းထုတ်ထားကြောင်းနှင့် စည်းကမ်းမလိုက်နာသူများအား ဥပဒေနှင့်အညီအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

**အောင်မြတ်လင်း (ပြန်/ဆက်)**

## ဟိုပုံးမြို့၌ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် အလှူငွေနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်း

**ဟိုပုံး မေ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် တပ်မတော် ကြည်း၊ ရေ၊ လေ မိသားစုဝင်များနှင့် အလှူရှင်များက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ မေ ၁၇ ရက် နံနက်ပိုင်းက ကျန်းမာရေးအထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများ ထောက်ပံ့လှူဒါန်းသည်။

တပ်မတော် ကြည်း၊ ရေ၊ လေမိသားစုဝင်များ လှူဒါန်းထားသော PPE ဝတ်စုံ ၁၀၀၊ နှာခေါင်းစည်း ၃၂၀ နှင့် အခြား ရောဂါကာကွယ်ရေးသုံး ပစ္စည်းများနှင့် အလှူရှင်များက လှူဒါန်းသော လက်သန့်ဆေးရည်ဘူး ၂၀၊ လက်ဆေးရည်ဘူး ၅၀၊ PPE ဝတ်စုံ ၂၅ စုံ၊ အခြား ဆက်စပ်ပစ္စည်းများနှင့် အလှူငွေ ကျပ်နှစ်သိန်းတို့ကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ညီညီတင်က မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်သူနာပြုအဆင့်(၁) ဒေါ်ထားထားဆွေထံသို့ လှူဒါန်းခဲ့သည်။ ထို့အပြင် ဖွားကောင်းစံမိသားစုကလည်း ဟိုပုံးမြို့ ပြည်သူ့ဆေးရုံ ဝန်ထမ်းများနှင့် ဆေးရုံတက်လူနာများအတွက် ကြက်ဆီထမင်းဖြင့် အာဟာရဒါနပြုခဲ့သည်။

**နေမင်းထွန်း(ဟိုပုံး)**




## ပရဟိတအဖွဲ့များပူးပေါင်း၍ သထုံမြို့တွင်း နေရာအနှံ့အပြား၌ ဆေးဖျန်းယာဉ်ဖြင့် ပိုးသတ်ဆေးဖျန်း

**သထုံ မေ ၁၈**

မွန်ပြည်နယ် သထုံမြို့တွင် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးအတွက် လူငယ်ပရဟိတအဖွဲ့ သုံးဖွဲ့ပူးပေါင်းကာ ဘင်လှိုင်ရပ်ကွက်နှင့် ဂေါ့ကျေးရွာ နေရာအနှံ့အပြား၌ ဆေးဖျန်းယာဉ်နှစ်စီးဖြင့် မေ ၁၇ ရက်က ပိုးသတ်ဆေးများ လိုက်လံဖျန်းပေးခဲ့ကြောင်း သိရသည်။

"ဆေးဖျန်းပုံးတွေနဲ့လိုက်ဖျန်းနေတာ အရင်ထဲကပါ။ ထိရောက်မှုပိုကောင်းအောင်လို့ ဆေးဖျန်းယာဉ်တွေနဲ့ ရပ်ကွက်တွေထဲ လိုက်ဖျန်းတာကိုတော့ မေ ၁၆ ရက်က စလုပ်တယ်။ ရပ်ကွက်အသီးသီးက လမ်းကြိုလမ်းကြားမကျန် အကုန်ပြီးသွားရင် အဝေးပြေးလမ်းမကြီးတွေကိုလည်း လုပ်မှာပါ" ဟု အဖြူရောင်နှလုံးသား လူမှုကယ်ဆယ်ရေးအသင်းမှ ကိုဥက္ကာထွန်းက ပြောသည်။

ဆေးဖျန်းယာဉ်များဖြင့် ပိုးသတ်ဆေးဖျန်းခြင်းကို သထုံမြို့ရှိအနှိုင်းမဲ့မေတ္တာ သွေးနှင့်အောက်ဆီဂျင်အခမဲ့ကူညီရေးအသင်း၊ အဖြူရောင်နှလုံးသားလူမှုကယ်ဆယ်ရေးအသင်းနှင့် သက်တန့်ရောင်စဉ်လူမှုကယ်ဆယ်ရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး သထုံမြို့နယ်အတွင်းရှိ ကိုဗစ်-၁၉ သီးသန့်စောင့်ကြည့်စခန်းများ၊ ဌာနဆိုင်ရာရုံးအဆောက်အအုံများကိုပါ ပိုးသတ်ဆေးများ လိုက်လံဖျန်းပေးလျက်ရှိကြောင်း သိရသည်။

**သက်ဦး(သထုံ)**



သထုံမြို့ပေါ် ရပ်ကွက်တစ်ခု၌ ပိုးသတ်ဆေးဖျန်းနေစဉ်

## တပ်ကုန်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးတွင် လူစုလူဝေးမဖြစ်ပေါ်စေရန် ဆောင်ရွက်

**တပ်ကုန်း မေ ၁၈**

နေပြည်တော် တပ်ကုန်းမြို့နယ်၌ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ မြို့နယ်လျှပ်စစ် ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ လျှပ်စစ် အင်ဂျင်နီယာရုံး၌လည်း လျှပ်စစ်ဓာတ်အားသုံးစွဲသည့် ပြည်သူများ လျှပ်စစ်ဓာတ်အားခငွေ လာရောက်ပေးသွင်းသည့် ရက်များတွင် လူစုလူဝေး မဖြစ်စေရန် မေ ၁၈ ရက်မှ စတင်၍ စီမံဆောင်ရွက်ထားကြောင်း သိရသည်။

"ဒီရက်ပိုင်းကတော့ ဓာတ်အားမီတာခငွေကောက်ခံတဲ့ရက်တွေ ဖြစ်ပါတယ်၊ မီတာခငွေကောက်ခံမယ့် ဝန်ထမ်းများကို လက်အိတ်၊ နှာခေါင်းစည်းများ ဝတ်ဆင်ခိုင်းထားပါတယ်၊ မီတာခငွေ ပေးသွင်းရန် လာရောက်ကြတဲ့ ပြည်သူများကိုလည်း ငါးဦးတစ်ဖြတ်နှုန်းနဲ့ သုံးပေစီခွာပြီး မီတာခစာရွက်များနဲ့ မီတာခငွေ ပေးသွင်းစေတဲ့အပြင် မီတာခစာရွက်များ ပြန်မရခင်အချိန် နားနေနိုင်ရန်အတွက် ထိုင်ခုံများကို သုံးပေစီခွာပြီး ချထားပေးပါတယ်၊ လက်ဆေးကန်၊ ရေနှင့် ဆပ်ပြာများကို စီစဉ်ပေးထားပါတယ်၊ လျှပ်စစ်ဓာတ်အားရရှိတဲ့ မြို့ပေါ်ရပ်ကွက် ခြောက်ခုနှင့် ကျေးရွာ ၈၆ ရွာမှာ မီတာအလုံးပေါင်း ၁၉၀၀၀ ကျော် တပ်ဆင်ထားရှိပါတယ်"ဟု မြို့နယ်လျှပ်စစ် အင်ဂျင်နီယာမှူး ဦးအောင်ဇော်ဇော်မျိုးက ပြောပြသည်။

**တင်စိုးလွင်**



## မိုင်းဆတ်မြို့ ပြည်သူ့ဆေးရုံသို့ PPE ဝတ်စုံနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်း

**မိုင်းဆတ် မေ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် PPE ဝတ်စုံနှင့် ဆက်စပ်ပစ္စည်းများကို နယ်မြေခံတပ်နယ်မှ မေ ၁၈ ရက်က လှူဒါန်းခဲ့သလို ကျန်းမာရေးဝန်ထမ်းများအတွက် အာဟာရအစားအစာများကိုလည်း ဒုတိယအကြိမ် ပေးအပ်လှူဒါန်းခဲ့သည်။

မြို့နယ်ပြည်သူ့ဆေးရုံ၌ ပြုလုပ်သည့် လှူဒါန်းပွဲတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်မျိုးမင်းထွန်းက PPE ဝတ်စုံ ၂၅၀၊ နှာခေါင်းစည်း (3-ply) အခု ၉၀၀၊ N-95 နှာခေါင်းစည်း အခု ၂၀၀၊ လက်အိတ် အစုံ ၃၀၊ ခွဲစိတ်ခန်းသုံးမျက်မှန် အခု ၂၀ နှင့် ကြက်ဥ အလုံး ၃၀၀၊ နွားနို့ လေးပိဿာတို့ကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် သွားနှင့်ခံတွင်း အထူးကုဆရာဝန် ဒေါက်တာ သန်းဝင်းတို့ထံ ပေးအပ်လှူဒါန်းပြီး သမားတော်ဒေါက်တာ သိန်းထွန်းအောင်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

**မြင့်မောင်(ပြန်/ဆက်)**

## ချောက်မြို့နယ်၌ ပြည်သူများလိုက်နာရမည့် အချက်များ အသိပညာပေး

**ချောက် မေ ၁၈**

ချောက်မြို့နယ် ငွေးချိုကျေးရွာအုပ်စုအတွင်း ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပြည်သူများလိုက်နာရမည့်အချက်များကို ကျေးရွာများ၌ မေ ၁၇ ရက်မှစ၍ အသံချဲ့စက်ဖြင့် လိုက်လံကြေညာအသိပေးခဲ့ကာ ရောဂါကာကွယ်ရေးအတွက် အသိပညာပေးလက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။ ချောက်မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ဆိုင်ရာ ကြေညာချက်များနှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထုတ်ပြန်ထားသော ပြည်သူများထံသို့ ပန်ကြားချက်များကို ချောက်မြို့နယ် ငွေးချိုကျေးရွာအုပ်စုအတွင်းမှ ကျေးလက်နေပြည်သူများ သိရှိစေရန်အတွက် အသံချဲ့စက်များဖြင့် ကျေးရွာများသို့ လှည့်လည်ကြေညာပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မချို(ပြန်/ဆက်)**

# တရုတ်နိုင်ငံမှ ပြန်ဝင်လာသူများကို မိုးညှင်းမြို့နယ်၌ စနစ်တကျ ပြန်လည်လက်ခံလျက်ရှိ

**မိုးညှင်း ဧပြီ ၁၈**

နယ်စပ်စစ်ဆေးရေးဂိတ်များမှတစ်ဆင့် မိုးညှင်းမြို့နယ်အတွင်းသို့ ဝင်ရောက်လာသူများအား မိုးညှင်းမြို့နယ်အတွင်း သက်ဆိုင်ရာ ရပ်ကွက်ကျေးရွာများအလိုက် ဖွင့်လှစ်ထားရှိသည့် ကန့်သတ်စောင့်ကြည့်စခန်းများ၌ စနစ်တကျ မှတ်တမ်းရေးသွင်း လက်ခံလျက်ရှိကြောင်း သိရသည်။

ဧပြီ ၁၇ ရက်တွင် မြို့နယ်အတွင်းရှိ ကန့်သတ်စောင့်ကြည့်စခန်းများ၌ နယ်စပ်စစ်ဆေးရေးဂိတ်မှ မြို့နယ်အတွင်းသို့ ဝင်ရောက်လာသူပေါင်း ၆၂ ဦးရှိပြီး ၎င်းတို့နှင့်သက်ဆိုင်သည့် ကန့်သတ်စောင့်ကြည့်စခန်းများ၌ မှတ်တမ်းယူ လက်ခံ၍ စောင့်ကြည့်ခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း၊ နန်းခမ်း သာယာကုန်း အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ဖွင့်လှစ်ထားရှိသည့် ကန့်သတ်စောင့်ကြည့်ရေးစခန်းတွင် ၁၆ ဦး၊ လက်ပံတန်းကျေးရွာစခန်း၌ တစ်ဦး၊ ဆန္ဒင်းကုန်းအင်းသာကျေးရွာ စခန်းတွင် တစ်ဦး၊ ဟိုပင်မြို့တွင် သုံးဦး၊ ကြာကြီးကွင်းကျေးရွာ စခန်းတွင် ၃၉ ဦးနှင့် ထုံးရေပေါက်ကျေးရွာစခန်းတွင် နှစ်ဦးဖြစ်ကြောင်း၊ သက်ဆိုင်ရာ ကန့်သတ်စောင့်ကြည့်ရေးစခန်းများ၌ ၎င်းတို့အား ကိုယ်အပူချိန်တိုင်းတာ စစ်ဆေးခြင်းနှင့် ကိုယ်ရေးအချက်အလက်များရယူခြင်းများကို စနစ်တကျ ဆောင်ရွက်၍ လက်ခံထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် တရုတ်နိုင်ငံအတွင်း အကြောင်း အမျိုးမျိုးကြောင့် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများအား တရုတ်နိုင်ငံမှ ပြန်လွှတ်နေသဖြင့် မြန်မာနိုင်ငံက ပြန်လည်လက်ခံလျက်ရှိရာ ဧပြီ ၁၆ ရက်မှစ၍ ကန်ပိုက်တီးမြို့ နယ်စပ်စစ်ဆေးရေးဂိတ်နှင့် လွယ်ဂျယ်မြို့ နယ်စပ်စစ်ဆေးရေးဂိတ်များ၌ စနစ်တကျ စိစစ်လက်ခံလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



မိုးညှင်းမြို့သို့ တရုတ်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသူများ

# သမိုင်းဝင် မွေတော်ကက္ကူဘုရားနှင့် အနီးတစ်ဝိုက်၌ ပိုးသတ်ဆေးဖျန်း

**ကျောက်တလုံးကြီး ဧပြီ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျောက်တလုံးကြီးမြို့နယ် ကက္ကူကျေးရွာအုပ်စုရှိ သမိုင်းဝင် မွေတော်ကက္ကူဘုရားနှင့် အနီးတစ်ဝိုက် နေရာများ၌ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ဧပြီ ၁၈ ရက်က ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကက္ကူကျေးရွာအုပ်ချုပ်ရေးမှူး ဦးခွန်ကျော်ဆန်း ဦးဆောင်၍ ကက္ကူကျေးရွာကြက်ခြေနီတပ်ဖွဲ့ဝင်များက ပိုးသတ်ဆေးများဖျန်းခဲ့ခြင်းဖြစ်ကာ အခြေခံပညာအလယ်တန်းကျောင်း(ကက္ကူ)၊ ကက္ကူဘုရားဈေး၊ မွေတော်ကက္ကူဘုရားအတွင်း လှျောက်လှမ်းများ၊ ဘုရားစောင်းတန်းများ၊ ဘုရားအပြင် ပရိဝုဏ်ရှိ နားနေခုံများနှင့် ဗုဒ္ဓရက္ခိတ ကျောင်းတိုက်တို့၌ ဆေးများဖျန်းခဲ့ကြောင်း၊ ဆေးဖျန်းမှုကို ကျောက်တလုံးကြီးမြို့ အုပ်ချုပ်ရေးမှူး ဦးစောချမ်းနှင့် ကျောက်တလုံးကြီးနယ်မြေ မီးသတ်စခန်းမှ တာဝန်ခံဦးသားငယ်တို့က လာရောက်ကြည့်ရှုကာ ပိုးသတ်ဆေးဖျန်းရာတွင် လိုအပ်သည့် အသုံးအဆောင်များနှင့် အားဖြည့်အချိုရည်များ ထောက်ပံ့ပေးခဲ့ကြောင်းသိရသည်။

ခွန်အာကာ(ကျောက်တလုံး)



# မယ်စဲ့မြို့နယ်မှ နယ်စပ်ဂိတ်များ၌ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ကြပ်မတ်ဆောင်ရွက်လျက်ရှိ

**မယ်စဲ့ ဧပြီ ၁၈**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် အိမ်နီးချင်းထိုင်းနိုင်ငံမှ မယ်စဲ့မြို့နယ်အတွင်းသို့ တရားမဝင်နယ်စပ်ဝင်ပေါက်/ထွက်ပေါက်များမှ ပြန်လည် ဝင်ရောက်လာမည့်သူများအား ပိတ်ဆို့စစ်ဆေးနိုင်ရေးအတွက် မြို့နယ်အဆင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် စစ်ဆေးရေးဂိတ်များ ဖွင့်လှစ်ကာ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါစစ်ဆေးရေးဂိတ်များကို ဘော်လခဲခရိုင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းအောင်နှင့် တာဝန်ရှိသူများ၊ မြို့နယ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်းနှင့် ကော်မတီဝင်များက ဧပြီ ၁၈ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

မယ်စဲ့မြို့နယ်အတွင်း၌ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ဌာနဆိုင်ရာများ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ နမ့်မန်းစစ်ဆေးရေးဂိတ်နှင့် မယ်ဆည်နမ်စစ်ဆေးရေးဂိတ်တို့ကို ဖွင့်လှစ်ထားကာ ခရီးသွားပြည်သူများအား လက်ဆေးစေခြင်း၊ ကိုယ်အပူချိန် တိုင်းတာခြင်း၊ ခရီးသွားရာဇဝင် မေးမြန်း၍ အချက်အလက် မှတ်တမ်းရယူခြင်း လုပ်ငန်းများကို နေ့/ည စိစစ်ဆောင်ရွက်လျက်ရှိပြီး စစ်ဆေးရေးဂိတ်များတွင် ထူးခြားမှုတစ်စုံတစ်ရာရှိပါက အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်အကြောင်းကြားရန်နှင့် စစ်ဆေးရေးအဖွဲ့အတွက် လိုအပ်ချက်များ ရှိပါကလည်း မြို့နယ် ကိုဗစ်-၁၉ ကော်မတီထံသို့ တင်ပြကြရန် ခရိုင်အုပ်ချုပ်ရေးမှူးက မှာကြားသည်။

ထို့ပြင် အဂတိလိုက်စားမှုများ မဖြစ်ပေါ်စေရေးအတွက်လည်း နယ်စပ်စစ်ဆေးရေးဂိတ်များ၌ နယ်စပ်ဝင်ထွက်မှုများကို အဂတိလိုက်စား၍ ခွင့်ပြုသည်ဟု ကြားသိရပါက ဆက်သွယ်တိုင်ကြားနိုင်မည့် ဖုန်းနံပါတ်များပါရှိသော ဗီနိုင်းများ စိုက်ထူချိတ်ဆွဲ အသိပေးထားကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)



မြို့နယ်အတွင်းသို့ ဝင်ရောက်မည့်သူများအား နယ်စပ်ဂိတ်တစ်ခု၌ စစ်ဆေးနေစဉ်။

# အင်းစိန်မြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်၍ ဆက်လက်ဆောင်ရွက်

**ရန်ကုန် ဧပြီ ၁၈**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းသန်းနှင့် အဖွဲ့သည် အင်းစိန်မြို့နယ်အတွင်းရှိ စည်ပင်ဝန်ထမ်းအိမ်ရာဖြစ်သော စံပြချမ်းမြေ့အိမ်ရာသို့ သွားရောက်၍ ရောဂါကြိုတင်ကာကွယ်ရေးအတွက် အိမ်ရာဝင်း ဂိတ်ဝ အဝင်အထွက်၌ လက်ဆေးဘေစင် ထားရှိမှုများ၊ ကိုယ်အပူချိန် တိုင်းခြင်းများ၊ ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရန် ရေမြောင်းရှင်းလင်းထားရှိမှုများနှင့် ကသွယ်ချောင်း ရေစီးရေလာကောင်းမွန်ခြင်းရှိ/မရှိတို့ကို သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

ဇွဲထက်ကို(ပြန်/ဆက်)

# ငဖဲမြို့ပေါ် ဘုန်းတော်ကြီးကျောင်းများ၌ ပိုးသတ်ဆေးဖျန်း

**ငဖဲ ဧပြီ ၁၈**

မင်းဘူးခရိုင် ငဖဲမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ မြို့နယ် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးကော်မတီဝင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးချစ်မောင်မောင်ဦးနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးနိုင်လင်းဦးတို့ ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များက ဧပြီ ၁၇ ရက် ညနေပိုင်းတွင် ငဖဲမြို့ပေါ်ရပ်ကွက်ရှိ မဟာသမယာရာမိက ပဋ္ဌိယတ္တိ ကျောင်းသစ်ကျောင်း၊ မြို့မကျောင်း၊ ကံသစ်ကျောင်း၊ ကျောင်းတွင်းကျောင်းနှင့် ရောင်ခြည်ဦးဘုန်းတော်ကြီးကျောင်းတို့၌ ပိုးသတ်ဆေးများဖျန်းပေးခဲ့ကြောင်း သိရသည်။

မယု(ငဖဲ)

# ထန်တလန်မြို့၌ ကိုဗစ်-၁၉ ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်

**ထန်တလန် ဧပြီ ၁၈**

ချင်းပြည်နယ် ထန်တလန်မြို့နယ်အတွင်း၌ ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများကို လှည့်လည်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၈ ရက်တွင် အမှတ်(၂) ရပ်ကွက်ရှိ ဗိုလ်ချုပ်လမ်းဆုံ၌ ဒေသခံပြည်သူများအား အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်အဆင့် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာထွန်းပွားနှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ ပူးပေါင်း၍ ဒေသခံပြည်သူများအနေဖြင့် တတ်နိုင်သမျှ နေအိမ်၌သာ နေထိုင်ကြရန်၊ အိမ်ပြင်ထွက်ပါက နှာခေါင်းစည်းတပ်ဆင်ပြီးမှ သွားလာကြရန် စသည့် အချက်များနှင့်အတူ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ ရှောင်ရန်၊ဆောင်ရန် အချက်များနှင့် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ကြရန်၊ ထန်တလန်မြို့နယ် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ် ကုသရေးကော်မတီက ထုတ်ပြန်ထားသည့် ဒေသန္တရအမိန့်များကိုလည်း လေးစားလိုက်နာကြရန် စသည်တို့ကို အသိပညာပေး ပြောကြားခဲ့ခြင်း ဖြစ်သည်။

ထန်တလန်မြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းများအဖြစ် မြို့အဝင်အထွက်ဖြစ်သော လိုင်ပေါင်းလုံဂိတ်၌ သက်ဆိုင်သည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ ပူးပေါင်း၍ ခရီးသွားပြည်သူများအား ကိုယ်အပူချိန် တိုင်းတာစစ်ဆေးခြင်း၊ နေရပ်လိပ်စာနှင့် သွားရောက်မည့် ခရီးစဉ်များကို မှတ်တမ်းရေးသွင်းခြင်း စသည့်လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။

မြို့နယ်(ပြန်/ဆက်)



## အသိပေးကြေညာခြင်း

COVID-19 ကူးစက်မြန်ရောဂါနှင့် ပတ်သက်၍ လိုအပ်သည့် ကိစ္စရပ်များအပေါ် အများပြည်သူများ သတင်းပေးဆက်သွယ်နိုင်ရန် Corona-virus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အတွင်းရေးမှူးရုံးအဖွဲ့၏ တယ်လီဖုန်းနံပါတ် ၀၆၇၃-၄၁၂၇၁၂ နှင့် ၀၆၇၃-၄၁၂၇၁၈ တို့အား Hotline ဖုန်းများအဖြစ် သတ်မှတ်ထားရှိပါသည်။ အဆိုပါ Hotline ဖုန်းများအား (၂၄) နာရီ ဖွင့်လှစ်ထားပါ၍ သတင်းပေးဆက်သွယ်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**Coronavirus Disease 2019 (COVID-19)**
**ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## ကာကွယ်ရေးနည်းလမ်းများဆိုင်ရာ အသိပေးကြေညာချက်

COVID-19 ကူးစက်မြန်ရောဂါကို ကာကွယ်ဖို့ အကောင်းဆုံးနည်းလမ်းတွေကတော့-

- နေထိုင်သွားလာရာတွင် လူတစ်ဦးနှင့်တစ်ဦး အနည်းဆုံး သုံးပေအကွာ ခပ်ခွာခွာ ရှိနေစေရန် သတိပြုပါ။
- လက်ကို စနစ်တကျဆေးပါ၊ မကြာခဏဆေးပါ၊ သတိရတိုင်းဆေးပါ။
- တတ်နိုင်သလောက် မိမိလက်နဲ့မျက်နှာကို မထိတွေ့စေဖို့ သတိပြုပါ။
- နှာချေလျှင်၊ ချောင်းဆိုးလျှင် နှာခေါင်းနှင့်ပါးစပ်တို့ကို တစ်ရှူးဖြင့်အုပ်၍ ဆိုးပါ။ တစ်ရှူးမရနိုင်ပါက လက်မောင်း၊ တံတောင်ကွေးကို အသုံးပြုပါ။
- မိမိပတ်ဝန်းကျင်၊ အိမ်၊ အလုပ်နေရာများတွင် သန့်ရှင်းရေးကို စနစ်တကျ ပုံမှန်ပြုလုပ်ပါ။ သန့်ရှင်းရေး ပြုလုပ်နေစဉ် လေဝင်/လေထွက်ကောင်းအောင် ဆောင်ရွက်ထားပါ။
- မျှတသော အာဟာရကို ရွေးချယ်စားသုံးပါ။
- အိပ်ချိန်လုံလောက်စွာ အိပ်စက်အနားယူကြပါရန် အသိပေးနှိုးဆော်အပ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## ဥပဒေများကို လိုက်နာရန် အသိပေးကြေညာချက်

- COVID-19 ကူးစက်ရောဂါ ပြန့်ပွားမှုကို ထိန်းချုပ်ရန် အများပြည်သူ လိုက်နာရမည့် ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို တိတိကျကျ လိုက်နာပါ။
- အများပြည်သူ အထိတ်တလန့်ဖြစ်စေမည့် မဟုတ်မမှန် သတင်းများ လွှင့်ခြင်း မပြုလုပ်ကြပါနှင့်။
- အရေးကြီးကုန်ပစ္စည်းများအဖြစ် သတ်မှတ်လိုက်သည့် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများကို ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြင့်တင်ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း စသည်တို့ကို မပြုလုပ်ကြပါနှင့်။
- ဖော်ပြပါအချက်များကို လိုက်နာမှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများအရ အရေးယူခြင်း ခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## ငါးမွေးမြူရေးကန်များ အပူချိန်မြင့်ထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော် လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော် လည်းကောင်း၊ ရေထုညစ်ညမ်းပြီးဆက်စပ်၍ ငါးရောဂါ ကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံ ကျွေးခြင်းကို လျှော့ချရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက် နောက်ကျသော ရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခပ်ခြင်း၊ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လှေလှော်ပေးခြင်း စသည့် နည်းလမ်းများကို ရေတွင်ပျော်ဝင်အောက်ဆီဂျင် မြင့်တက်စေရေး ဆောင်ရွက်ပေးရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးရန်။
- ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများ ကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေး မြင်ရသော အခြေအနေ ရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးရန်။
- အစာကျွေးပြီးပါက အစာကျန်များ ရှိ/ မရှိကို ပုံမှန်စစ်ဆေးရန်။
- မွေးမြူရေးကန်ကို လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန်ကန် စီစဉ်ထားရှိပြီး ရေများ ရနိုင်သမျှ သိုလှောင်ထားရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်း မျိုးများ ဖြစ်ပေါ်လာသည်ကိုတွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန


### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တပ်ကုန်းမြို့၊ ရှောက်ကုန်းအုပ်စု၊ ပုဏ္ဏမာကျေးရွာနေ ဦးလှိုင်မောင်-ဒေါ်ဌေးဌေးမြင့် တို့၏သား မောင်ရှိုင်းကိုကို ၉/တကန (နိုင်) ၂၁၅၀၀၆ သည် မိဘအပေါ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး နေအိမ်မှထွက်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးလှိုင်မောင်-ဒေါ်ဌေးဌေးမြင့်

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ရပ်ကွက်(၁)၊ အကွက်အမှတ်(နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင်အမှတ်(၄၉၆)၊မြေရိယာ ၀ ဒသမ ၀၉၆ ဧကရှိ မြေအားအမှုတွဲအမှတ် ၅၆၉-၅/၁၉၉၆-၁၉၉၇ (စီ)အရ ဒေါ်မြင့်မြင့်အမည်ပေါက် ပိုင်ဆိုင်ပြီး ၎င်းမြေဂရန်စာချုပ်သည် နေအိမ်ပြောင်းရွှေ့ရာတွင် ပျောက်ဆုံးသွားပါကြောင်း ဒေါ်မြင့်မြင့်ကွယ်လွန်သွားပြီဖြစ်သဖြင့် ၎င်း၏ကိုယ်စား ဦးခင်ညွန့် ၁၃/လရန(နိုင်)၀၈၉၇၀၀ က တရားဝင်ခင်ပွန်းဖြစ်ကြောင်း တရားရုံး၌ ကျမ်းကျိန်၍ မြေငှားဂရန် မိတ္တူမှန်ကူးယူခွင့် လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိက ရက်ပေါင်း ၃၀ အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
လားရှိုးမြို့


## မေတ္တာရပ်ခံပန်ကြားလွှာ

၁။ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူလမ်း၊ အမှတ် ၄၅၅၊ မြန်မာမွတ်စလင်မ် အမျိုးသမီးသာသနာ့ရိပ်သာသည် လွန်ခဲ့သည့် နှစ်ပေါင်း(၆၀)ကျော်မှ ယနေ့အထိ တည်ရှိလျက်ရှိပါသည်။

၂။ အဆိုပါအမျိုးသမီးသာသနာ့ရိပ်သာကို ယခုအခါ သာသနာရေးဝန်ကြီးဌာန၏ တာဝန်ပေးချက်အရ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးငါးဖွဲ့မှ တာဝန်ယူစီမံခန့်ခွဲအုပ်ချုပ်လျက်ရှိပါသည်။

၃။ အထက်ပါအမျိုးသမီးသာသနာ့ရိပ်သာတွင်းရှိ အားကိုးရာမဲ့(ယသင်မ်)မိန်းကလေး (၆၅)ဦးရှိပါသည်။ ၎င်းတို့၏စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များကို စနစ်တကျ စီမံခန့်ခွဲလျက်ရှိပါသည်။

၄။ ဖော်ပြပါ အားကိုးရာမဲ့(ယသင်မ်)မိန်းကလေး(၆၅)ဦးအား အစိုးရအလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အတန်းပညာရပ်များကို သင်ယူစေမည့်အပြင် သာသနာ့ပညာရပ်များကိုလည်း စနစ်တကျအထူးသင်ကြားပေးလျက်ရှိပါသည်။

၅။ သို့ဖြစ်ပါ၍ အားကိုးရာမဲ့(ယသင်မ်)မိန်းကလေးများ၏ လိုအပ်ချက်များအတွက် အစ္စလာမ်သာသနာဝင် အလှူရှင်များ၏ ပံ့ပိုးကူညီမှုများသည် အထူးလိုအပ်ချက်ရှိနေပါကြောင်းနှင့် ယခုရမဇာန်(ဥပုသ်)လမြတ်တွင် လူကြီးမင်းတို့၏ ဆင်းရဲသား၊ ဒါနကြေးဖြစ်သော (ဇကားသ်၊ ဖိတရာ၊ လိလ္လာ)စသည့်အလှူငွေများကို အမျိုးသမီးရိပ်သာသို့ ပေးပို့လှူဒါန်းကြပါရန် အထူးမေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

မွတ်စလင်မ် အမျိုးသမီးသာသနာ့ရိပ်သာ(ယာယီ)
ကြီးကြပ်ရေးကော်မတီ
ဖုန်း-၀၁-၂၇၃၈၇၈၊ ၀၉-၅၀၄၇၀၀၄၊ ၀၉-၇၆၅၁၆၄၉၈၀

သစ်တော သစ်ပင် ဒီချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး


## မိုးရာသီတွင်ဖြစ်ပွားတတ်သောရောဂါများ ဒေဝယက္ခမန်းဆေးနဲ့ကာကွယ်ပါ

**အဖုအကျိတ်ဆိုပေါင်ဒါဖူးထဲထည့်လို့ရအောင် မှုန့်သွားမယ်**

မိုးဦးကျရာသီဖြစ်၍ သရက်သီး၊ ပိန္နဲသီး၊ ဒူးရင်းသီး၊ ကြက်မောက်သီး၊ မင်းဂွတ်သီး၊ နာနတ်သီး စသည့်ရာသီစာများကို မဆင်မခြင်စားသုံးခြင်းကြောင့် အဖုအကျိတ်အမျိုးမျိုး၊ ယားနာများ၊ ဝမ်းပျက်ဝမ်းလျော၊ ဝမ်းနှင့်ပတ်သက်သည့်ရောဂါများ၊ သံကောင်၊ တုတ်ကောင်များနှင့် ကူးစက်သောရောဂါများဖြစ်ပွားတတ်ပါသည်။ ဖော်ပြပါရာသီစာလွန်ကဲစွာစားသုံးခြင်းကြောင့် အဖုအကျိတ်များနှင့် ရောဂါများဖြစ်ပွားလျှင် **ဒေဝယက္ခအကျိတ်ကြေမန်းဆေး**ကို သုံးစွဲခြင်းဖြင့် ကာကွယ်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

- အမြို့မြို့ဆိုင်များတွင် လွယ်လင့်တကူရရှိနိုင်ရန် စီစဉ်ထားပါသည်။
- ရဟန်းသံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များလိုအပ်ပါက အလှူခံတော်မူကြပါ။

**ဒေဝယက္ခအကျိတ်ကြေအဏုမြူမန်းဆေး၊ ပဲခူးမြို့။ ဖုန်း-၀၉ ၅၃၀၀၁၄၁**

### ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်၊ ရုံးတောကျေးရွာအုပ်စု၊ ကွင်းအမှတ် (၅၅၆၊ အိုးဘိုကွင်း)၊ ဦးပိုင်အမှတ် (၆၈/၂)၊ ဧရိယာ သုညဒသမ၀၉၈ ဧကရှိ မြေအား ပန်းတနော်မြို့၊ အလယ်ပိုင်းရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၁)နေ ဦးဟန်ထွန်း ၁၄/ပတန(နိုင်)၀၀၄၅၂၂ မှ စက်မှု/စီးပွား မြေငှားဂရန်အသစ်ရရှိရေးအတွက် လယ(၃၀)ခွင့်ပြုမိန့်၊ မြို့နယ်တရားရုံးကျမ်းကျိန်လွှာ၊ ပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာရင်း (၁-ခ)၊ ပတ်ဝန်းကျင်ထောက်ခံချက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး၏ထောက်ခံချက်၊ မြို့နယ်မီးသတ်ဦးစီးဌာန၏ထောက်ခံချက်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ ထောက်ခံချက်၊ မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၏ထောက်ခံချက်၊ မြို့နယ်လမ်းဦးစီးဌာန၏ထောက်ခံချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ထောက်ခံချက်နှင့် အခြားလိုအပ်သည့် စာရွက်စာတမ်းအထောက်အထားများနှင့်အတူ မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူ့ကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်ပြည့်မြောက်သည့် ရက်အထိကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ စက်မှု/စီးပွား မြေငှားဂရန်အသစ်ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မအူပင်မြို့

### သားအဖြစ်မှအမွေပြတ် စွန့်လွှတ်ခြင်း

ချောက်မြို့၊ အမှတ်(၁၃)နယ်မြေ၊ တောင်ရပ်အရှေ့ရပ်နေ ဦးသန်းဇော်ဦး ၈/ခမန (နိုင်) ၀၀၀၇၀၄ ၏သား မောင်ကျော်ဖုန်းမြင့် ၈/ခမန (နိုင်) ၂၂၃၅၃၅ သည်မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိဘများစိတ်နှလုံးဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှအမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအားလုံး တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဖခင် ဦးသန်းဇော်ဦး
၈/ခမန(နိုင်)၀၀၀၇၀၄

## အထူးဝမ်းနည်းကြေကွဲခြင်း

## သခင်ချန်ထွန်း

### အသက်(၉၉)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မိုးကောင်းလမ်း၊ မဟာဗောဓိပရိယတ္တိစာသင်တိုက် စတင်ဖွင့်လှစ်သည့် (၁၉၇၉)ခုနှစ်မှစတင်၍ ယခုအချိန်အထိ မဟာဗောဓိပရိယတ္တိ သာသနာပြုအသင်း နာယကကြီး၊ မဟာဗောဓိပရိယတ္တိသာသနာပြုအသင်းဥက္ကဋ္ဌအဖြစ် နှစ်ပေါင်းများစွာဆောင်ရွက်ခဲ့ပြီး ကျောင်းတိုက်အတွင်း အထူးဆောင်ရွက်၊ အထူးအားကိုး ရသော အငြိမ်းစားသံအမတ်ကြီး သခင်ချန်ထွန်းသည် ၁၆-၄-၂၀၂၀ရက်(ကြာသပတေး နေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျောင်းတိုက်သံဃာတော်များနှင့် ကျောင်းတိုက်နှင့် ဆက်စပ်သော ဒါယကာ၊ ဒါယိကာမများ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

မဟာဗောဓိပရိယတ္တိသာသနာပြုအသင်း
မဟာဗောဓိပရိယတ္တိစာသင်တိုက်
မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည်-

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာ ထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက် ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီ ရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့် အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင် ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသော နေရာ၊ အပူဒဏ်မခံစားရသော နေရာများတွင် သေချာစွာ သိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သော ပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေ ထွန်းညှိထားခြင်း၊ ဖယောင်းတိုင်မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့် ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာ စစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှ သေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှ ထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေး ကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့် အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေး ကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိ လူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူ နိုင်ရမည် ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ် ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြား ထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံး ထားရှိဆောင်ရွက် ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သော ညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ပါ။

## ဦးကျော်သောင်း

### ကျောင်းအုပ်ဆရာကြီး(ငြိမ်း)၊ အမက(၃)ပန်းဘဲတန်း ပန်းဘဲတန်းမြို့နယ် လူငယ်ဘင်ခရာကြီးကြပ်မှုကော်မတီ (အတွင်းရေးမှူး) ပန်းဘဲတန်းမြို့နယ်တရားသူကြီးဟောင်း

### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ၄/၇၀၊ မြို့ပတ်လမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်နေ (ဦးစိန်-ဒေါ်အေးမျှင်) တို့၏သား၊ ဒေါ်ဝင်းကြည်၏ချစ်လှစွာသောခင်ပွန်း၊ ဦးသန့်ဇင်-ဒေါ်မေသက်နိုင်၊ ဦးကျော်စိုးမိုး-ဒေါ်ဇင်နွယ်ထွန်း၊ ဒေါ်မေမြင့်မိုး၊ ဦးအောင်ဆန်းထွန်း-ဒေါ်အေးမြခိုင်၊ ဦးကျော်စိန်ဝင်း-ဒေါ်ခင်သန္တာထွန်း တို့၏ဖခင်၊ မြေး ခြောက်ယောက်တို့၏အဘိုး၊ ဒေါ်စိုး၊ ဒေါ်မြင့်မြင့်ခင်တို့၏အစ် ကိုသည် ၁၄-၄-၂၀၂၀ရက် (အင်္ဂါနေ့) ည ၉:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၄-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၀:၄၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးစိန်ဝင်း(ဖလေး)

### ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ဖလေးကျေးရွာ

### အသက်(၈၂)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ဖလေးကျေးရွာနေ (ဦးဘကြည်-ဒေါ်ကျင်မေ)တို့၏သား၊ အမှတ် ၇၂၊ မြို့ပတ် ၅ လမ်း၊ မြို့မ(၁)ရပ်ကွက်၊ ဒလမြို့နယ်နေ (ဒေါ်ကလီ)၏ခင်ပွန်း၊ ဦးသိန်းလွင်-ဒေါ်ခင်အေးမူ၊ ဦးသန်းဝင်း-ဒေါ်ခင်သန်းမူ၊ ဦးအောင်နိုင်-(ဒေါ်မြင့်မြင့်နိုင်) တို့၏ဖခင်၊ ဗိုလ်ကြီးဒေါ်ဝင်းသီရိဆွေ(လက်ထောက်ကထိက၊သားဖွားမီးယပ်ပညာဌာန၊ တပ်မတော်ဆေးတက္ကသိုလ်)၊ မောင်သီဟအောင်(DONG JIN Shipping Co.,Ltd)၊ မောင်ကြည်စွမ်းထူး(Uniteam Marine Co.,Ltd)၊ မယဉ်မြတ်နိုးလွင်(UIT ၊ တတိယနှစ်)၊ မအင်ကြင်းမြင့်မြတ်စု တို့၏အဘိုးသည် ၁၈-၄-၂၀၂၀ရက် (စနေနေ့) နံနက် ၈:၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## (၅)နှစ်ပြည့်လွမ်းဆွတ်အမျှပေးဝေခြင်း

### ဒုတိယဗိုလ်မှူးကြီးသူရဇော်မျိုး

MA(Eng .),(D.S.A-41)

ကြည်း-၃၁၄၈၀

(၁၉-၄-၂၀၁၅)-(၁၉-၄-၂၀၂၀)

မိဘဆွေမျိုးများကို သိတတ်သော သူငယ်ချင်းများအား ခင်မင်တတ်သောသား တိုင်းပြည်တာဝန်ကျေပွန်ခဲ့သည့် ယနေ့(၅)နှစ်ပြည့်တွင် သားအား ရည်မှန်း၍ ပြုခဲ့သော ကောင်းမှုကုသိုလ်များကို အမျှပေးဝေပါသည်။ သာဓု သာဓု သာဓု

ဖေဖေ - တရားလွှတ်တော်ရှေ့နေ ဦးသိန်းထွန်း(အခွန်) မြို့နယ်အခွန်ဦးစီးမှူး-ပတခ(ငြိမ်း)
မေမေ - ဒေါ်သန္တာတင် (CORAL TIN)
မိသားစု

## ဒေါ်စိန်မေ(ကြီးမေ)(မန္တလေး)

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

### အသက်(၉၆)နှစ်

မန္တလေးမြို့၊ ၂၉လမ်း၊ ဒေါင်းရိုးရပ်နေ (ဦးပေါ-ဒေါ်အုန်းခင်)၊ (ဦးဖြိုး-ဒေါ်သိန်းတင်)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ အမှတ်(၁၃)၊ ယိုးဒယားလမ်း၊ ၉ မိုင်၊ မရမ်းကုန်းနေ (ဦးကြီးမြင့်)၊ ဗိုလ်မှူးကြီး အုန်းမောင်မောင်(ငြိမ်း) [ပါမောက္ခဌာနမှူး၊ ခွဲစိတ်ပညာဌာန၊ တပ်မတော်ဆေးတက္ကသိုလ်(မင်္ဂလာဒုံ)]၊ ဦးမောင်ဖေ(ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ ပြန်/ဆက်ဦးစီးဌာန)-ဒေါ်လှမေမြင့်တို့၏ချစ်လှစွာသောအစ်မကြီး၊ ကိုအောင်ပြည်စိုး-မမေသူဖေ (Aung Pyi Entertainment)၊ ဗိုလ်ကြီးအာကာဖေ [ဆရက ၁/၁၀၀၀(မင်္ဂလာဒုံ)၊ ကိုဝေယံဖေ(Square Age Creative)တို့၏ကြီးဒေါ်၊ မရှင်းသန့်ဝေဖူး၏ဘွားဘွားသည် ၁၈-၄-၂၀၂၀ရက်(စနေနေ့) ညနေ ၅:၅၅နာရီတွင် အမှတ်(၃၁၆၃)၊ သရဖီလမ်း၊ ဥတ္တရသီရိနေအိမ်တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၂၀ရက် (တနင်္လာနေ့) မွန်းလွဲ ၂:၄၀ နာရီတွင် နေပြည်တော်ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်/ ဘဲ/ငုံးခြံများတွင် အဆိုပါရောဂါ ကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု ဆောင်ရွက်ရန်၊

(ခ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဂ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူနှင့် ယာဉ်အဝင်/အထွက် ထိန်းချုပ်ရန်၊

(ဃ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/ လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊

(င) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(စ) ကြက်၊ ငှက်များကိုကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(ဆ) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(ဇ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေး အဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဈ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန

## ဦးလွင်သိန်း(ခ)ဦးသိန်းလွင်(ခ)တန်လျောင်တိုတ်

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

### ရွှေပုလဲသွင်း ကုန်ထုတ်လုပ်ငန်း(၁၉၉၅-၂၀၀၁)

### အသက်(၈၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နေ (ဦးစင်းငါး-ဒေါ်မြင့်နန်း)တို့၏သား၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နေ (ဦးတော်ဝါး-ဒေါ်ကျင်မြိုင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၁၉လမ်း၊ အမှတ် ၁၃၁နေ ဒေါ်အမ်အင်ကြည်၏ ခင်ပွန်း၊ ဒေါက်တာမြတ်လွင် [ပါမောက္ခ(အငြိမ်းစား)အရိုးရောဂါပညာဌာန၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်]- ဒေါက်တာသင်းသင်းမော်၊ ဒေါ်ညိုညိုလွင်၊ဒေါ်သီသီလွင်(အောင်မှန်နာရီဆိုင်၊ သိမ်ကြီးဈေး- ဒီရုံ)တို့၏ဖခင်၊ ဒေါက်တာလွင်လွင်နိုင်(M.B,B.S(Ygn),MBA(UK),M.Sc International Health and Hospital Management(London, UK)၏အဘိုးသည် ၁၀-၄-၂၀၂၀ရက် နံနက်တွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ဦးလွင်သိန်းသည် ရန်ကုန်မြို့ နန်ယန်တရုတ်အထက်တန်း(ကုက္ကိုင်း)ကျောင်းထွက် ဖြစ်ပြီး ရန်ကုန်မြို့၊ လသာလမ်းရှိ အိန်းချွမ်းတရုတ်ဘုရားကျောင်း(အတွင်းရေးမှူးချုပ်၊ အငြိမ်းစား)နှင့် စွန့်တေတရုတ်ဘုရားကျောင်းတို့တွင် ဘုရားကျောင်း ဘုံလူကြီးအဖြစ် လည်းကောင်း၊ စွန့်တေဘုရားကျောင်းရှိ စွန့်တိမြောက် တရုတ်စာသင်ကျောင်းတွင် ကျောင်းအုပ်ကြီးအဖြစ် (၁၃)နှစ်ကြာ မေတ္တာဖြင့် စေတနာ့ဝန်ထမ်းဆောင်ရွက်ပေးခဲ့ပါ သည်။ ကွယ်လွန်ခြင်း ရက်လည်နေ့ဖြစ်သော မြန်မာသက္ကရာဇ် ၁၃၈၂ နှစ်ဆန်း တစ်ရက် နေ့၊ ၁၇-၄-၂၀၂၀ရက်တွင် နေအိမ်၌ ဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်း၊ သင်္ကန်းများကိုကပ်လှူပြီး ငါးပါးသီလခံယူခြင်း၊ ပရိတ်တရားတော်နှင့် အနုမောဒနာ တရားများနာကြားပြီး ရေစက်သွန်းချအမျှပေးဝေပြီး ဖြစ်သောကြောင့် ပြုခဲ့သမျှ ကုသိုလ် အစုစုကို ပါပါး ဦးလွင်သိန်း ကောင်းမွန်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

အားလုံးကြားကြားသမျှ
အမျှ အမျှ အမျှ
သာဓု သာဓု သာဓု

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်လှ (တာပွန်၊ နတ်တလင်း)

### ကျောင်းအုပ်ဆရာမကြီး(ငြိမ်း) အလက(၁) အင်းစိန်၊ အလက(တော်ကလိပ်) အလက(၄)၊ အထက(၄)၊ အထက(၁)တောင်ဥက္ကလာပ

### အသက်(၈၂)နှစ်

ရန်ကုန်မြို့နေ (ဦးမြမောင်-ဒေါ်တင်ရွှေ)တို့၏ သမီး၊ ဆင်ပေါင်ဝဲမြို့နေ (ဝဏ္ဏကျော်ထင် ဦးဘိုးမြိုင်-ဒေါ်သိန်းခင်)တို့၏ချွေးမ၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၊ (၉)ရပ်ကွက်၊ ကျော်သူ ၂၅လမ်း၊ အမှတ် ၁၇ နေ (ဦးထွန်းရှိန်)၏ဇနီး၊ ဦးဌေးလွင်(မန်နေဂျာ၊ TMIT )-ဒေါ်အေးမြတ်ခိုင် (CSO / ငြိမ်း)၊ ဦးအောင်ကိုကို-ဒေါ်သန္တာထွန်းတို့၏မိခင်၊ ကိုလျှမ်းပြည့်ဦး (P.I.L Shipping Line )၊ ကိုလွင်ထွန်းအေး(P.I.L Shipping Line)၊ မမေဘုန်းအောင်(Final Part I UM-1 )တို့၏ အဘွားသည် ၁၇-၄-၂၀၂၀ရက် (သောကြာနေ့)နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးစိုးဝင်းတင် (LL.B)

### အသက် (၆၁)နှစ်

ဗြိတိန်နိုင်ငံ၊ လန်ဒန်မြို့နေ ဒေါ်မင်းမင်းစံ(ခ)ပဲပဲ၏ချစ်လှစွာသောခင်ပွန်း၊ သဲနှင်းအိမ်စံ၊ မေသဒ္ဒါစံတို့၏ဖခင် ဦးစိုးဝင်းတင်သည် ၁၀-၄-၂၀၂၀ရက် ဒေသစံတော်ချိန် ညနေ ၃:၁၂ နာရီတွင် လန်ဒန်မြို့၌ ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု-လန်ဒန်

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးစိုးဝင်းတင် (LL.B)

### အသက် (၆၁)နှစ်

၁၀-၄-၂၀၂၀ရက်တွင် လန်ဒန်မြို့၌ ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးအောင်ဘော် (တရားလွှတ်တော်ရှေ့နေ)
ဒေါ်အေးအေးစိုး(တရားလွှတ်တော်ရှေ့နေ)
သန္တာအောင် (M.Sc Covertry, University UK)

## ကိုချစ်မင်းသူ အသက်(၃၁)နှစ်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ စည်ပင်ဝန်ထမ်းအိမ်ရာ၊ တိုက်(A-2)၊ အခန်း ၂၁နေ ဦးမင်းအောင်(နေပြည်တော်စည်ပင် လက်ထောက်ညွှန်ကြားရေးမှူး)-ဒေါ်ခင်နှင်းသက်၊ မောင်ထက် မင်းသူ၏ အစ်ကိုသည် ၁၇-၄-၂၀၂၀ရက် (သောကြာနေ့) ည ၇:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၄-၂၀၂၀ရက်(စနေနေ့) မွန်းလွဲ ၁ နာရီတွင် ကွေ့ကြီးသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## သင့်သွေးဖြင့် အသက်ကယ်ပါ

# ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အမိန့်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**
**အမိန့်အမှတ်၊ ၃၈/၂၀၂၀**
**၁၃၈၂ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၈ ရက်)**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019 – COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရန်အတွက် အချို့သော မြို့နယ်များတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း အောက်ပါမြို့နယ်များတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင် နေထိုင်ရေး (Stay at Home)အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည်–

(က) တောင်ဥက္ကလာပမြို့နယ်၊
(ခ) ပန်းဘဲတန်းမြို့နယ်၊
(ဂ) ဗဟန်းမြို့နယ်၊
(ဃ) မရမ်းကုန်းမြို့နယ်၊
(င) အင်းစိန်မြို့နယ်၊
(စ) ရွှေပြည်သာမြို့နယ်၊
(ဆ) လှိုင်သာယာမြို့နယ်။

၃။ အဆိုပါ မြို့နယ် ၇ မြို့နယ်ရှိ နေအိမ်တွင် နေထိုင်ရေး (Stay at Home)အစီအစဉ်တွင် အကျုံးဝင်သော ပြည်သူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည်–

(က) မိမိနေအိမ်တွင်သာနေထိုင်ရန် (အစိုးရဌာန၊အဖွဲ့အစည်းများ၊ ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများမပါ)
(ခ) မဖြစ်မနေ ဈေးဝယ်ရန်အတွက် တစ်အိမ်လျှင် တစ်ဦးသာ သွားရောက်ရန်၊
(ဂ) ဆေးရုံ၊ ဆေးခန်း သွားရောက်ရန်ရှိပါက တစ်အိမ်လျှင် နှစ်ဦးသာ သွားရောက်ရန်၊
(ဃ) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်/ နှာခေါင်းစည်း (mask) တပ်ရန်၊
(င) တာဝန်ထမ်းဆောင်ရန်သွားရောက်/ ပြန်လာမည့်သူများကို ပို့ဆောင်မည့် ယာဉ်များနှင့် ဖြတ်သန်းခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန်သွားလာခွင့်ပြုရန်၊
(စ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင်တစ်ဦး၊ ဆေးရုံ ဆေးခန်း သွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာ သွားရောက်ရန်၊

၄။ အပိုဒ် ၃ အပိုဒ်ခွဲ(ခ)၊ (ဂ) နှင့် (စ) တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင်ဖြစ်စေ၊ အခြား အရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန် ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့် သွားလာရန်နှင့် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှ လည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက်ခွင့်မပြုရန် ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန် ပျက်ကွက်ပါက ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

၆။ ဤအမိန့်သည် ၁၈–၄–၂၀၂၀ ရက်၊ ညနေ ၆ နာရီ အချိန်မှ စတင်သက်ရောက်သည်။

**ဒေါက်တာမြင့်ထွေး**
**ပြည်ထောင်စုဝန်ကြီး**

## ကိုဗစ်- ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပြင်ဦးလွင်၌ အရှိန်အဟုန်မြှင့်ဆောင်ရွက်

ပြင်ဦးလွင် ဧပြီ ၁၈

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်အတွင်း ကိုဗစ် –၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို နေ့စဉ် နေ့/ည တာဝန်များခွဲကာ မိမိတို့မြို့၊ ရပ်ကွက်၊ ကျေးရွာများရှိ အဝင်၊ အထွက်နေရာများတွင် ကျန်းမာရေးစောင့်ကြည့်စင်တာများကို ကျန်းမာရေးညွှန်ကြားချက်နှင့်အညီ ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကျန်းမာရေးစောင့်ကြည့်စင်တာများတွင် ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လုံခြုံရေး တာဝန်ခံများနှင့် တာဝန်ရှိသူများက မိမိတို့ တာဝန်များအလိုက် မိမိမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ ဝင်ရောက်လာသည့် မော်တော်ယာဉ်၊ ဆိုင်ကယ်တို့ကို ပိုးသတ်ဆေးပက်ဖျန်းခြင်း၊ ပြည်သူများအား လက်ဆေးဆပ်ပြာရည်ဖြင့် လက်ကို သန့်စင်အောင် ဆေးကြောပေးခြင်း၊ ကိုယ်အပူချိန်တိုင်းခြင်းနှင့် လိုအပ်သည်များကို မေးမြန်း၍ ကျန်းမာရေး ညွှန်ကြားချက်များ လိုက်နာရန် အသိပေး ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

*စာမျက်နှာ ၆ ကော်လံ ၅* ✳






## ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကျိုင်းတုံမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ကျန်းမာရေးထောက်ပံ့ပစ္စည်းများ၊ အခြေခံ စားသောက်ကုန်များ ထောက်ပံ့ပေးအပ်

ကျိုင်းတုံ ဧပြီ ၁၈

ကိုဗစ်–၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီနှင့် ကမ္ဘောဇဘဏ်တို့ ပူးပေါင်းပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ဧပြီ ၁၈ ရက် နံနက် ၈ နာရီခွဲက ကျန်းမာရေးထောက်ပံ့ပစ္စည်းများနှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်သည်။ **(အပေါ်ပုံ)**

ပေးအပ်ပွဲတွင် ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီနှင့် ကမ္ဘောဇဘဏ်တို့ ပူးပေါင်းပြီး ရှမ်းပြည်နယ်အရှေ့ပိုင်းအတွက် ဆန်အိတ် ၁၀၀၀ နှင့် ကျိုင်းတုံပြည်သူ့ဆေးရုံကြီးအတွက် ရောဂါကာကွယ်ရေးဝတ်စုံ ၆၀၊ ဆေးရုံသုံးနှာခေါင်းစည်း ၁၀၀၀၊ လက်အိတ် ၁၀ သေတ္တာ၊ Antibody Test Kit(Colloidal Gold) ၁၅၀၊ အပူချိန်တိုင်းကိရိယာခြောက်ခု၊ Goggle ၁၈ ခု၊ လက်အိတ်ရှည် ၁၀ ခု၊ ပိုးသတ်ဆေးမှုန့်နှစ်ပုံး၊ အသက်ရှူအထောက်အကူပြုကိရိယာတစ်လုံးတို့ကို ထောက်ပံ့ပေးအပ်လှူဒါန်းပြီး

*စာမျက်နှာ ၆ ကော်လံ ၅* ❄

မကွေး၌
လေပြင်းတိုက်မှုကြောင့်
ပျက်စီးခဲ့သည့် နေအိမ် ၂၃၀
အတွက် ထောက်ပံ့
စာ ၉

## ဂျူဗင်တပ်စ်နှင့် စာချုပ်သစ် ချုပ်ဆိုရန် ဘတ်ဖွန် သဘောတူညီ

ဝါရင့်ဂိုးသမား ဘတ်ဖွန် (၄၂ နှစ်) သည် ဂျူဗင်တပ်စ်အသင်း၌ စာချုပ်သစ်ချုပ်ဆိုရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း ဧပြီ ၁၈ ရက်က သတင်းများတွင် ဖော်ပြထားသည်။ ဘတ်ဖွန်သည် ဂျူဗင်တပ်စ်အသင်းနှင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ပါက တူရင်၌ ၁၉ ရာသီမြောက် ဖြစ်လာဖွယ်ရှိနေပြီး ကစားသမားဘဝတစ်လျှောက်တွင်လည်း ၂၆ ရာသီမြောက် ဖြစ်လာဖွယ်ရှိနေသည်။

ဘတ်ဖွန်သည် ဂျူဗင်တပ်စ်အသင်းနှင့် စာချုပ်သစ်ချုပ်ဆိုရန် နီးစပ်လာပြီဖြစ်သည်။ ၎င်းသည် တူရင်၌ ပထမဂိုးသမားနေရာအတွက် ပုံမှန်ပွဲထွက်ခွင့်ရရန် ရုန်းကန်နေရသော်လည်း အသင်းအတွက် အရေးကြီးသည့် အခန်းကဏ္ဍတွင် ရှိနေသေးသည်။

နံပါတ်တစ်နေရာ၌ ပုံမှန်ပွဲထွက်ခွင့်ရရှိထားသူမှာ ဆက်ဇီနီဖြစ်သည်။ ထို့ကြောင့် နံပါတ်တစ် ဂိုးသမားနေရာအတွက် ဆက်ဇီနီနှင့် အပြိုင်ကြိုးပမ်းသွားရဖွယ် ရှိနေသည်။ ဘတ်ဖွန်သည် ယခုနှစ်ရာသီတွင် ၁၁ ကြိမ် ပါဝင်ကစားထားပြီး သုံးပွဲ ဂိုးမပေးရအောင် ကစားထားနိုင်သည်။ **အောင်ဇော်**